www.burmeseclassic.com

စိန်သရဖူစာပေ

BURMESE CLASSIC .com

# မောင်လှမျိုး

(ချင်းချောင်းခြံ)

## သင်နှင့်မသက်ဆိုင်တော့သည့် မနက်ဖြန်၏ နောက်ဆုံးသတင်း

အသစ်စက်စက်လုံးချင်းဝတ္ထု

www.burmeseclassic.com

www.burmeseclassic.com

စီစဉ်သူ တင်တင်အုန်း

စိန်သရဖူ စာပေ

အမှတ်(၆၆)၊ ပထမထပ်၊
၆-လမ်း။ လမ်းမတော်မြို့နယ်။
ရန်ကုန်မြို့။ ဖုန်း - ၂၂၂၈၇၅၂

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com

တင်တင်အုန်းစီစဉ်သည်

စိန်သရဖူ စာပေ

အမှတ်(၆၆)၊ ပထမထပ်၊ ၆-လမ်း။

လမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း - ၂၂၁၇၅၂



# မောင်လူပျိုး

ချင်းချောင်းခြံ

သင်နှင့်မသက်ဆိုင်တော့သည့် မနက်ဖြန်ခါနောက်ဆုံးသတင်



BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com

**ဒို့တာဝန်အရေးသုံးပါး**

ပြည်ထောင်စု မပြိုကွဲရေး — ဒို့အရေး
တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး — ဒို့အရေး
*အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး* — ဒို့အရေး

**ပြည်သူ့သဘောထား**

ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

**နိုင်ငံရေးဦးတည်ချက် (၄) ရပ်**

နိုင်ငံတော် တည်ငြိမ်ရေး ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေ စိုးမိုးရေး။
အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး။
ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး။
ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ခု တည်ဆောက်ရေး။

**စီးပွားရေးဦးတည်ချက် (၄) ရပ်**

စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး။
ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင် ရှိရေး။

**လူမှုရေးဦးတည်ချက် (၄) ရပ်**

တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး။
အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး။
မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး။
တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည် မြင့်မားရေး။

# သင်နှင့်မသက်ဆိုင်တော့သည့်
## မနက်ဖြန်၏
# နောက်ဆုံးသတင်း

မောင်လှမျိုး (ချင်းချောင်းခြံ)

www.burmeseclassic.com

www.burmeseclassic.com

ချစ်ခြင်းမေတ္တာ ဆိုတာ…

စာနာခံစားတတ်သူချင်းအတွက်,

အသံမဲ့ ဘာသာစကားပါပဲ။

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com

(၁)

ပန်းချီ အနုပညာကို မည်သို့မျှ ကျွန်တော် မခံစားတတ်သကဲ့သို့၊ ပန်းချီရေးဆွဲခြင်းကိုလည်း၊ ကျွန်တော် ဝါသနာမပါခဲ့ပါ။

မနှစ်သက် မခံစားတတ်သည့်အပြင်၊ ဖန်တီးရေးဆွဲဖို့ ဝါသနာမပါခဲ့ပါဘဲလျက်၊ မမ ကြွေမြှုယံနှင့်၊ စ,တင်သိကျွမ်းခဲ့ရသည့်နောက်ပိုင်းမှာတော့၊ ကျွန်တော် . . . ပန်းချီကားတစ်ကားလောက်ကို၊ သည်ဝါစွာ ရေးဆွဲတတ်ချင်ခဲ့လေသည်။

အဲဒီတုန်းက, ကျွန်တော့်အသက် ဆယ့်သုံးနှစ်သာသာ။ မမ ကြွေမြှုယံ၏အသက်မှာ နှစ်ဆယ်ကျော် . . . ဟု၊ ကျွန်တော် မှတ်မိသည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုစဉ်က ... ကျွန်တော် ရေးဆွဲတတ်ချင်သည့်၊ ပန်းချီကားမှာ၊ အညာဒေသ နောက်ခံ၊ နွေရာသီ၏ အေးမြသော မြင်ကွင်းမျိုးကို၊ ပုံဖော်ရေးဆွဲရမည့်၊ ပန်းချီကား ဖြစ်သည်။ မည်သည့် ပန်းချီ ရေးဆွဲနည်းဖြင့်၊ ရေးဆွဲသည်ဖြစ်စေ၊ ထိုမြင်ကွင်းမှာ၊ လွန်စွာ ငြိမ်သက် အေးမြနေစေမည့်၊ မြင်ကွင်းမျိုး ဖြစ်ပေမည်။

ဘာဖြစ်လို့လဲ ဆိုတော့၊ ထိုပန်းချီ မြင်ကွင်းထဲသို့ ကျွန်တော် ကိုယ်တိုင် ရောက်ရှိ ရင်ခုန်ခဲ့ပြီး၊ ကျွန်တော့် အနီးတွင်၊ မမ ကြွေမြယံ ရှိနေခဲ့ခြင်းကြောင့်၊ ဖြစ်၏။

နွေရာသီကျောင်းပိတ်ရက်တွင်၊ ဆွေမျိုးများရှိရာ အညာဒေသ,သို့၊ အဘိုးအဘွားတို့နှင့်၊ ကျွန်တော် လိုက်ပါခဲ့ခြင်းဖြစ်သည်။

အညာဒေသ၏ အခြားနေရာတွေမှာ၊ တမာပင်တန်းတွေ၊ ထနောင်းပင်တွေ၊ လက်ပံပင်တွေ၊ ထန်းတောတွေ၊ ရှိနေမှာတော့၊ သေချာပါသည်။

သို့သော် ... ကျွန်တော့် ရှေ့တည့်တည့်၊ အေးစိမ့်ငြိမ်သက်





သည့် မြင်ကွင်းထဲမှာတော့၊ ထိုအပင်တွေ၊ တစ်ပင်မျှ ရှိမနေဘဲ၊ မန်ကျည်းပင်များသာ၊ အုံ့ဆိုင်းစွာ ရှိနေခြင်းသည်၊ ကျွန်တော့်အဖို့၊ လွန်စွာ ထူးခြားဆန်းပြားနေလေ၏။

ထိုအပြင်၊ မန်ကျည်းပင်တန်း၏ အာဝါသ,ထဲမှာ၊ အသက် ဆယ့်သုံးနှစ်သားလေး၊ ကျွန်တော့်ကို၊ ပို၍ ရင်ခုန်စေသည်က,တော့၊ ကျွန်တော့်ထက် အသက်ကြီးလိမ့်မည် ... ဟု၊ ခန့်မှန်းရသော၊ မမ တစ်ယောက်၊ မန်ကျည်းသီးတွေ၊ ကောက်ယူနေသော၊ မြင်ကွင်း ကြောင့်ပင်၊ ဖြစ်၏။

ထိုမမ၊ ကောက်ယူနေသည်မှာ၊ မန်ကျည်းသီးတွေမှန်း၊ ကျွန်တော် သိမြင်ပါလျက်၊ ကျွန်တော့်စိတ်နှလုံး၏ ထင်မြင်အာရုံထဲ မှာမူ၊ မမသည်၊ ခရေပင်တန်းကြီးအောက်၌၊ ခရေပွင့်လေးတွေ၊ ကောက်ယူနေသည့်ပမာ၊ ခံစားထင်မြင်မိပေသည်။

ရင်ခုန်တတ်စ, အရွယ်၏ ကိုယ်လိုရာ ကိုယ်ဆွဲတွေးတတ် သည့်၊ အတွေးအခွင့်အရေး ... ဟုပင်၊ ကျွန်တော်, မှတ်ပိုက်မိပေ သည်။

ခါးလယ်ခန့်အထိ၊ ရှည်လျားနက်သွယ်သော၊ ဆံပင်တန်း များက၊ သူတို့၏ ပိုင်ရှင်၊ နုတ်ထိပ်တင်သူဇာတစ်ပါးကို၊ ယိမ်းနွဲ့နှိုးကာ၊ ကွယ်ကာထားသည်နှင့်၊ တူလွန်းလှသည်။



www.burmeseclassic.com

www.burmeseclassic.com



ရုံရွှေတော် ဆံနွယ်နက်တို့က၊ မည်သို့ပင်၊ ကွယ်ဝှက်ပိတ်ဆည်းထားသော်လည်း လ,မင်းသာကို တိမ်,ခိုးတွေ ကြာကြာ မဖုံးဝှက်နိုင်သကဲ့သို့၊ မမ၏ မျက်နှာ ငွေလ,မင်းလေးသည်၊ နေပူပူ ရင်ပြင်လယ်၌ပင်၊ အေးမြစွာ ဝင်းပ,လင်းသာနေပါ၏။

ထိုအချိန်မှစ၍ ကျွန်တော် ပန်းချီဆွဲတတ်ချင်မိသည်။ ထိုအခါမှ စ,၍၊ ပန်းချီကား တစ်ကားကို၊ မမိုတ်မသုန်၊ ကြည့်မြင် ခံစား၊ ဖတ်ကြားချင်လာသည်။

ထိုအချိန်မှာသာ၊ ကျွန်တော် ပန်းချီဆွဲတတ်နေပါက၊ ကမ္ဘာ့မျက်လုံးများအားလုံး၊ မြန်မာ့ပန်းချီအလှတစ်ကားကို၊ ရင်သပ်ရှုမောစွာ၊ မော့ကြည့်လက်ဖျားခါသွားစေနိုင်၏။ ကျွန်တော် ရေးဆွဲမည့် ပန်းချီကား၊ ဘယ်လောက်များ လှပ,သက်ဝင်လေမလဲ။

နေပူပြင်၏ အဝန်းအရံအလယ်၌၊ မန်ကျည်းပင်တန်း။ မန်ကျည်းပင်တန်းက,လည်း၊ ကျိုးတိုးကျဲတဲ၊ မန်ကျည်းပင်တန်းမျိုး မဟုတ်။ အုံ့အုံ့ဆိုင်းဆိုင်း။ စိမ်းစိမ်းလဲ့လဲ့။

ထိုမန်ကျည်းပင်တန်း၏အဆုံးမှာ၊ မမ ... ဆင်းလာဟန်တူသည့်၊ ခြေတံရှည်အိမ်ကြီးတစ်လုံး၏၊ တစ်စွန်းတစ်စမြင်ကွင်း။

မန်ကျည်းပင်တန်း၏ တစ်ဖက်တွင်၊ မန်ကျည်းပင်ကြီး နှစ်ပင်။ ထိုမန်ကျည်းပင်ကြီး၏ နံဘေးတွင်၊ နောက်ထပ် မန်ကျည်းပင်





ငယ် နှစ်ပင်။

ထိုမြင်ကွင်း နောက်ခံဖြင့်၊ အကျီဖြူဖြူလေးနှင့် ခေတ်ဝေါ်ထဘီ အပြာနုလေးကို၊ ဝတ်ဆင်ထားသည့်၊ ဝင်းပပ အလှနတ်သမီးတစ်ပါး။ မန်ကျည်းသီးတွေကို၊ လက်သွယ်ဖျားလေးတွေဖြင့်၊ ညင်သာစွာ ကောက်ယူနေသည်မှာ၊ ငေးကြည့်စရာ၊ အေးသည့်ကမ္ဘာလေးတစ်ခု ... ဟု၊ ယခုအချိန်အထိ၊ ကျွန်တော် တွေးမြင်ထင်ရှိနေဆဲဖြစ်၏။

"မန်ကျည်းသီး စားချင်လို့လား"

"ဟင့်အင်း။ ကျွန်တော် ကူကောက်ပေးတာပါ"

"မင်းက၊ ရန်ကုန်သားလား"

"ဟုတ်ကဲ့"

"ဟိုနားက၊ အိမ်က,လား။
အွေးလေး လှကြည်တို့အိမ် ... ဆိုတာလေ"

"ဟုတ်ကဲ့။ အဲဒါ ... ကျွန်တော့် အဘိုးရဲ့နှမ"

"ဩော် ...။ ကျောင်းပိတ်ရက်၊ လာလည်တာပေါ့"



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော် ခေါင်းညိတ်ပြီး၊ မန်ကျည်းတောင့် နှစ်တောင့်ကို၊ ခံတောင်းငယ်ထဲသို့၊ ထည့်ပေးဖြစ်သည်။

"မမက၊ ရန်ကုန်က,ပဲလား"

"အလဲ့။ ရန်ကုန်သူမှန်း သိတယ်ပေါ့"

"ဟုတ်ကဲ့။ မမ အသားက, ဖွေးဖွေးလေး ဆိုတော့"

ပြုံးလျက်၊ ကျွန်တော့်ကို ကြည့်၏။ ထိုအခါမှ၊ ပါးချိုင့်လေးကို၊ မြင်ရသည်။

"ပျင်းနေတာနဲ့၊ အတော်ပဲ။ ဒီမှာ . . . ခဏစောင့်။ ကင်မရာ သွားယူလိုက်ဦးမယ်"

ကျွန်တော် ခေါင်းညိတ်ကျန်ရစ်ခဲ့၏။

* * *

အမှန်က,တော့ ကြွေကျနေသော မန်ကျည်းတောင့်များကို၊ မမ ကောက်နေခြင်း မဟုတ်ပါ။ သူ့ ဦးကြီးတစ်ယောက်က, ဝါးလုံးရှည်ဖြင့်၊ မန်ကျည်းသီးများကို၊ လှမ်းပုတ်ပေးနေခြင်းဖြစ်သည်။





ထို့အပြင်၊ မန်ကျည်းသီးများမှာ၊ ကျွန်တော် မြင်ဖူးနေကျ မန်ကျည်းသီးများ။ ပါဝင်သကဲ့သို့၊ မမြင်ဖူးသော၊ အတောင့်သေးသေး၊ မန်ကျည်းသီးများလည်း။ ပါဝင်နေလေ၏။

ထိုအခါကျမှ၊ အပင်တန်းကို၊ သေသေချာချာ ကြည့်မိသည်။ ခန့်သလွန်ရွက်လိုလို၊ ဘာလိုလို အရွက်မျိုးဖြင့်၊ သီးနေသော၊ မန်ကျည်းပင်တွေကိုလည်း၊ တွေ့ရ၏။ ထိုမန်ကျည်းသီးဟု၊ ခေါ်သည့်၊ အတောင့်ငယ်လေးတွေက၊ ချက်ချင်းစား၍ ရသည်။ ချိုရဲဖန်တွသည့် ရသ။

"ဒါ . . . တရုတ်မန်ကျည်းသီး . . . လို့ ခေါ်တယ်"

"ရေမဆေးဘဲ၊ စားလို့ရလား"

"ရေဆေးရင်တော့၊ ပိုကောင်းတာပေါ့။ ဒါပေမဲ့ . . .၊ အညာမြေက, မြို့ပြတွေထက်စာရင်၊ ပို . . . သန့်မယ် ထင်ပါတယ်"

ကျွန်တော်က၊ မန်ကျည်းတောင့်များကို၊ ခံတောင်းတွင်၊ ထည့်ကာ . . .

"အညာ . . . ဆိုတာ၊ ဘာကို ခေါ်တာလဲ ဟင်။ ကျွန်တော် ကြားဖူးနေတာ၊ ကြာပြီ။ ဘာလို့



www.burmeseclassic.com

www.burmeseclassic.com



ခေါ်နေကြတာလဲ၊ မသိဘူး''

ပါးချိုင့်ကလေးကို၊ နီးကပ်စွာ မြင်ရ၏။

''အညာ . . . ဆိုတာ၊ အထက်အရပ် . . . လို့

အဓိပ္ပာယ်ရတယ်။ မြန်မာပြည် အထက်ပိုင်းပေါ့''

''ဪ''

''နောက်တစ်ခုပါ၊ တွဲ မှတ်ထား''

''ဟုတ်''

''အကြေ''

''ဗျာ''

''အကြေ . . . အကြေ။ အကြေ . . . ဆိုတာ

အောက်,အရပ် ဒေသ။ အောက်အရပ် . . . လို့ ခေါ်

တယ်။ မြန်မာပြည် အောက်ပိုင်းပေါ့''

ကျွန်တော်၊ ခေါင်းတညိတ်ညိတ်ဖြင့်၊ နားထောင်မှတ်သား ဖြစ်သည်။ ဘယ်တော့မှ မမေ့မည့် . . . အညာ။ ဘယ်တော့မှ၊ မမေ့ မည့် . . . အကြေ။

''မင်းက . . . ဘယ်နှတန်းလဲ''

''ခုနစ်တန်း ဖြေထားတယ်''

''ရှစ်တန်း . . . လို့ ပြောလေ''





''အောင်စာရင်းမှ၊ မထွက်သေးတာ''

မျက်ခုံးနက်လေးတစ်စုံ၊ တွန့်ကွေးသွား၏။ ကျွန်တော် . . . ဘာသာ မပြုံးနိုင်။

''မင်း . . . ယောက်ျားမဟုတ်ဘူးလား''

''ဟုတ်ပါတယ်''

''ယောက်ျားဆိုတာ၊ ကိုယ် လုပ်ခဲ့တဲ့အလုပ် ကို၊ အောင်မြင်ရမယ် . . . လို့၊ သေသေချာချာ ယုံ ကြည်ထားရတယ်''

''ဘာကို ပြောတာလဲ''

''မင်း . . . ခုနစ်တန်း စာမေးပွဲကို၊ ဖြေနိုင် သလား''

''ဟုတ်ကဲ့။ ဖြေနိုင်ပါတယ်''

''ဖြေနိုင်တယ်ဆိုရင်၊ ခုနစ်တန်း ဖြေထားပါ တယ် . . . လို့ မပြောဘဲ။ ရှစ်တန်း . . . တက်ရမယ် . . . လို့၊ ဘာကြောင့်၊ မပြောရဲတာလဲ''

''အောင်စာရင်း၊ မထွက်သေးလို့လေ''

''မင်း . . . အောင်အောင်ဖြေထားရင်၊ ကိုယ့် အောင်စာရင်းကို ကိုယ့်ဘာသာ ကြိုထုတ်ရဲရတယ်''



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော် သိပ်နားမလည်ပါ။ သို့သော် ... နားလည်သလို လိုတော့ ဖြစ်ပါသည်။

"ယောက်ျားပဲ၊ ကိုယ် လုပ်ထားတဲ့အလုပ်ကို အောင်မြင်အောင်လုပ်ထားပြီးရင်၊ အောင်ရမယ် ... လို့ ပြောရဲရမှာပေါ့။

ပြန်ပြော။ မင်း ... ဘယ်နှတန်းလဲ"

ကျွန်တော် ရယ်လျက် ...

"ရှစ်တန်း တက်ရမယ်"

"အေး။ အဲဒီလိုမှပေါ့"

"မမက,ရော၊ ဘယ်နှတန်းလဲ"

"ကျောင်းပြီးသွားပြီ"

"ကျောင်းပြီးသွားပြီဆိုတာ၊ ဘာကို ပြောတာ လဲ"

"တက္ကသိုလ် နောက်ဆုံးနှစ် ဖြေပြီးသွားပြီ။ ဘွဲ့ယူဖို့ပဲ ကျန်တော့တယ် ... လို့ ပြောတာ"

"လူ တစ်ယောက် ... ဘယ်နှဘွဲ့ ယူရတာ လဲ"

"ကိုယ် ... လိုချင်သလောက် ယူလို့ရတယ်။





ငါက,တော့၊ မလိုချင်တော့ဘူး"

"ဘာဖြစ်လို့၊ မလိုချင်တာလဲဟင်"

"မယူချင်တော့လို့ပေါ့"

ကျွန်တော် ... နားမလည်သည်ကို၊ သိသည်နှင့် တူ၏။

"ဟိုတုန်းက,တော့၊ ရသလောက်ယူမလို့။ အခု ... တစ်ဘွဲ့ပဲ ယူတော့မယ် ... လို့ ပြောတာ။ ငါက ... အိမ်က, ထွက်ပြေးလာတာ၊ စိတ် ညစ် ... လို့"

"စိတ်ညစ်ပေမယ့်၊ မမက ... လှလှလေးပဲ။ သူများတွေ စိတ်ညစ်ရင်၊ မလှဘူး"

နှုတ်ခမ်းနှစ်လွှာကို၊ ဖိကပ်လျက်၊ မမ ပြုံး၏။ ပါးချိုင့်လေး၊ ၌ ပေါ်လွင်သည်။

❋

မမ၏ ဦးကြီးက၊ ကျွန်တော်နှင့်မမ မန်ကျည်းသီး ကောက် နေပုံကို၊ ဓာတ်ပုံရိုက်ပေးသည်။ လေးငါးပုံလောက် ရှိမည် ထင်၏။



www.burmeseclassic.com

www.burmeseclassic.com



"ရန်ကုန်၊ ဘယ်နားမှာနေတာလဲ"

ကျွန်တော့် နေရပ်လိပ်စာကို၊ ကျွန်တော် ပြောပြသည်။

"ခါတ်ပုံ တစ်ပုံ ပို့ပေးမယ်"

"ဟုတ်ကဲ့"

"မင်းနာမည် ဘယ်သူ"

"စံဗလ"

မမက ... ,နာမည်နှင့်လူ၊ လိုက်ဖက်မှု ရှိ,မရှိ၊ ကြည့်သလိုမျိုး၊ ကျွန်တော့်ကို၊ ကြည့်၏။

"မမ နာမည်က,ရော"

"ကြွေမြယ်"

စိမ်းလဲ့လဲ့ ကြွေရုပ်နုတ်သမီးလေး၊ ကျွန်တော့် အတွေးကောင်းကင်ယံ၌၊ ထင်သာမြင်သာ သွားစေသည့် ... အမည်နာမ

❦ ❦ ❦



(၂)

"လူကြီး သူမ,တွေကို ပြောသွားပါလား" ... ဟု၊ ပြောရင်း၊ အဘွား ဒေါ်အေးရီက၊ ကျွန်တော့်ကို ရိုက်ဖို့ ပြင်သည်။ အဘိုးဦးအေး ရှိရာသို့၊ ကျွန်တော် အရောက်ပြေးသည်။ ဒါပေမဲ့ ... , ဒါးခြမ်းပြားဖြင့်၊ တစ်ချက်လောက်တော့၊ အရိုက်ခံလိုက်ရ၏။

အဘွားရိုက်ရာ နေရာကို ပွတ်သပ်ရင်း၊ အဘိုး၏အနီးတွင်၊ အဘွားမမြင်အောင် ကွယ်လျက် နေရ၏။

"ဘာဖြစ်လို့တုံး"

အဘိုး၏အမေး။

"ဘာဖြစ်ရမလဲ၊ ဟောဟို ... မန်ကျည်းပင်



www.burmeseclassic.com

www.burmeseclassic.com



တွေ့အောက်၊ ရှိနေမယ် ထင်တာ။ မရှိတော့ဘူး

ပျောက်သွားလိုက်တာ။

ဟိုဘက်၊ သန်းလှတို့အိမ်၊ ရောက်နေတဲ့

ညွှဲသည် မိန်းကလေးနဲ့၊ ရေစည်တိုက် လိုက်သွား

တာ ... တဲ့။ ပြောမသွားလို့ ရိုက်တာ"

အဘိုး ရယ်လေ၏။

အဘိုး၏နှမ၊ ဒေါ်လှကြည်က,ပါ၊ ရယ်လျက် ...

"လှမျို အလှည့်သွားတာလား"

ကျွန်တော် စကားအဓိပ္ပာယ်ကို မသိသဖြင့်၊ ခေါင်းခါပြ၏။

အဘွားက၊ ပွစိပွစိဖြင့်၊ အိမ်တလင်းကို၊ တံမြက်လှည်းနေသည်။ ဘွားလေး ဒေါ်လှကြည်က၊ မီးဖိုဆောင်အတွင်းသို့ ဝင်သွား၏။ မီးဖိုဆောင်မှာ၊ အိမ်အနောက်ဘက်တွင် မဟုတ်။ အိမ် မျက်နှာစာ၊ လက်ျာဘက်တွင်၊ သီးသန့် တည်ဖွဲ့ထားသည်၊ နေရာ။ လုံခြုံသည့် အကာအရံ။

"အဘိုး"

"ဘာတုံးကွ"

"လှမျိုလှည့်တယ် ဆိုတာ၊ ဘာပြောတာလဲ"





ဘွားလေး ဒေါ်လှကြည်၏ အမေးစကားကို၊ အဓိပ္ပာယ်မသိသဖြင့်၊ အဘိုး ဦးအေးအား၊ တီးတိုး မေးမြန်းလိုက်ခြင်း ဖြစ်၏။

အဘိုးက၊ ပြုံးလျက် ...,

"မင်း ... ကောင်မလေးနားကို သွားတာ။ အဲဒါ ... လှမျို လှည့်တယ်ခေါ်တာပေါ့"

"သား ...၊ ကောင်မလေးနား မသွားပါဘူး အဘိုးရဲ့။ ဟိုနားက ... ကြွေမြယ်ဆိုတဲ့ အစ်မနဲ့ သူ ခေါ်လို့ လိုက်သွားတာပါ။ သူ့ဦးကြီးနဲ့ ရေစည် တိုက်၊ သွားမလို့။ လိုက်မလား ... တဲ့။ ရေစည် တိုက်တယ် ... ဆိုတာ၊ ဘာမှန်းမသိလို့ သား လိုက်သွားတာပါ"

အဘိုးက၊ ပြုံးစိစိဖြင့် –

"ဘာတဲ့လဲ။ ရေစည်တိုက်တယ် ဆိုတာ မြင် ခဲ့ရဲ့လား"

"နွားလှည်းပေါ် ရေစည်တင်ပြီး၊ ရေသွားခပ် တာပါ ... အဘိုးရာ။ သားက ဘာများလဲ ... လို့။

နောက်ပြီး ... ထင်းခွေတယ် ထင်းခွေတယ် နဲ့ ပြောနေကြလို့ အဲဒီ မမ ကြွေမြယ်ကို၊ အဓိပ္ပာယ်



www.burmeseclassic.com

www.burmeseclassic.com



မေးကြည့်တာ။

ထင်းသွားခုတ်တာကို၊ ထင်းခွေတယ် …
ခေါ်တာ … တဲ့"

အဘိုး၊ တဟားဟား ရယ်၏။ ပြီးမှ …,

"အဲဒီ၊ ကောင်မလေးကို၊ မင်း … လူပျို
စကား သွားပြောတာ မဟုတ်ဘူးလား"

"လူပျိုစကားဆိုတာ၊ ဘာကိုပြောတာလဲ
… အဘိုးရဲ့၊ နောက်ပြီး … အဲဒါ, ကောင်မ,လေး
မဟုတ်ပါဘူး။

သားထက် အသက်အများကြီး၊ ကြီးတယ်။
တက္ကသိုလ်ကျောင်းတောင်၊ တက်ပြီးပြီ … တဲ့၊
အစ်မကြီး အရွယ်ပါ"

"မင့် အရွယ်နဲ့တော့၊ အစ်မ အရွယ်ပေါ့ မြေး
ရဲ့။ အဘိုးတို့က,တော့ ကောင်မ,လေး … မြေးလေး
အရွယ် … ပဲ ။

ဘယ့်နှယ် …၊ မင်း, လူပျိုစကား ပြောခဲ့ပြီ
လား"

ကျွန်တော် … ခေါင်းကုတ်ကာ …





"စကားတော့၊ အများကြီး ပြောဖြစ်တယ်
အဘိုးရဲ့။

လူပျိုစကားတော့၊ မပါဘူး။ လူပျိုစကား
ဆိုတာ၊ ဘာစကားလဲ"

"ရည်းစားစကားကို၊ ပြောတာကွ။ ချစ်တယ်,
ကြိုက်တယ်, နှစ်သက်တယ်, မြတ်နိုးတယ် … လို့
မိန်းကလေးကို ယောက်ျားလေးက၊ ပြောတာ။ အဲဒါ
… လူပျိုစကားပေါ့"

အဘိုးက … ပြုံးပြုံးကြီး ပြောလေ၏။ ကျွန်တော့်ရင်ထဲ၊
အေးခနဲ, စိမ့်ခနဲတော့ ဖြစ်သွားရသည်။ ဘာဖြစ်သွားတာလဲတော့၊
ကျွန်တော် မသိပါ။ သိတာတစ်ခုတော့ ရှိ၏။ မမ ကြွေမြယံကို၊
ချက်ခနဲ၊ သတိရလိုက်မိခြင်း။

"သား မပြောပါဘူး အဘိုးရဲ့"

ထိုစဉ်၊ အဘွားက …

"မြှောက်ပေး … မြှောက်ပေး။ ကြပ်ကြပ်
မြှောက်ပေး။ ဒီ … လမ်းသရဲကို။

ရန်ကုန်ကိုတောင်၊ ခြေကျင်ပြန်မယ့် လမ်း
သရဲ။ လစ်ခနဲဆို၊ ပျောက်ပျောက်သွားတာ။



www.burmeseclassic.com

www.burmeseclassic.com



မင်း . . . ရန်ကုန် ပြန်ရောက်မှ မင့် အမေကို
ထပ်ရိုက်နိုင်ဦးမယ်"

ကျွန်တော် အဘိုးအနားသို့ ပို၍တိုးကပ်လိုက်၏။ မန်ကျည်း ပင်တန်းဘက်တွင်၊ နေရောင်ခြည် မရှိတော့။

၃

"တော့် မြေးနဲ့ အဖွဲ့ကျနေတာ" . . . ဟူသော၊ ဘွားလေး ဒေါ်လှကြည်၏ စကားသံကို၊ အိပ်ရာနိုးနိုးချင်း ကြား၏။ အဘွား ဒေါ်အေးရီနှင့် အဘိုး၏နှမ ဘွားလေး ဒေါ်လှကြည်တို့ မနက်စာ စားရင်း ပြောဆိုနေကြခြင်း ဖြစ်၏။ ဘာအကြောင်း ပြောနေသည် တော့၊ မသိ။

"သန်းလှ တူမ, မဟုတ်ဘူး။ သူ့, ခင်ပွန်းရဲ့
အစ်ကို့, သမီး"

"ခဲအို သမီး ပ . . . ဟယ်"

"အဲ ပ။ တစ်ကိုယ်တည်းလာတယ် ကြား
တယ်။ သတ္တိ ကောင်းသားပဲ။





အမိအဘနဲ့ ပြဿနာဖြစ်လာပုံ ရတယ် . . .
တဲ့။ မိသန်းလှ ပြောတာ"

"စံပလနဲ့ အပေါင်းအသင်း ဖြစ်နေပြီ။ မန်ကျည်းပင်ပေါ် များ တက်ဆော့ဦးမလား မသိပါဘူး" . . . ဟူသော၊ အဘွား ဒေါ် အေးရီ၏ ဗျစ်တောက်တောက် အပြစ်တင်သံကို လှေကားမဆင်းမီ ကြားရ၏။

အဘွားနှစ်ယောက်၊ မမ ကြွေမြယ် အကြောင်းကို၊ ပြော နေကြသည် . . . ဟု၊ ခန့်မှန်းမိ၏။

"ဟဲ့ . . . မောင်စံ"

ဘွားလေး၊ ဒေါ်လှကြည်၏ အမြင်ခေါ်သံ။

"ဗျ"

"ဟို . . . တောင်ဘက်က၊ ရန်ကုန်သူ ကောင်
မ,လေးနဲ့ နင်နဲ့ သိုန်းထားကြသလား"

အဘွား ဒေါ်အေးရီကို၊ မသိမသာကြည့်လျက်၊ ကျွန်တော် ခေါင်းယမ်းပြလိုက်သည်။

"အဲ့ . . .။ နင့်ကို လာခေါ်သတော့။ ထမင်း
ကြမ်းကြော်နဲ့ ငါးပေါင်းကြော် ကြွေးမလို့ . . . တဲ့"

အဘွား ဒေါ်အေးရီက . . .



www.burmeseclassic.com

www.burmeseclassic.com



"သွား ... သွား။ အဲဒီ မန်ကျည်းပင်အောက်က,နေ၊ ပျောက်သွားလို့က,တော့၊ မင်းကို ... ငွေးနဲ့ နွားကျောင်းထည့်လိုက်မယ်။ ဒါပဲ"

ငွေးဆိုသူမှာ၊ အဘိုး ဦးအေး၏ ညီ၊ ဦးငွေးကို၊ ခေါ်ဝေါ်ခြင်းဖြစ်၏။ ကျွန်တော့် အဘိုးလေး တော်စပ်သူ၊ အဘွားလေး ... ဒေါ်လှကြည်၏အထက်။



(၃)

"မမက ... ဘာဖြစ်လို့ အိမ်က, ထွက်ပြေးလာရတာလဲ"

"စိတ်ညစ်လို့"

"စိတ်ညစ်တယ်ဆိုတာ၊ ငိုချင်တာကို ပြောတာလား။ လိုချင်တာ မရတာကို၊ ပြောတာလား"

မျက်နှာလေးကို၊ တမင်ရှုံ့ကာ၊ ပြုံးဟန်ပျိုးလျက်၊ မမက,

"မင်းက၊ ကလေးဆိုတော့၊ လိုချင်တာမရရင်, စိတ်ညစ်စရာ ... လို့ ထင်မှာပေါ့။ ငါက ... လူကြီးဖြစ်နေပြီ၊ မလိုချင်တာ ရမှာစိုးလို့ စိတ်ညစ်



www.burmeseclassic.com

www.burmeseclassic.com



ရတာ''

''ဩော်''

ဘာကြောင့် ''ဩော်' လိုက်မှန်း၊ ကျွန်တော် မသိပါ။ ဒါပေမဲ့ . . ., မမ ကြွေမြယံ ရှေ့မှောက်မှာ၊ ကျွန်တော် လူရာဝင်ချင်သည်။ ထို့ကြောင့်, ရှိရှိသမျှသော၊ စိတ်ညစ်စရာတွေကိုလည်း၊ ကျွန်တော် ပြောပြမိ၏။

''ကျွန်တော်လည်း၊ ဟိုးတုန်းက၊ လိုချင်တာ မရရင်၊ စိတ်ညစ်စရာ . . . လို့၊ အဲဒီ တစ်ခုတည်း၊ ထင်ခဲ့တာ။

နောက်တော့၊ ကျွန်တော့်မှာလည်း၊ မလိုချင်တာတွေ အများကြီးပဲ''

''မင်းက၊ ဘာကို မလိုချင်တာလဲ''

''ကျွန်တော့် အဘွားကို၊ ကျွန်တော် မလိုချင်ဘူး''

''ဟွန်း၊ ဘာဖြစ်လို့ . . .''

''သူ့ . . . ရှေ့က, ပျောက်သွားတာနဲ့၊ လိုက်လိုက်ရှာတယ်။ ပြီးတော့ . . . တွေ့ရင်ရိုက်တယ်။

ပြီးတော့ . . .။ တခြား မလိုချင်တာတွေ၊





အများကြီးပဲ။ ကျွန်တော်က, ဆံပင်ရှည်ထားချင်တယ်။ မေမေက . . . မထားခိုင်းဘူး။ အဲဒီအခြေအနေမျိုးကိုလည်း၊ မလိုချင်ဘူး။

ပြီးတော့ . . .၊ သူငယ်ချင်းထဲမှာ၊ သူ့ကိုယ်သူ၊ သူဌေးသားဆိုပြီး၊ မာန်တက်နေတဲ့ကောင်၊ တစ်ကောင်ရှိတယ်။ အဲလို . . . သူငယ်ချင်းမျိုးလည်း၊ မလိုချင်ဘူး။ နောက်ပြီး . . .''

မမက . . .၊ ရယ်လျက်၊ လက်ကာပြီး . . .

''မင်း အသက် ဘယ်လောက်ရှိပြီလဲ''

''ဆယ့်လေးနှစ်။ အဲ . . . ဆယ့်သုံးနှစ်ပြည့်ပြီးတာ . . .''

''မင်း, ငယ်ပါသေးတယ်''

ကျွန်တော် ခေါင်းညိတ်သည်။

''ဒါပေမဲ့ . . . အသက်ကြီးကြီးလာတာနဲ့ အမျှ၊ လိုချင်တာ မရလို့ရော . . ., မလိုချင်တာ ရနေလို့ရော၊ ဖြစ်ချင်တာ မဖြစ်ရလို့ရော . . .၊ မဖြစ်ချင်တာ ဖြစ်နေရလို့ရော . . .။ စိတ်ညစ်ရတာပဲ တယ်''



www.burmeseclassic.com

www.burmeseclassic.com



"အိမ်က, ထွက်ပြေးရင်၊ စိတ်ညစ်တာ ပျောက်သလား ... မမ"

"ဘယ်လို"

မန်ကျည်းပင်ကြီး၏ အမြစ်ပေါ်တွင်၊ ထိုင်နေရာမှ၊ မမ ထ,ရပ်၏။

"မင်း ...၊ အဲဒီလို ဘာကြောင့် မေးတာလဲ"

"ဗျာ"

"အိမ်က, ထွက်ပြေးရင်၊ စိတ်ညစ်ပျောက်သလား ... လို့ မင်း, ဘာကြောင့် မေးရတာလဲ"

"အခုတောင်၊ ကျွန်တော် နည်းနည်း စိတ်ညစ်တတ်နေပြီလေ။ ကြီးလာရင်, ပိုပြီး ညစ်ရမှာလေ။ အဲဒီလို ... စိတ်ညစ်ရင်၊ မမ ... လို၊ အိမ်က, ထွက်ပြေးမလို့ပေါ့"

"ဒုက္ခပဲ"

ဘာကြောင့် ညည်းတွားလေသည်ကို၊ ကျွန်တော် မသိ။ ပြီးနောက် ...,ကျွန်တော့်အနီးတွင်၊ ပြောင်းထိုင်၏။

"မင်း ...။ တစ်ခါတည်း မှတ်ထား။ စိတ်ညစ်ရင်။ ဘယ်ကို ထွက်ပြေးပြေး၊ မပျောက်ဘူး"





ကျွန်တော့် နားထင်သို့၊ လက်ညှိုးဖြင့်၊ ထောက်ကာ ...,

"မှတ်ထားနော်"

ဦးခေါင်းကို မလှုပ်တလှုပ် ကျွန်တော် ညိတ်သည်။ ပြီးမှ ..

"မမက, ဘာဖြစ်လို့ ထွက်ပြေးလာတာလဲ"

"အင်း။ အဲဒါ ... ပြောမလို့။ သေသေချာချာ ရှင်းပြမှဖြစ်မှာ။

သေသေချာချာ နားထောင်နော်"

"ဟုတ်ကဲ့"

"ငါ ... တကယ် စိတ်ညစ်နေတာ။ အိမ်က, ဝေးရာကို၊ ထွက်ပြေးလာရင်၊ ရင်ဆိုင်ရတဲ့ စိတ်ညစ်စရာ ပြဿနာနဲ့ ဝေးမယ်ထင်ပြီး၊ ဒီ ... ဦးကြီးအိမ်ကို ပြေးလာတာ။

မင်း ..., မေးလိုက်တော့မှ၊ ငါ ..., လန့်သွားတယ်"

"ကျွန်တော် မသိလို့ မေးတာပါ"

"အေး ...။ မသိတဲ့ အရွယ်ရှေ့မှာ၊ အမှားလုပ်နေတဲ့ သူ၊ လုပ်ပြမိတဲ့သူဟာ၊ သိပ်ကြောက်ဖို့ကောင်းတဲ့သူပဲ။



www.burmeseclassic.com

www.burmeseclassic.com



ငါ . . . အဲဒီလို မဖြစ်ချင်ဘူး။ မင်း . . . တစ်ခါတည်း မှတ်ထား။

ဘယ်လောက် စိတ်ညစ် စိတ်ညစ်၊ ဘယ်ကိုမှ၊ ထွက် မပြေးနဲ့။ ထွက်ပြေးတိုင်း၊ စိတ်ညစ်တာ၊ မပျောက်ဘူး။ သိလား . . . မှတ်မိလား''

ကျွန်တော် မှတ်မိပါသည်။ သို့သော် . . . နားမလည်။ ဒါပေမဲ့ . . . ကျွန်တော်၊ ခေါင်းညိတ်ပြလိုက်၏။

''မင်းကို . . . မမ၊ အရမ်းကျေးဇူးတင်တယ်''

ဟု၍ နားမလည်။

''အိမ်က ထွက်ပြေးရင်၊ စိတ်ညစ် ပျောက်သလား . . . လို့၊ မင်း . . . မမကို မေးလိုက်တယ် မဟုတ်လား''

''ဟုတ်ကဲ့''

''အဲဒါ . . .၊ မမ . . . ကိုယ့်ကိုယ်ကိုယ် မမေးမိခဲ့ဘူး။ မေးမိခဲ့ရင်၊ အခုလိုတောင်၊ အိမ်က, ထွက်ပြေးလာခဲ့မိမှာ၊ မဟုတ်ပါဘူး။

မင်းမေးမှ၊ ကိုယ့်ကိုယ်ကိုယ်၊ မမ . . . မေးလိုက်တာ။ အခုမှ . . . အဖြေထွက်တယ်။





ဟုတ်တယ်၊ အိမ်က, ထွက်ပြေးတိုင်း၊ စိတ်ညစ် မပျောက်ဘူး။ လူက,သာ အိမ်နဲ့ဝေးနေတာ။ စိတ်ညစ်စရာနဲ့၊ လူနဲ့ . . .၊ ဝေးမှ မဝေးတာ''

မမ . . ., ကျွန်တော့်မျက်နှာကို ငုံ့ကြည့်ကာ . . .

''နောက်ပြီး၊ လူငယ်လေးတစ်ယောက်ရဲ့မှာ . . .၊ သူ . . . မေးတဲ့ မေးခွန်းကို 'ဖြေနိုင်ဖို့အတွက်။ အဲ . . .၊ မှန်မှန်ကန်ကန် ဖြေနိုင်ဖို့အတွက်၊ ကိုယ် . . . ကိုယ်တိုင် မှန်ကန်ဖို့လိုတယ် . . . ဆိုတာပါ၊ သိလိုက်ရတယ်။ အဲဒီ့အတွက်, မင်းကို သိပ်ကျေးဇူးတင်ပါတယ်''

ပခုံးစွန်းကို၊ လက်ဖဝါးဖြင့်၊ ပုတ်လျက် ပြုံးရွှင်စွာ ပြော၏။ ချိုင့်ကလေးပါ၊ ကျပြုံးနေသည်။

''ဒါ့အပြင်၊ မမ . . . အဖြေတစ်ခုပါ၊ ထပ်တွေ့တယ်''

''ဘာလဲ မမ''

''ဘယ် . . . စိတ်ညစ်စရာက,မှ၊ ထွက်မပြေးနဲ့၊ အဲဒီ့ စိတ်ညစ်စရာနဲ့၊ တည့်တည့် ရင်ဆိုင်လိုက်။ ကိုယ့်, ရင်ဆိုင်နိုင်တဲ့ စွမ်းအားကြီးရင်၊ စိတ်



www.burmeseclassic.com

www.burmeseclassic.com



ညစ်စရာက၊ ဖယ်ပေးလိမ့်မယ်''

''မဖယ်ပေးရင်ကော''

''ကိုယ် ရင်ဆိုင်တဲ့စွမ်းအား နည်း . . . လို့ပေါ့။ ဒါပေမဲ့ . . . စိတ်ညစ်စရာက, အကုန်ဖယ် မပေးရင်တောင်၊ သေးတော့ နည်းနည်းကပ်သွားမှာပါ။

ဘာဖြစ်လို့လဲ . . . ဆိုတော့၊ အခုတောင်၊ စိတ်ညစ်စရာကိစ္စကို၊ ရင်ဆိုင်ဖြေရှင်းချင်စိတ် ပေါက်သွားပြီလေ။

မင်းကို သိပ်,ကျေးဇူးတင်တယ်။ အံ့သြစရာ။ အသက် နှစ်ဆယ့်နှစ်နှစ်၊ မိန်းကလေး တစ်ယောက်ကို၊ ရှစ်တန်းတက်မယ့် ကျောင်းသားလေးက၊ သတိဝင်စေမယ့်၊ မေးခွန်းမျိုးကို၊ မေးပေးတာ။

တကယ်ကျေးဇူးတင်တယ် . . . သိလား မောင်ငယ်လေး''

ခေါင်းကို ပုတ်ကာ၊ ပြောပြန်၏။

''ကျွန်တော်လည်း။ မမကို၊ ကျေးဇူးတင်ပါတယ်''

''ဘာဖြစ်လို့''





''စိတ်ညစ်ရင်၊ အိမ်က, ထွက်မပြေးနဲ့လို့၊ ဆုံးမ,တယ်လေ''

''အမလေး။ မဆုံးမ,ပါဘူး။ မမ လုပ်သလို၊ လိုက်လုပ်မှာစိုးလို့၊ ရှိရှိသမျှ ဉာဏ်ပညာနဲ့၊ တားရတာပါ။

မင်းကို ဆုံးမ,ဖို့ နေနေသာသာ၊ ကိုယ့်ကိုယ်ကိုယ်တောင်၊ အခုမှ ဆုံးမ,ရမှာ''

''မမက၊ မလိမ္မာဘူးလား''

''မိဘကို၊ ဆန့်ကျင်ရင်၊ မလိမ္မာဘူး''

''မမက၊ ဆန့်ကျင်လို့လား''

ခေါင်းလေးကို၊ တရိုတသေ တမင်ပြုကာ၊ ညိတ်ပြ၏။

''ငရဲကြီးလိမ့်မယ်''

''ဟုတ်ကဲ့ပါရှင်''

''မမက . . . ဘာဖြစ်လို့ စိတ်ညစ်တာလဲ''

''မလိုချင်တာကို၊ မိဘ,က၊ ပေးလို့။ မယူချင်ဘူး . . . လို့၊ ပြောမိခဲ့တာ။ ပြီးတော့ . . . , ဒီကိုလာပြီး၊ ဦးကြီးနဲ့ လာတိုင်တာ''

''သြော်''



www.burmeseclassic.com

www.burmeseclassic.com



ဘာမှ မသိဘဲ၊ ထပ်မံ၍ ကျွန်တော် "ဩော်" လိုက်ပြန်ပါသည်။

"မင်းသာ၊ မေးခွန်း မထုတ်ခဲ့ရင်၊ ငါ ...,
အဖြေ ထွက်ဦးမှာ၊ မဟုတ်ဘူး"

"ဘယ်လို အဖြေလဲ ... မမ"

"ဘယ်ပြဿနာဖြစ်ဖြစ်၊ ရှောင်မနေနဲ့၊ တည့်တည့် ..., မျက်နှာချင်းဆိုင်လိုက်စမ်းပါ ... ဆိုတဲ့ အဖြေပဲ"

အဓိပ္ပာယ်တွေကို၊ သေသေချာချာ မသိပါ။ သို့သော် ... စကားလုံးတိုင်းကိုတော့၊ ကျွန်တော် ... မှတ်မိခဲ့ပါသည်။

❀ ❀ ❀



(၄)

"ကောက်စရာ မန်ကျည်းသီး မရှိတော့ဘူးလား" ... ဟု ကြွေမြယ်ကို၊ ကျွန်တော် မေးသည်။

"အိုး ...။ အပျော်ကောက်တာပဲ။ နေ့တိုင်း ကောက်ရအောင်၊ ငါ ... မန်ကျည်းသီး ရောင်းစားမှာမှ၊ မဟုတ်တာ"

"တရုတ်မန်ကျည်းသီးဆိုတာ၊ ဟင်းချက်စားလို့ မရဘူးနော်"

"သွားရည်စာလို စားတာပါ။ တရုတ်မန်ကျည်းသီးဆိုတာ၊ အရပ်အခေါ်နဲ့ တူပါတယ်။ အခြား



www.burmeseclassic.com

www.burmeseclassic.com



နာမည် ရှိချင်ရှိမှာ''

''ဘာဖြစ်လို့လဲ''

''ငါ ကြားဖူးတာ၊ မန်ကျည်းဖြူပင်၊ မန်

ကျည်းနီပင်၊ မန်ကျည်းအချိုပင်၊ ကုလားမန်ကျည်

ပင်။ အဲဒီလိုပဲ . . . ကြားဖူးတာ။ တရုတ်မန်ကျည်

ဆိုတာ၊ စာထဲပေထဲတော့၊ ငါ . . မတွေ့ဖူးဘူး''

ကျွန်တော်က . . . ,

''ကုလားမန်ကျည်းက၊ ကြာ ကြာလာတော

အသားဖြူ . . . ဖြူလာပြီး . . . ၊

တရုတ်မန်ကျည်းဖြစ်သွားတာ နေမှာေ

နော်''

''အန်း။ ပေါက်ကရ''

ကျွန်တော် ရယ်နေမိ၏။ ပြီးမှ . . .

''မမက၊ ဘာဖြစ်လို့ အိမ်က, ထွက်ပြေးေ

တာလဲ''

''စံပလ''

''ဗျ''

''မင်း . . . တော်တော်စပ်စုတာပဲ''





''သိချင်လို့ မေးတာပါ . . . မမရဲ့။

စပ်စုတယ်ဆိုတာ၊ ဘာကို ပြောတာလဲ''

မမ ကြေမြွယံက၊ မှတ်သားဖူးသည်ကို၊ ပြန်လည်စဉ်းစား

ဟန်ပြုပြီးမှ . . .

''သိသင့်တာထက် ပိုပြီးမေးမြန်းစုံစမ်းတာကို

စပ်စုတယ် . . . လို့ ခေါ်တယ်''

''ဒါဆို ကျွန်တော်က၊ မမ . . . အကြောင်း

ကို၊ သိသင့်တာထက်၊ ပိုပြီး သိချင်နေတာပေါ့။

ဟုတ်လားဟင်''

''အင်းပေါ့''

ကျွန်တော် တွေတွေလေး နေလိုက်မိ၏။

''ဘာဖြစ်သွားတာလဲ''

''ဟင့်အင်း''

''ပြော။ နင် . . . တစ်ခုခု ဖြစ်သွားတယ်

မဟုတ်လား . . . စံပလ''

''ကျွန်တော် မပြောတတ်ဘူး''

''ပြောတတ်သလောက် ပြော''

မမ၏ မျက်နှာကို မကြည့်ဘဲ၊ ဦးငုံ့လျက် . . .



www.burmeseclassic.com

www.burmeseclassic.com



"မမ . . . စိတ်ညစ်ပြီး ထွက်လာတာ ဆိုရင် အဲဒါ . . . ဘာလဲ . . . လို့ ကျွန်တော် သိချင်မိတာပါ"

"သိတော့ရော . . .။ မင်းက . . . မျှော်လင့်တဲ့လုပ် မလို့ရှဲ"

"စိတ်မညစ်အောင် ကူညီမှာပေါ့"

ရယ်မောလေသည်။ ရယ်သံကြောင့် ခေါင်းမော့ကြည့်မိ၏။ ပါးချိုင့်လေး တစ်စုံကို မြင်ရသည်။ ဆံပင်ရှည်ရှည်တွေကိုပါ၊ တခဏ ကြည့်မိ၏။

"ငါ . . .၊ ရည်းစား တစ်ယောက် ထားမိတယ်"

"ဩော် . . .။ မမက, ရည်းစားနဲ့လား"

"အခု . . . မထားတော့ပါဘူး။ အိမ်က, သိသွားလို့ ဖြတ်ခိုင်းတယ်။ ငါလည်း . . . ဖြတ်လိုက်ပါတယ်။

အဲဒါ . . . မယုံကြဘူး။ မယုံတဲ့အပြင်၊ အဲဒီ ရည်းစားနဲ့၊ လိုက်ပြေးမှာစိုးလို့ ဆိုပြီး၊ ဖေဖေသူငယ် . . . ချင်းရဲ့သားနဲ့ ပေးစားဖို့ စီစဉ်ကြတယ်။





ငါ . . . သိသိချင်း၊ ဒီကို . . ., ထွက်ပြေးလာတာ။ လိုချင်တာ မရတာ ကိစ္စမရှိပါဘူး။ မလိုချင်တာကြီး ရမှာတော့၊ ငါ . . . ကြောက်တယ်။

ဘာပဲဖြစ်ဖြစ်။ မင်း . . . မမကို၊ ကူညီပြီးပါပြီ၊ ကျေးဇူး . . ."

"ကျွန်တော် ဘာကူညီလို့လဲ"

"အိမ်က, ထွက်ပြေးရင်၊ စိတ်ညစ်တာ ပျောက်သလား . . . လို့၊ မင်း, မေးလိုက်တာ၊ အဲဒါ . . .၊ ငါ့အတွက် . . . တော်တော် အကူအညီ ရသွားတယ်"

နားမလည် တလည်ဖြင့်၊ ကျွန်တော် ခေါင်းညိတ်လိုက်ပါသည်။

"အခု . . .၊ ငါ, ထွက်မပြေးတော့ဘူး။ မိဘ, နဲ့ သေသေချာချာ ဆွေးနွေးတော့မယ်လေ။

ငါ . . . အိမ်ပြန်တော့မယ်။ ဦးကြီး လိုက်ပို့လိမ့်မယ်"

"မမ . . . ပြန်တော့မှာလား"

"အင်း"

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော့်ရင်ထဲ၊ တစ်မျိုးကြီး ခံစားရပါသည်။ သို့သော်

... ခံစားမှုကို၊ အမည် မဖော်တတ်။

"ကျွန်တော် မမကို၊ သတိရနေမှာ"

"အတူတူပဲပေါ့"

"ကျွန်တော့်ကို၊ မမ ... ဓာတ်ပုံပေးမယ်ဆို"

"တို့နှစ်ယောက်ကို၊ ဦးကြီး ရိုက်ပေးထားတဲ့

... ပုံ။ ပေးမယ်လေ။ ကူးမှ မကူးရသေးတာ။ ရန်

ကုန် ရောက်ရင်၊ ပို့ပေးမှာပေါ့"

ကျွန်တော့်လက်ကို ဆွဲလျက်၊ မတ်တတ်ရပ်ကာ ...

"ရွာဦးကျောင်းနားက၊ လက်ပံပင်ကြီး

အောက်၊ သွားပြီး။ လက်ပံပွင့် သွားကောက်မယ်"

"လက်ပံပွင့်က၊ ပန်လို့ရလား"

"မရဘူး။ ဟင်းချက်စားလို့တော့၊ ရတယ်

လက်ပံပွင့်က၊ လှတာတော့ လှတယ်။ ဒါပေမဲ့ ...

မပန်ကြဘူး"

"ဘာဖြစ်လို့၊ မပန်တာလဲ"

"မမွှေးလို့ နေမှာပေါ့ ... အနံ့"

"ကျွန်တော် ... အဘွားကို၊ ဝင်ပြောခဲ့

သင်နှင့် မသက်ဆိုင်တော့သည့် မနက်ဖြန်၏ နောက်ဆုံးသတင်း

မယ်"

"အင်းပါ။ ငါပါ ... လိုက်ပြောပေးပါ့မယ်။

ဘွားအေကို၊ တော်တော် ကြောက်"

"ကြောက်တာ မဟုတ်ဘူး။ နားငြီးလို့"

"ဟဲ့။ လူကြီးသူမ,ကို၊ အဲဒီလို၊ မပြောရဘူး" ... ဟု၊

မမ ... ဟန့်တားအံ့။ ကျွန်တော် ... ဟုတ်ကဲ့သည်။

အညာနွေ ပွဲပြင်းသည်ကို၊ မမ ... မြန်တော့မည်ဟု၊

သိကြားချိန်မှစ၍ ကျွန်တော် ... သတိထားမိသည်။

❀ ❀ ❀



www.burmeseclassic.com

www.burmeseclassic.com

## (၅)

"ဒီ မောင်နှမ ဘယ်တုံး"

အမည်မသိ ရွာသူတစ်ယောက်က၊ မမကြွေမြယံကို၊ သွား
ဖြင့်၊ နှုတ်ဆက်မေးမြန်းခြင်း ဖြစ်၏။ "ရွာဦးကျောင်းနားက၊
တ်ပံပင်ကြီးအောက်၊ သွားမလို့" ... ဟု၊ မမ ကြွေမြယံ ပြန်ဖြေ
ည်။

မောင်နှမ ... ဟူသော၊ စောစောက ရွာသူအဒေါ်ကြီး၏
ုံးအနှုန်းကိုလည်း၊ ကျွန်တော့်စိတ်ထဲ၊ သဘောကျသွားပြန်သည်။
ကြွေမြယံ၏ မျက်နှာလေးကိုပင်၊ ငဲ့ကြည့်မိသေး၏။

"ဟဲ့ ...၊ ဘာကြည့်တာလဲ၊ ရှေ့ကို ကြည့်



www.burmeseclassic.com

www.burmeseclassic.com



လျှောက်''

ရှေ့သို့ ကြည့်လျှောက်သည်။ စိတ်အာရုံက မျက်နှာမူရာသို့ မရောက်။

"မမက၊ ကျွန်တော့်အစ်မ,ဆို၊ သိပ်ကောင်းမှာပဲ''

"ငါက,တော့၊ နင့်လို မောင်လေးမျိုး မလိုချင်ပါဘူး''

"ဘာလို့လဲ''

"စကားများ ... လို့၊ စပ်စုလို့''

မျက်စောင်းအတုလေးထိုးလျက် ပြောမှန်းသိသော်လည်း သံမဏိဓား အစစ်ဖြင့်၊ ရင်ထဲကို၊ ထိုးမွှေလိုက်သကဲ့သို့၊ ကျွန်တော် ခံစားရသည်။

ရှာဦးစေတီကို၊ အရင်ဖူးကြ၏၊ ပြီးနောက် ... ရှာဦးကျောင်းဝင်း ပြင်ပ,ကို ပတ်လျက်၊ လက်ပံပင်ကြီးအောက်သို့၊ သွားသည်။

ကျွန်တော်ရော ...၊ မမကြွေမြယံရော၊ လက်ပံပွင့်တွေကောက်ကြ၏။ ကောက်ရှိရသမျှ၊ လက်ပံပွင့်တွေကို၊ ပင်ခြေမှာပင်ပုံထားဖြစ်ကြ၏။ လေအတိုက်တွင်၊ ကြွေ‌ဝေ့ကျလာသော၊ လက်ပံပွင့်လေးများ၊ လှသည်။ ဒါပေမဲ့ ... လှသည်ဟုပင်၊ မမြင်ချင်တော့





"ဟဲ့ ... ဟဲ့။ လာဦး ... ထိုင်ဦး''

မမကြွေမြယံက၊ ကျွန်တော့်လက်ကို ဆွဲလျက်၊ သူ့အနီးတွင် ထိုင်နိုင်းသည်။ နဖူးတွင် ဆို့နေသည့် ချွေးတွေကို၊ လက်ခုံဖြင့်၊ ကျွန်တော် ဖယ်သုတ်သည်။ "ညစ်ပတ်လိုက်တာ'' ... ဟု၊ ပြောပြီး၊ ကျွန်တော့် နဖူးကို၊ မမကြွေမြယံက၊ တစ်သျှူး စက္ကူပါးဖြင့်၊ ဖိတို့ပေး၏။ ကျေးဇူးတင်သော်လည်း၊ ကျေးဇူးပြုသူ၏ မျက်နှာလေးကို၊ ကျွန်တော် တမင် မကြည့်။

ကြွေကျပြီးသား၊ လက်ပံပွင့် တစ်ပွင့်ကဲ့သို့၊ ငြိမ်ငြိမ်သက်သက် ခြောက်သွေ့စွာ၊ ကျွန်တော် နေသည်။ မမကြွေမြယံက၊ သူ့နှုတ်ခမ်းစပ်ကို၊ သူ့ဘာသာ၊ တစ်သျှူးစက္ကူပါး နောက်တစ်ခုဖြင့်၊ ဖိတို့ပြီး ...

"စံဗလ''

"ဗျာ''

မြေကြီးသို့၊ ငုံ့ကြည့်လျက်၊ အသံသာ တုံ့ပြန်လိုက်သည်။

"မင်း ... ဘာဖြစ်နေတာလဲ''

စကားမတုံ့ပြန်။

"မေးနေတယ်လေ။ ရှာလယ် လမ်းကတည်းက၊ အခုထိ၊ စကား မပြောတော့ဘူး။ အဲဒါ ...



www.burmeseclassic.com

www.burmeseclassic.com



ဘာဖြစ်တာလဲ"

ငှဲကြည့် ခေါင်းခါပြလိုက်သည်။

"အမယ်၊ မျက်နှာက၊ ရုပ်ရှင်မင်းသား လူမင်း၊ ကွမ်းငုံထားတဲ့ အိုက်တင်နဲ့"

စကားအဓိပ္ပာယ် နားမလည်။ သို့သော် ...၊ စကားသံ မပြုချင်သဖြင့် အဓိပ္ပာယ်သိလိုသော်လည်း မမေးဖြစ်အောင် နေရ၏။

"လူမင်းက၊ ကွမ်းစားရင်၊ ကြည့်မကောင်းဘူး။ နင်လည်း ... စိတ်ဆိုးနေရင်၊ ကြည့်မကောင်းဘူး။ ပြော ...၊ ဘာကို စိတ်ဆိုးနေတာလဲ"

"မဆိုးပါဘူး"

"ဟဲ့၊ ကလေးက၊ လုံချည်တယ် ထင်ပြီး ဘယ်လိုဝှက်ဝှက်၊ လူကြီးဆိုတာ၊ မြင်တတ်တယ်။ မင်း .. တစ်ခုခုဖြစ်နေတယ်၊ ဒါမှ မဟုတ်၊ စိတ်ဆိုးနေတယ်။

ပြော ...။ မှန်မှန်မပြောရင်၊ မမ ... မင်းကို မခင်တော့ဘူး။ သူစိမ်းလို့ပဲ သတ်မှတ်လိုက်တော့မယ်"

ရုတ်တရက် ချက်ချင်း၊ စကားအစ, ရှာမရ။ "အဲဒီလိုတော့

သင်နှင့် မသက်ဆိုင်တော့သည့် မနက်ဖြန်၏ နောက်ဆုံးသတင်း လုပ်ပါနဲ့" ... ဟု၊ ပြောချင်မိသော်လည်း၊ ထိုစကားထက် ပို၍ ပြောတတ်ချင်သည်။

"ပြန်မယ်"

မမ ကြွေမြယံ ထိုင်ရာမှ၊ ထ,၏။ သူ့လက်ကို၊ ကျွန်တော် ဆတ်ခနဲ ဆွဲထားလိုက်မိသည်။

"ဘာတုံး"

"မပြန်ပါနဲ့"

"ဒါဆို ... ပြော။ မင်း, ဘာဖြစ်နေတာလဲ"

မေးရင်း၊ အနားမှာ ပြန်ထိုင်၏။ ဆွဲထားမိသော လက်ကို၊ ပြန်လွှတ်ပေးလိုက်ပြီး ...

"ကျွန်တော်က၊ စကားများတယ်ဆို၊ စပ်စုတယ်ဆို။

ပြောချင်လို့ ပြောတာ၊ သိချင်လို့ မေးတာကို၊ စကားများတယ်၊ စပ်စုတယ် ... ထင်မှာစိုးလို့၊ ကျွန်တော်၊ ဘာစကားမှ၊ မပြောတော့တာ"

ရယ်မောလေ၏။

လက်ပံပွင့်တွေကဲ့သို့၊ ရယ်သံလေး၊ လှသည်။

"ဒါဆို၊ ရှင်က ... ကျွန်မ,ကို၊ စိတ်ဆိုးနေ





www.burmeseclassic.com

www.burmeseclassic.com



တာပေါ့"

"မဆိုးဘူး။ နင့်လို မောင်လေးမျိုး၊ မလိုချင်ဘူးလို့၊ ပြောမှာစိုးလို့"

နှုတ်ခမ်းနှစ်လွှာ ဖိလျက်၊ ပြုံး၍ ကြည့်နေ၏။ ကျွန်တော်က ပါးချိုင့်လေးကို၊ မမြင်ချင်ယောင် ပြုထားလိုက်သည်။

"မမ . . .၊ စကားမှားသွားပါတယ်။ စိတ်ကောင်း မဖြစ်နဲ့တော့။ နော်"

ခေါင်းလှုပ်ရုံမျှ ကျွန်တော် ညိတ်၏။

"ရော့ . . ."

လက်မံပွင့်၊ တစ်ပွင့် ကောက်ပေးသည်။ အဓိပ္ပာယ်မသိဘဲ ကျွန်တော် ယူလိုက်သည်။

"ပန်းပေးတာ။ ပန်းပေးပြီး တောင်းပန်တာ ပန်းပေးရင်၊ ကျေအေးရတယ်။ သိလား"

ပျော်၍ ပြုံးချင်သော်လည်း၊ မပြုံးမိသေး။ မမကြွေမြေ ပေးသော၊ လက်ပံပွင့်လေးကို၊ အင်္ကျီအိတ်ထဲသို့ အသာအယာ ထည့်လိုက်၏။

"မမက . . . မနက်ဖြန် ပြန်ရမှာ။ မင်းတို့ရော ဘယ်တော့ ပြန်မှာလဲ"





"သကြန်ပြီးမှ"

"မမကို၊ ဆုတောင်းပေးဦး"

"ဘာ ဆုတောင်းရမှာလဲ"

"မမ . . . မဖြစ်ချင်တာ၊ မဖြစ်ပါစေနဲ့ပေါ့"

"ဖြစ်ချင်တာ၊ ဖြစ်ပါစေ . . . လို့ ဆုတောင်းရတာ၊ မဟုတ်ဘူးလား"

"ဟင့်အင်း။ မမမှာ . . .၊ ဖြစ်ချင်တာ၊ မရှိဘူး။ မဖြစ်ချင်တာဘဲ . . . ရှိတယ်။"

အဲဒါကြောင့်၊ မဖြစ်ချင်တာ၊ မဖြစ်ရင်၊ တော်ပြီလေ"

"ဟုတ်ကဲ့။ ကျွန်တော် . . . နေ့တိုင်း ဆုတောင်း ပေးပါ့မယ်"

စကားသံ တိမ်နေ တိုးနေသည် . . . ဟု၊ ကိုယ့်ကိုယ်ကိုယ် . . . ၏။

"မင်းက၊ ငယ်သေးတယ်။ ငယ်ရွယ်သူက၊ အ,ကုသိုလ် နည်းပါတယ်။

အ,ကုသိုလ် နည်းတဲ့သူ၊ ဆုတောင်းရင်၊ ဆုတောင်းပြည့်မှာပါ"



www.burmeseclassic.com

www.burmeseclassic.com



"ဖြစ်ချင်တာ၊ ဖြစ်ပါစေ . . . လို့ရော၊ ဆု တောင်းလို့ ရလား . . . မမ"

"ရတာပေါ့။ မင်းက . . . ဘာဖြစ်ချင်လို့လဲ"

"မမနဲ့၊ ရန်ကုန်မှာ၊ ပြန်တွေ့တာမျိုး။ ကျွန် တော် ဖြစ်ချင်တယ်။

ပြန်တွေ့ပါရစေ . . . လို့၊ ဆုတောင်းချင် တယ်"

"အင်း။ တောင်းပေါ့။ ဒါပေမဲ့ . . . မ အတွက်၊ အရင် ဆုတောင်းပေး"

ကျွန်တော် . . . ခေါင်းညိတ်၏။ ပြီးမှ . . .

"မမ . . .။ အ,ကုသိုလ်ဆိုတာ ဘယ် ဟာမျိုးလဲ"

"မကောင်းမှုအားလုံး၊ အ,ကုသိုလ်ပေါ့"

"အဲ . . . အဲဒါ၊ မရှိအောင်၊ တစ်သက်လုံး ဘာလုပ်ရမလဲ"

"ကုသိုလ်များများ လုပ်ရတယ် . . . ကုသိုလ်များရင်၊ အ,ကုသိုလ် မရှိတော့ဘူး"

"ကျွန်တော် . . . အ,ကုသိုလ် မရှိချင်ဘူး"





"ကောင်းတယ်။ သာဓု . . . သာဓု . . . သာဓု"

"ဘာလို့ သာဓုခေါ်တာလဲဟင်"

"ကောင်းမြတ်ပါပေတယ် . . . လို့ အားပေး စကား ပြောတာလေ။ အ,ကုသိုလ်၊ မရှိချင်ဘူး . . . ဆိုတာ၊ ဒါ . . . သူတော်ကောင်း စကားပဲ"

"အဲဒါ . . ၊ ကျွန်တော် မသိဘူး။ အ,ကုသိုလ်၊ နည်းတဲ့သူ၊ ဆုတောင်းရင်၊ ဆုတောင်း ပြည့်တယ် . . . ဆို။

မမအတွက်၊ တောင်းပေးရမယ့် ဆုတောင်း။ ပြည့်စေချင်လို့၊ ကျွန်တော်။ အ,ကုသိုလ်၊ မရှိချင် တာ"

"မင်း အတွက်ရော၊ မပါဘူးလား"

"အင်း . . .။ နှစ်ယောက်စလုံးအတွက်ပေါ့။ မမက၊ မဖြစ်ချင်တာ မဖြစ်ပါစေနဲ့။ ကျွန်တော်က . . . ကျွန်တော် ဖြစ်ချင်တာ ဖြစ်ပါစေ။ အဲလို . . . ဆုတောင်းမယ်"

မမ ကြွေမြယံ၏ မျက်နှာလေး မှိုင်းသွားသည် . . . ကို၊



www.burmeseclassic.com

www.burmeseclassic.com



သတိပြုမိ၏။ စပ်စုတယ် ... ဟု၊ ထင်မှာစိုးသဖြင့်၊ ကျွန်တော် ... ဘာမျှ မမေးဖြစ်ခဲ့တော့ချေ။ လေပြည်က ... နွေနေကြောင့် ပူလွှန်း၏။

❀ ❀ ❀



## (၆)

မမ ကောက်ပေးခဲ့သော၊ လက်ပံပွင့်လေး တစ်ပွင့်တည်းကို ...ကို အိတ်ထဲတွင်၊ ဖွဖွရွရွ ထည့်ပြီး၊ ကျန်အပွင့်များကို၊ သတင်းစာ ...ဖြင့်၊ ရောနှော ထုပ်ပိုးပြီး၊ ဘွားလေး ဒေါ်လှကြည်ကို၊ ကျွန်တော် ...လိုက်၏။

"အဲဒါ ... ဘယ်လိုချက်ရတာလဲဘွားလေး"

ဘွားလေး ဒေါ်လှကြည်က ...

"ကောက်လာပြီးပြီးချင်း၊ ချက်ရတာ မဟုတ်ဘူး မောင်စံရဲ့။ နေခြောက်လှန်းရသေးတာ။ အတော်ခြောက်သွားမှ၊ ခရမ်းသီးခြောက်နဲ့၊



www.burmeseclassic.com

www.burmeseclassic.com



ရောချက်ကြတာ၊ သူ့ချည်းဆို၊ မာလွန်းတယ်ကွယ့်

"ဘာဖြစ်လို့ နေ လှန်းရတာလဲဟင်"

"ကြာကြာခံသပေါ့"

"နေလှန်းထားရင်၊ ကြာကြာခံတယ် ... ဟုတ်လား"

"အဲပ"

အင်္ကျီအိတ်ထဲမှ၊ လက်ပံပွင့် နီနီရဲရဲလေးကို၊ နေလှန်း[ ] ကျွန်တော် ... တွေး၏။ အဘွားဒေါ်အေးရီ မသိအောင်၊ လှန်းရ[ ] မည်။ ဒါမှမဟုတ်၊ အဝတ်အိတ်ထဲ၊ ဖွဖွသိမ်းထားပြီး၊ ရန်ကုန်ရောက်[ ] ဆက်လှန်းမည်။

လက်ပံပွင့် နီနီရဲရဲလေးကို၊ ငုံ့ကြည့်မြတ်နိုးလျက်၊ မမကြ[ ] မြွယ်၏ အသည်းနှလုံးလေး ... ဟု၊ ထိုစဉ်က, ကျွန်တော် မတင်[ ] တတ်သည့်တိုင်၊ ဘဝ၏ အထူးလက်ဆောင် ရတနာပွင့်ဦးတစ်[ ] ... ပမာ၊ တသ, မြတ်နိုးဖြစ်ခဲ့၏။

သဏ္ဌာန်နီရဲ လှပ,ရှုံ့မှ တစ်ပါး၊ ရနံ့မမွှေးသော အပွင့်အ[ ] ဖြစ်ပါလျက်၊ ယုယမွှေးရှူမိခဲ့သည်မှာ ... အကြိမ်ကြိမ်၊ အခါခါ



## သင်နှင့် မသက်ဆိုင်တော့သည့် မနက်ဖြန်၏ နောက်ဆုံးသတင်း

မမကြွေမြွယ် ရန်ကုန်မပြန်မီ၊ မနက်စောစောတွင်၊ ရွာဦးစေတီတော်သို့၊ မမကြွေမြွယ်နှင့် အတူတူ၊ သွားခွင့်ရခဲ့၏။ မနေ့က, အတူထိုင်ခဲ့ရာ၊ လက်ပံပင် မြစ်ဆုံကြီးကို၊ ငေးကြည့်ရှုံသာ၊ ကြည့်နေခြင်းဖြစ်၏။

"မမကို၊ ကျွန်တော် လက်ဆောင် ပေးချင်တယ်။ ဒါပေမဲ့ ..., အခု မဟုတ်ဘူး။ ဒါပေမဲ့ ..., အခု ပေးနိုင်ရင်၊ သိပ်ကောင်းမှာပဲ"

"မင်းက၊ ဘာလက်ဆောင် ပေးမှာမို့၊ အခုတွေ ... နောက်တွေ၊ ပြောနေရတာလဲ"

"ပန်းချီကား ပေးချင်တာ။ ဒါပေမဲ့, ကျွန်တော် ပန်းချီ မဆွဲတတ်ဘူး။

မန်ကျည်းပင်တွေအောက်မှာ၊ မမ ... မန်ကျည်းသီးကောက်နေတာကို၊ ဆွဲချင်တာ"

"နှစ်ယောက်အတူ ကောက်ကြတာပဲ၊ မင်းပုံပါ၊ ထည့်ဆွဲပေါ့"

"အင်း ...၊ ကောင်းတယ်။ ဒြော် ...၊



www.burmeseclassic.com

www.burmeseclassic.com



မမ ပေးထားတာကို၊ ကျွန်တော် . . . တစ်သက်လုံး သိမ်းထားမယ်။ သိလား”

“ဟဲ့။ ဘာတုံး။ ငါ . . . , ဘာပေးလို့လဲ”

“လက်ပံပွင့်”

“ဟဲ့ . . .၊ အဲဒါ . . . ဟင်းချက်စားဖို့ ပေးတာ”

“မဟုတ်ဘူးလေ။ ဟင်းချက်ဖို့၊ ပေးတဲ့ အပွင့်တွေကို၊ ပြောတာမဟုတ်ဘူး။

ကျွန်တော့်ကို၊ တောင်းပန်တယ် . . . ဆိုပြီး ပေးတဲ့ . . . အပွင့်။ အဲဒီ . . . အပွင့်တစ်ပွင့်တည်းကို သိမ်းထားမှာ”

“စံပလာရယ်။ အဲဒါ . . . သိမ်းထားရမယ့် ပန်းမျိုးမှ မဟုတ်တာ။ ပန်လို့မရတဲ့ . . . ပန်း။ ပန်လေ့မရှိတဲ့ . . . ပန်း။

ပန်းလို့တောင် ခေါ်တာမှ မဟုတ်တာ။ အပွင့် . . .၊ လက်ပံပွင့်။ လက်ပံပန်းမှ မဟုတ်တာ။ ဘာဖြစ်လို့၊ သိမ်းမှာလဲ”

“အနံ့မမွှေးလို့၊ ပန်း . . . အဖြစ်၊ မသတ်





မှတ်ကြတာ နေမှာပေါ့။ ဒါပေမဲ့ . . . , လက်ပံပွင့် လည်း။ လှတာပဲ . . . မမရဲ့။

အင်း . . .။ လှလှ . . . မလှလှ။ မွှေးမွှေး မမွှေးမွှေး။ မမ ပေးလို့၊ သိမ်းထားမှာ”

ကျွန်တော့် နဖူးလေးကို၊ မမ ကြွေမြယံ လက်ဖျားလေးဖြင့် သှမ်းပုတ်၏။

“မမက . . .၊ မင်း . . . ,စိတ်ဆိုးပြေရုံ ပေးလိုက်တာလေ”

“ဘယ်လိုပဲ ပေးပေးပေါ့။ ကျွန်တော် . . .၊ အခုမှ . . . စဉ်းစားမိတယ်။

လက်ပံပွင့်က၊ အနံ့မရှိပေမယ့်၊ အပွင့်လှပါတယ်။ ဟို . . . လက်ခုပ်ပွင့်လို၊ အပွင့်လှပြီး၊ အနံ့ဆိုးတာထက်စာရင်၊ လက်ပံပွင့်က၊ တော်သေးတာပေါ့”

“အမလေး၊ တင်စားတတ်လိုက်တာ။ အနံ့မရှိတဲ့အပွင့်ကို၊ ဂုဏ်တင်နေလိုက်တာ။

အဲဒီ . . . လက်ပံပွင့်ကြီး၊ သိမ်းထားတာ၊ အရူ များတွေ့ သိရင်၊ မင်းကို . . . လှောင်ကြမှာပေါ့”



www.burmeseclassic.com

www.burmeseclassic.com



"အဆိုတော် ကိုင်ဇာ" ၏ ××× "လှောင်ပြောင်ကျီစယ် သွားရင်၊ အားငယ်မိမလိုကွယ် ××× ချစ်သူရှိရင်၊ ကိုယ် ... သိပ် ပျော်မိမယ် ×××" ... ဟူသော၊ သီချင်း စာသားလေးကို၊ မမ မကြားအောင်၊ စိတ်ထဲမှ သီဆိုလိုက်မိသည်။

"မန်ကျည်းပင် အောက်မှာ၊ ရိုက်ထားတဲ့ ဓာတ်ပုံ။ မမ ... လာပေးမှာလား"

"အားရင်၊ လာပေးမှာပေါ့။ မအားရင်၊ စာ တိုက်က, ပို့ပေးမယ်။

အင်း ...။ မင်းကို, ဘယ်လိုပြောရင် ကောင်းမလဲ"

မမကြွေမြယံ စဉ်းစားဟန်ပြု၏။ ကျွန်တော်က,တော လက်ပံပင်ကြီးကိုသာ၊ ငေးကြည့်နေမိသည်။ မနေ့က, နေ့လယ်ခင်း လောက်၊ လက်ပံပွင့်တွေ၊ မကြွေသေး။

"ဓာတ်ပုံကို၊ မမကိုယ်တိုင်၊ လာပေးဖြစ်ရင် မမ ...။ မဖြစ်ချင်တာ ... မဖြစ် ... လို့၊ လာ နိုင်တယ် ... လို့၊ သဘောပေါက်။

အင်း ...။ စာတိုက်က,ပဲ ဖြစ်ဖြစ်၊ တခြား နည်းနဲ့ပဲ၊ ဖြစ်ဖြစ်၊ မမ ကိုယ်တိုင်မလာဘဲနဲ့၊ မင်း





ကို၊ ဓာတ်ပုံ၊ ရောက်လာတယ်ဆိုရင်တော့၊ မမ ...၊ မဖြစ်ချင်တာ ဖြစ်သွားရပြီ ... လို့၊ မင်း, တွေးပေါ့။ နော်"

"ကျွန်တော် ... ဆုတောင်းပေးမယ်လေ"

အားမဲ့စွာ၊ ကျွန်တော် အားပေးမိ၏။

မမက ...,

"ဆုတောင်းတိုင်း၊ ပြည့်ကြတာမှ မဟုတ် တာ"

အားငယ်စွာသော ... လေသံဖြင့်၊ ပြော၏။ ကျွန်တော်က,

"အကုသိုလ် နည်းတဲ့သူ၊ ဆုတောင်းပေး ရင်၊ ဆုတောင်းပြည့်တယ်ဆို။ မမပဲ ပြောထားပြီး တော့"

သက်ပြင်းချသံကို၊ ပီသ,စွာ ကြားရ၏။

"အကုသိုလ်ဆိုတာ၊ အခု ... ဘဝ၊ နည်းပါ တယ် ဆိုရင်တောင်၊ အတိတ်ဘဝက၊ အငွေ့အသက် က၊ ရှိနေတတ်သေးတာ။

အဲဒီ့ ကံအပေါင်းရှိနေရင်၊ ဘယ်လိုလုပ် ဆု တောင်းဆုပြည့်မှာလဲ"



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော် ...၊ တော်တော် နားရှုပ်သွားသည်။

“ပြည့်ပြည့် မပြည့်ပြည့် ...မမရယ်။ ကလေးပေါက်စနလေးတောင်၊ အော်ငိုပါ ... များရင်၊ မုန့်စားရသေးတာပဲ။

ကျွန်တော်လည်း၊ ကလေး ပေါက်စနလေး အော်ငိုသလိုမျိုး၊ တတွတ်တွတ် ဆုတောင်းမှာပေါ့”

အပြုံးမျက်နှာကို၊ မြင်ရ၏။ ပါးချိုင့်လေး တစ်စုံက၊ နှုတ်ဆက်နေသယောင်။

“ဘာပဲဖြစ်ဖြစ်လေ။ ပြဿနာက,နေ၊ ထွက်မပြေးချင်လို့သာ၊ လှည့်ပြန်ရတာပဲ။

လွတ်လပ်ရေး ဖခင်ကြီး၊ ဗိုလ်ချုပ်အောင်ဆန်းရဲ့ စကားနဲ့၊ မနှိုင်းကောင်း၊ နှိုင်းကောင်း၊ နှိုင်း ပြောရရင် ...

အကောင်းဆုံးကို၊ မျှော်လင့်တာပဲ၊ အဆိုးဆုံး ဖြစ်လာရင်လည်း၊ ရင်ဆိုင်ဖို့ အသင့်ပဲ ...တဲ့၊ မမလည်း ...အဲဒီလိုပဲ၊ နှလုံးသွင်းရမှာပေါ့”

“မမ ...။ ခုနက ...ဗိုလ်ချုပ်အောင်ဆန်းရဲ့စကား၊ ပြန်ပြောပြပါ။ ကျွန်တော် မှတ်ထားချင်





လို့”

“မှတ်၊ အင်္ဂလန်ကို၊ လွတ်လပ်ရေး တောင်းဖို့၊ အသွား။ လမ်းမှာ ...အိန္ဒိယမှာလို့ ထင်တယ်။

ဗိုလ်ချုပ်ကို၊ သတင်းထောက်တွေက၊ တောင်းလို့ မရရင် ...၊ ဘာလုပ်မလဲလို့ မေးတော့၊ ဗိုလ်ချုပ်က ...ဖြေလိုက်တာ။

အကောင်းဆုံးကို၊ မျှော်လင့်ပါတယ်၊ ဒါပေမဲ့ ...၊ အဆိုးဆုံး ဖြစ်လာရင်လည်း၊ ရင်ဆိုင်ဖို့ အသင့်ပါပဲ ...တဲ့”

“အဲဒါ ...ဘာအဓိပ္ပာယ်လဲဟင်”

မမက ...၊ ကျွန်တော့် နားရွက်ကို၊ ဖွဖွလိမ်ဆွဲလျက်...

“အေးအေးဆေးဆေး၊ တောင်းလို့မရရင်၊ ချမယ် ...လို့၊ ပြောတာပေါ့ဟဲ့”

“မမလည်း၊ မမ အိမ်ကို၊ အဲဒီလို ပြောလိုက်ပါလား”

“ဘယ်လို ပြောရမှာတုံး”

“အေးအေးဆေးဆေး၊ တောင်းလို့ မရရင်၊ ချမယ် ...လို့၊ ပြောလိုက်ပေါ့”



www.burmeseclassic.com

www.burmeseclassic.com



မမ . . . ရယ်လျက်၊ ကျွန်တော့်ကို ပခုံးပုတ်၏။ ကျွန်တော် အတည်ပြောခြင်းကို၊ နောက်ပြောင်သည် . . . ဟု၊ ထင်လေသည်။

ကျွန်တော့်မှာ . . .၊ မရယ်ချင်ဘဲ၊ ရယ်နေလိုက်ရ၏။ မမ အတွက် . . ., ကျွန်တော် . . . မိုလ်ချုပ်အောင်ဆန်း ဖြစ်ချင်သည်။

❀





## လက်ပံပွင့်

နွေခေါင်ခေါင်
အောက်မှာတောင်မှ
အဆင်းက . . .,ရဲရဲနီ။

တို့ . . .,ရင်ထဲက
စိန်ပန်းပွင့်တွေလိုပဲ၊
လေထဲမှာ . . .
လှလှပပ, . . . က,သေးတယ်။
လေပြင်းတိုက်လေ
ကြွေရဲလေ . . . ။



www.burmeseclassic.com

www.burmeseclassic.com

**မောင်လူချို** ([illegible])

မိုးရေ့
တစ်ဝ, သောက်ခဲ့ပါလျက်,
နွေကြောင့်,
ရန့်ကင်းခဲ့လေသလား။

ရနံ့မရှိတဲ့ . . . ဝတ်ဆံ
မသင်းပျံ့တဲ့ . . . ပွင့်ဖတ်အနီ၊
သေပေမယ့် . . . မပျောက်။
ထို . . . ပန်းခြောက်လေး
အနီသွေးက,
(ကောင်းကင်ကို၊ နှုးမထောက်သလို)
နွေရဲ့ နေအောက်
ရဲရဲတောက် . . .။ ။



## သင်နှင့် မသက်ဆိုင်တော့သည့် မနက်ဖြန်၏ နောက်ဆုံးသတင်း

မမ ကြွေမြယံ၊ ရန်ကုန်ပြန်သွားသောအခါ၊ နွေလယ်ဖက်[illegible] လက်ပံပင်ကြီးအောက်သို့၊ ကျွန်တော် တစ်ယောက်တည်း[illegible]ထိုင်နေဖြစ်သည်။

နေစောင်း ညနေခင်းတွင်မူ၊ မနက်ကျည်းပင်တန်းအောက်သို့[illegible]တော် . . . ,ရောက်၏။ မမကြွေမြယံ၊ကောက်ပေးခဲ့သည့်၊ လက်[illegible]လေး၏ အနီသွေးက၊ ထိုရက်ပိုင်းမှာအတွင်း၊ အရောင် မမှိန်သေး[illegible]လျက် ရှိသေးသည်။

ပင်ယံထက်က၊ အခြားအပွင့်တွေ၊ ရဲရင့်နီဝေနေသကဲ့သို့[illegible]တော် . . . ,သိမ်းထားရာ၊ အပွင့်ကြွေလေးသည်လည်း၊ ကြွေနေ[illegible]မှ၊ နီရဲလှပနေပါသေး၏။

ကာလ,ကြာလွန်၍၊ အရောင်ပြောင်းသွားမည်ဆိုလျှင်တောင်[illegible]ဝ, အနီသွေးလေးကို၊ ကျွန်တော် . . . တွေးလျက် မြင်ယောင်[illegible]သည်။



www.burmeseclassic.com

www.burmeseclassic.com

## (၇)

ကျွန်တော် ရန်ကုန်ပြန်ရောက်ပြီး နှစ်လ,ခန့်ကြာမှ၊ စာတိုက်မှတစ်ဆင့်၊ ဓာတ်ပုံ တစ်ပုံ ရောက်လာသည်။

ထိုသို့ စာတိုက်မှ ရောက်လာသော စာအိတ်တွင်၊ ပေးပို့သူ၏ အမည်၊ လိပ်စာ၊ ပါမလာ။ မမ ကြွေမြိုယ် ပေးပို့သည်မှန်း မပါလျက်၊ မမ၏ နေရပ်လိပ်စာကို၊ ကျွန်တော် သိခွင့်မရ။

"စာတိုက်ကပဲ ဖြစ်ဖြစ်၊ တခြားနည်းနဲ့ပဲ ဖြစ်ဖြစ်၊ မမ,ကိုယ်တိုင်၊ မလာဘဲနဲ့။ မင်းဆီကို၊ ဓာတ်ပုံ ရောက်လာတယ် ဆိုရင်တော့၊ မမ, မဖြစ်ချင်တာ ဖြစ်သွားရပြီ . . . လို့ မင်း . . . တွေးပေါ့။ နော်"



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော့် ဆုတောင်း၊ မပြည့်တော့ပါလား . . . ဟု ကျွန်တော် တွေးတတ်ခဲ့သည်။

အဌမတန်းသို့ ကျွန်တော် . . . အမှန်တကယ် တက်ရော ရမည်ဖြစ်ကြောင်းနှင့်၊ ကျွန်တော် လိုချင်တောင့်တခဲ့သည့် ဓာ လေး ကျွန်တော့်ထံသို့၊ ရောက်ရှိပါပြီ ဖြစ်ကြောင်း၊ မမကြေ ဆီသို့၊ ပြန်လည် အကြောင်းပြန်ခွင့်၊ ကျွန်တော့်မှာ . . . မရ။

ကျွန်တော် အ,ကုသိုလ်များနေသောကြောင့်၊ ကျွန် ဆုတောင်း၊ မပြည့်ဝခဲ့ရခြင်း ဖြစ်သည် . . . ဟု၊ ရင်ထဲ, စိတ်ထဲ သေသေချာချာ၊ ဝမ်းပန်းတနည်း၊ စွဲမှတ်ခဲ့လေ၏။

ထို နေ့၏, အလွန်၊ တခြားသော နေ့ကာလ,များ ကျွန်တော် . . . ပန်းချီရေးဆွဲခြင်း အတတ်ပညာကို၊ မက်မက် မော ဆည်းပူးဖြစ်လေသည်။

ပန်းချီကား တစ်ကားမျှကိုသာ၊ ရေးဆွဲလိုသော စိတ် ပန်းချီရေးဆွဲခြင်း အတတ်ပညာကို၊ သင်ယူခဲ့သည်မှာ၊ လော စရာဖြစ်ကောင်း ဖြစ်နိုင်ပါသည်။

တချို့တချို့သော ကိစ္စများသည်၊ ကြားရ, မြင်ရ, သူများအဖို့၊ ရယ်မောစရာ ဖြစ်လင့်ကစား၊ ကိုယ်တိုင် ခံစာ အဖို့မှာ၊ ရယ်မောဖို့, မဖြစ်နိုင်ခဲ့။





ဥပမာ။ ။ ခွေးတစ်ကောင်၏ အမြီးတွင်၊ အသံမြည်နိုင်သော . . . အရာဝတ္ထုတစ်ခုခု၊ (နို့ဆီခွက်လိုဟာမျိုး) ကို၊ ကြိုးဖြင့် ချည်နှောင်ကာ၊ လမ်းလယ်ကောင်တွင်၊ လွှတ်ထားလိုက်သည် ဆိုပါ စို့၊

လမ်းမ, လယ်ကောင်တွင်၊ ထိုခွေးတစ်ကောင်နှင့်၊ သူ့အမြီးမှာ . . . ,နို့ဆီခွက်တတ်ထားသော၊ ကြိုး၊ အချည်ခံထားရသည့် အဖြစ်အပျက်သည်၊ လူတွေ အဖို့တော့၊ တော်တော်ရယ်စရာကောင်းနေကြပါလိမ့်မည်။

သို့သော် . . . ထိုခွေး၏ ဝေဒနာ, ခံစားမှု၊ ထိတ်လန့်မှု၊ လွတ်မြောက်လိုမှုကို၊ စာနာကြည့်မှု၊ သိမြင်မေမည်။

ထို့အတူ၊ ထိုခွေး၏ ဝေဒနာကို၊ စာနာသကဲ့သို့ ကျွန်တော့်အဖြစ်အပျက်ကိုလည်း၊ စာနာခံစားကြည့်မှသာ၊ မည်၍ . . . မည်မျှ ခံစားရကြောင်း သိသာနိုင်ပေမည်။

လောက,၌ . . . ၊

မည်သည့်ကိစ္စမျိုးကိုမဆို၊ အဓိပ္ပာယ်မဲ့သည် . . . ဟု၊ မည် သူတွေ . . . မည်သို့ဆိုဆို၊ ခံစားရင်ဆိုင်နေရသူအဖို့၊ အဓိပ္ပာယ်မဲ့ ခြင်းကိုက၊ လေးနက်သော . . . အဓိပ္ပာယ်၊ နက်ရှိုင်းသော ခံစားမှု၊ ခြင်းပြသော . . . ဆန္ဒဇော၊ . . . စသည်ဖြင့်၊ များစွာသော အဓိပ္ပာယ်



www.burmeseclassic.com

www.burmeseclassic.com



များ၊ သက်ရောက်နေစေသည်။

လောက,၌၊ အဓိပ္ပာယ်မရှိ . . . ဟူသော ကိစ္စ၊ တစ်ခု
မရှိပါ။ အဓိပ္ပာယ် မရှိ . . . ဟု၊ တွေးထင်မိလျှင်၊ အမှန်တကယ်က
အဓိပ္ပာယ်မသိသေးခြင်းသာ၊ ဖြစ်ပေမည်။

အဓိပ္ပာယ်မသိသေးသော အရာကို၊ မနီးစပ်ဖူးဘဲ၊ ဘာသ
ပြန်မည် . . . ဆိုပါက၊ အယူအဆ, အမျိုးမျိုး၊ ကွဲပြားသွားကြ
လိမ့်မည်။ အဓိပ္ပာယ်အမျိုးမျိုး၊ သတ်မှတ်မိကြပေလိမ့်မည်။

ချစ်ခြင်း ဟူသည်လည်း . . .

ထိုနည်းလည်းကောင်း . . .။ ထွင်းဖောက်ခံစားနိုင်မှုမ
ဘဲလျက်၊ ဘာသာပြန်၍ မရစကောင်း။

※ ※ ※



သံယောဇဉ် မြေယာမှာ
အချစ်ကို စိုက်ပျိုးခဲ့တာ
အလွမ်းပွင့်တွေ . . . ပွင့်ထယ်။



www.burmeseclassic.com

www.burmeseclassic.com

(၈)

အိမ်၏ ညေ့ခန်းတွင်၊ ချိတ်ဆွဲထားသည့်၊ "ကြွေမြယံ" အမည်ရှိ ပန်းချီကားကို၊ နေခြည်သော်နှင့် သုသုတို့က၊ မတ်တတ်ရပ်၍၊ အနီးကပ် သွားကြည့်ကြသည်။ ကြည်လင်နှင့် မင်းစိုးခ,တို့က၊ ထိုင်နေရင်းမှသာ၊ ကြည့်ကြ၏။

နေခြည်သော်နှင့် သုသုတို့၊ နေရာတွင် ပြန်ထိုင်ကြသည်။ သုသုက စားပွဲပေါ်ရှိ၊ အချိုရည်ကို၊ တစ်ငုံမျှ၊ သောက်လိုက်သေးသည်။ ပြီးမှ . . .

"နင် . . . ပြောတဲ့၊ မမ ကြွေမြယံက၊ ဒီ . . . ပန်းချီကားထဲက,လို၊ လှလှလေးပေါ့။ ဟုတ်



www.burmeseclassic.com

www.burmeseclassic.com



လား"

"ဓာတ်ပုံကို ကြည့်ဆွဲတာလား" ... ဟု၊ နေခြည်သော်

မေးဇါ။

ကျွန်တော်က ...

"ဓာတ်ပုံကို ကြည့်ဆွဲတာ။ ဒါပေမဲ့ ....

ဓာတ်ပုံထဲမှာ ...၊ ငါပါ ...၊ ပါနေတယ်။

တကယ်တမ်း၊ အဲဒီ ဓာတ်ပုံကို၊ ကြည့်ပြီး

... ပန်းချီ ရေးတော့မယ့်အခါမှာ ...၊

ငါ့ နှလုံးသားက၊ ငါ့ကို၊ လက်မခံတော့ဘူး။

ဓာတ်ပုံ ... လက်ထဲကို၊ ရောက်ရောက်ချင်း၊ ငါ

... စိတ်ကူးယဉ်ခဲ့တာက၊ ဓာတ်ပုံထဲက အတိုင်း။

မမနဲ့ ... ငါ၊ မန်ကျည်းပင်တွေအောက်မှာ၊ မန်

ကျည်းသီး ကောက်နေတဲ့၊ အတူတူ ... ဆိုတဲ့၊

ခံစားချက်ကလေးကို၊ ဆွဲချင်ခဲ့တာ။

ဒါပေမဲ့ ...။ တကယ့် အနုပညာက၊ မမ

ဘေးနားမှာ၊ ငါ့ကို မထားတော့ဘူး။ အဲဒါကြောင့်၊

ပန်းချီကားထဲမှာ၊ မမ တစ်ယောက်တည်း၊ ဖြစ်သွား

တာ"





"သူ့နာမည် ကြွေမြယ်မို့၊ ပန်းချီကားကို၊ ကြွေမြယ် ... လို့

နာမည်ပေးထားတာလား" ... ဟု၊ ကြည်လင် မေး၏။ ကျွန်တော်က

... တကယ့် ပန်းချီဆရာကြီးတစ်ဦး၏ အိုက်တင်ဖြင့် ...

"အဲဒါ ...၊ ငါ့၊ ပြောခွင့်မရှိဘူး။ မင်းတို့ရဲ့

ခံစားပိုင်ခွင့်။

ကြွေရုပ်လေးလို လှပတဲ့ မင်းသမီးလေး တစ်

ပါး၊ မြစိမ်းရောင် အလင်းတန်းလေးဆီကို၊ ကောင်း

ကင်ယံက၊ ကျလာတာ ... လို့၊ ခံစားမယ်ဆိုလည်း

... ခံစား။

ကြွေရုပ်လေးလိုလှတဲ့ မြနန်းစံမင်းသမီးလေး၊

ကောင်းကင်ယံက,နေ၊ လူ့ပြည်ကို ခဏရောက်ရှိ၊

ကြည့်ရှုနေတယ် ... လို့၊ မြင်ချင်လည်း ... မြင်။

ကြွေမြယ် ... လို့၊ ခေါ်တဲ့ အမျိုးသမီးကို၊

ရေးဆွဲထားတဲ့ ပန်းချီကားမို့၊ ကြွေမြယ် ... လို့၊

အလွယ်တကူ နာမည်ပေးထားတယ် ... ထင်ချင်

လည်း ... ထင်။

ပန်းချီကားကိုပဲ၊ ဘောင်ခတ်ထားတာ။ အနု

ရသကို၊ ဘောင်မခတ်ထားဘူး"



www.burmeseclassic.com

www.burmeseclassic.com



သုသုက ... "အလဲ့" ... ဟု၊ ခေါင်းလေးပုကား၊ ကျွန်တော့်ကို ကျီစယ်ပြီး ...

"ငါ ... တစ်ခုလောက် မေးချင်တယ်"

"မေး"

"နင်က ...၊ အပျော်တမ်း ပန်းချီဆရာဆိုတော့၊ သိပ္ပံမလား ... လို့"

အထင်သေးဟန်ပြုလျက်၊ ပြောလေ၏။ ကျွန်တော်က ...,

"အနုပညာ အလုပ်ဆိုတာကို၊ အပျော်တမ်းပဲ လုပ်လုပ်၊ အသက်မွေးဝမ်းကျောင်းအဖြစ်ပဲ လုပ်လုပ်၊ အဲဒီ့ အနုပညာကို၊ မချစ်ဘဲ ... မသိဘဲ လုပ်လို့ မရဘူး။ မေးလိုက်စမ်းပါ၊ မေးစမ်းပါ။ နင်သိချင်တာကို"

သုသုက, ပန်းချီကားကို၊ ပြန်လည်ငေးလျက် ...,

"အနုပညာဆိုတာ ဘာလဲ"

ပန်းချီကား ရှိရာသို့ ကျွန်တော် ထ,သွားသည်။ ပြီးမှ ...

"အနုပညာဆိုတာ၊ နုနုဖပ်ဖပ်ပညာ မဟုတ်ဘူး။ တော်တော်များများက၊ အနုပညာဆိုရင်၊ လှလှပပ, နူးနူးညံ့ညံ့၊ ပျော့တိပျော့ဖပ်လို့၊ ထင်တတ်ကြတယ်"

"အင်းလေ။

အနုပညာပါ ... ဆိုမှတော့၊ အဲဒီလိုပဲ မဟုတ်ဘူးလား"

"မဟုတ်ဘူး။ အနုပညာဆိုတာ၊ အနုစိတ် ခံစား, တွေးဆ, ခြယ်မှုန်းပြီး၊ အနုစိတ် ... တင်ပြနိုင်တဲ့၊ ပညာ။

ဘီလူးကြီး ... ဆိုရင်လည်း။ ဘီလူးကြီးတစ်ကောင်ရဲ့, မွေးညင်းက အစ၊ ခြေသည်း အဖျားလေး အဆုံး။

မင်းသမီးလေး ဆိုရင်လည်း၊ မင်းသမီးလေးရဲ့ မျက်တောင်တစ်ကော့၊ မျက်လုံး တစ်ဝေ့က,နေ၊ ဆံပင်ဖျားလေး အထိ။ ကြွနေအောင်, လှနေအောင်၊ မြင်သာအောင်။ တင်ပြနိုင်တဲ့ ... ပညာ။

စာနဲ့ ရေးပြရရင်လည်း ... အနုစိတ်။ သီချင်းနဲ့ ဆိုပြရရင်လည်း ... အနုစိတ်။ ပြဇာတ်, ရုပ်ရှင်, သဘင်, ဂီတ, ပန်းချီ, ပန်းပု, ပန်းတော့, ပန်းတမော့၊ ဘယ်ပညာနဲ့ ပြပြ။ အနုစိတ်, ထွင်းထု





www.burmeseclassic.com

www.burmeseclassic.com



ခြယ်သ ပြနိုင်ရင်။ အဲဒါ . . . အနုပညာပဲ။ နှပ်
ခွေကျနေတာ၊ အနုပညာ မဟုတ်ဘူး။

မြဲမြဲ မှတ်ထား။

မသေမချင်း မှတ်ထား"

"မသိပါဘူး။ ငါက . . . အနုပညာဆိုတာ
နူးညံ့နေတဲ့ ပညာမှတ်လို့"

"ကြမ်းတမ်းတယ်၊ နူးညံ့တယ် . . . ဆိုတာ
မျိုးနဲ့ အနုပညာကို၊ တိုင်းတာလို့ မရဘူး။

ဥပမာ။ ။ ဖြူဖပ်ဖြူရော်၊ ရုပ်ရှင်မင်းသား
တစ်ယောက်က၊ မုဆိုးကြီးတစ်ဦးအဖြစ်၊ သရုပ်
ဆောင်ရပြီဆိုပါတော့။

မှတ်ဆိတ်မွေး၊ နှုတ်ခမ်းမွေးတပ်။ တောလိုက်
သေနတ် ပခုံးတင်ရုံနဲ့ သူ့အနုပညာ အရည်အချင်း
မပီသ,နိုင်ဘူး။

မုဆိုးတစ်ယောက်ရဲ့မျက်လုံး၊ ခြေလှမ်း
စရိုက်၊ စိတ်၊ စကား၊ အကုန်လုံး၊ အသေးစိတ်၊ ပြ
နိုင်မှ၊ အဲဒါ . . . အနုပညာ၊ နားရှင်းရဲ့လား"

"ရှင်းပါ့။ ရှင်းပါ့"





"ငါက,တော့၊ အနုပညာတွေ၊ ဘာတွေ၊
မမေးချင်ပါဘူး။ ငါ . . . မေးချင်တာက,တော့၊ အချစ်
နဲ့ ပတ်သက်တယ်"

မင်းစိုးခ,က၊ စကားပျိုး၏။ ကျွန်တော် . . . သူ့ရှေ့တွင်
ထိုင်သည်။

"အချစ်။ ဟုတ်လား . . . မင်းစိုးခ"

"အေး"

"မင်း . . . ၊ လူမှားနေပြီ ထင်တယ် မင်းစိုးခ။
အဲဒီ့ ဘာသာရပ်ကို၊ ငါ . . . မကျွမ်းကျင်ဘူး"

"မေဂျာဘာသာ၊ မဟုတ်ရင်တောင်၊ မိုင်နာ
ဘာသာ အဖြစ်လောက်တော့၊ မင်း . . . တီးမိ ခေါက်
မိမှာပါ"

ပန်းချီကားထဲရှိ မမကြွေမြယံကိုသာ၊ ကျွန်တော် လှမ်းကြည့်
လိုက်မိသည်။

"ဒီလိုကွ။ ငါ မေးချင်တာက"

"အင်း"

"ဘဝ တစ်လျှောက်လုံး။ အခု . . . အသက်
အစိတ်ပြည့်တဲ့အထိ၊ ရည်းစားတစ်ယောက်တောင်၊



www.burmeseclassic.com

www.burmeseclassic.com



မင်း ... မထားခဲ့တာဟာ၊ မမကြွေမြယံနဲ့ ပတ်သက်

နေသလား"

နေခြည်သော်က ...

"သူ့ကို၊ ကြိုက်မယ့်သူ မရှိတာလည်း၊ ဖြ

နိုင်တာပဲဟယ်"

အားလုံး ရယ်ကြသည်။ ကျွန်တော်ပါ၊ ရယ်ရ၏။ အရယ် ရပ်ပြီးမှ ...,

"ကြိုက်မယ့်သူ ... မရှိလို့ မဟုတ်ဘူးဟေ့

ငါ ... တွေ့ခဲ့မြင်ခဲ့သမျှ၊ မိန်းကလေးတွေအားလုံး

နင်တို့ ... နှစ်ယောက်လိုပဲ။ ကြိုက်ချင်စရာ၊ တ

စက်မှ မရှိဘူး။

အမေ မွေးထားတုန်းက၊ ပါလာတဲ့ မျက်နှ

ကို၊ ဆေးသုတ်ထားတဲ့ သူတွေချည်းပဲ။ ကိုယ့်ကိုယ်

ကိုယ် မယုံကြည်လို့ ဆေးကူထားရတဲ့ မျက်နှာတွေ

ကျွန်တော် စကားနိုင်လုအပြီးတွင်၊ ကြည်လင် တဟားဟား ရယ်လေ၏။ ကျွန်တော်က ရယ်ချင်စိတ်ကို ထိန်းလျက်၊ အနိုင် မျက်နှာဖြင့်၊ နေ၏။

နေခြည်သော်နှင့်သုသုက၊ ကြည်လင့်ကိုရော၊ ကျွန်တော့်





ပါ၏။ တစ်သျှူးစက္ကူစ,တွေကို လုံး၍ ပစ်ပေါက်၏။

"မင်း ...၊ ခုနက, မေးတာလေး ငါ ...

ဖြေချင်တယ်ကွာ"

မင်းစိုးခ, ကို၊ တမင် လှမ်းပြော၏။

"ဖြေပေါ့"

"မြန်မြန်မေး"

"မင်း ... ချစ်သူရည်းစားမထားခဲ့တာ၊ မမ

ကြွေမြယံကြောင့်လား ... လို့၊ မေးတာကွာ"

"ဟုတ်တယ်။ ဒါပေမဲ့၊ မဟုတ်ဘူး"

"လုပ်ပြီ။ ဖြေချင်တယ်လည်း၊ ပြောတယ်။

ဖြေတော့ တလွဲ"

"တလွဲဖြေတာ၊ မဟုတ်ဘူးကွ။ မေးခွန်းက၊

လွယ်ပေမယ့်၊ ဖြေရမှာ ကျယ်ပြန့်တယ်"

"ဘာဖြစ်လို့"



www.burmeseclassic.com

www.burmeseclassic.com



"အဆင့်ဆင့်ပြောပြမှ၊ မင်းတို့ ငါ့ရင်ထဲ
မြင်မှာ။

ပြီးစလွယ် ပြောလိုက်ရင်၊ ငါက ...
ထောင်သည့် အမျိုးသမီးတစ်ယောက်ကို၊ ရည်
ပစ်မှားနေသလိုမျိုး။ မင်းတို့ ... မြင်သွားနိုင်တ
ထင်သွားနိုင်တယ်"

သုသုက ...,

"ဟယ်။ သူက ... အိမ်ထောင်ကျသွ
လား"

ကျွန်တော့် စကားဆီသို့ အားလုံး အာရုံရောက်ကြသည်
ကြည်လင်ကလည်း၊ စိတ်ဝင်တစား။

"ငါ့ မွေးနေ့ပွဲမှာ။ ဒီ ... ပန်းချီကား
ပြ။ ပြီးတော့ ..., နှစ်ပေါင်းများစွာ။ အဲ ...
ဆယ်နှစ်ကျော်လောက်၊ ဖြတ်သန်းခဲ့ရတဲ့၊ ရင်ထဲ
... အကြောင်းလည်း၊ ပြောပြချင်လို့၊ ငါ့ အခင်
သူငယ်ချင်းတွေကို၊ ငါ ... ဖိတ်လိုက်တာပါ။

မဆုံကြရတာလည်း ကြာပြီလေ။ မင်း
စာနာခံစား နားထောင်ပေးမှ၊ ငါ့မှာ၊ ရင်ဖွင့်ရ





နပ်မှာပါ"

ကြည်လင်က ...

"ကဲ ... သနားအောင် ပြောမနေနဲ့။ အိမ်ရှေ့
ထွက်ကြမယ်။

အိမ်ရှေ့မြက်ခင်းမှာ ... ပြော။ ဒီ ... ညေ
ခန်းထဲမှာ၊ နားထောင်ရတာ၊ အစည်းအဝေး တက်ရ
သလိုပဲ။ မွန်းကျပ်တယ်"

ကျွန်တော် ခေါင်းညိတ်၏။ ဧည့်ခန်းနံရံတွင်၊ ထားရစ်ခဲ့ရ
သည့် မမကြွေမြယံကို၊ မသိမသာ ငဲ့ကြည့်လိုက်မိသည်။

"မြန်မြန်သွားစမ်းပါ" ... ဟု၊ ပြောပြီး၊ နေခြည်သော်၊
ကျွန်တော့် နောက်ကျောကို၊ တွန်းဖယ်၏။ မမကို ငေးကြည့်မိတာ၊
... သိသွားသည်။ သို့သော် ... မလှောင်ပြောင်။



www.burmeseclassic.com

www.burmeseclassic.com

## (၉)

"အကုသိုလ်နည်းရင်၊ ဆုတောင်းပြည့်တယ်
. . . ဆိုတဲ့၊ မမရဲ့ . . . စကား။

အဲဒီစကားကို၊ ကလေးသာသာ အသိဉာဏ်
နဲ့ ငါ တစ်သက်လုံး၊ စွဲမှတ်ခဲ့တာ၊ အခု . . . အချိန်
အထိပဲ"

"အဲဒီ စကား၊ မှန်ရဲ့လား" . . . ဟု၊ မင်းစိုးခ, စကားဖြတ်
ချေ။ ကျွန်တော်က . . . ,

"မှန် . . . မမှန်။ ဆက်နားထောင်ပြီးမှ၊ သုံး
သပ်ပါကွာ"


www.burmeseclassic.com

www.burmeseclassic.com



မင်းစိုးခ ခေါင်းညိတ်၏။ သုသုနှင့်နေခြည်သော်ရော ...ကြည့်လင်က,ပါ၊ စိတ်ဝင်တစား နားထောင်ပေးကြသည်။

"ရွာကနေ၊ ရန်ကုန်ပြန်ရောက်တာနဲ့ ခြ
တွေ, ပုရွက်ဆိတ်တွေလည်း၊ ငါ ... မသတ်ဘူး
လိမ်မပြောဘူး။

ငါ့အရွယ်, ငါ့အသိနဲ့ ... ငါ၊ ဉာဏ်မီသ
လောက်၊ အ,ကုသိုလ်ကင်းအောင် နေပြီး၊ မ
အတွက်၊ ငါ ... အချိန်တိုင်း ဆုတောင်းခဲ့တယ်"

"ဘယ်ဆုကို၊ အရင်တောင်းတာလဲ"

"မမနဲ့ ... ရန်ကုန်မှာ၊ အမြန်ဆုံး ပြန်တွေ
ပါရစေ ... လို့၊ ပထမဆုံး၊ ငါ ... ဆုတောင်းတာ

မမ ... မဖြစ်ချင်တာ မဖြစ်ပါစေနဲ့ ... ဆ
တဲ့, ဆုကို၊ ဒုတိယ, ထားပြီး၊ တောင်းတာ။

ဘာဖြစ်လို့လဲ ... ဆိုတော့၊ မမနဲ့ ...ငါ
တွေ့ခွင့်ရပြီဆိုရင်။ ငါ့ဆုတောင်းလည်း ပြည့်၊ မ
... မဖြစ်ချင်တာလည်း မဖြစ်ဘူး ... လို့ ငါ, ထ
မိခဲ့လို့ပဲ။

ဒါပေမဲ့ ..., ရွာမှာ ရိုက်ထားတဲ့ ဓာတ်





လေ။ စာတိုက်က, ရောက်လာတာကို၊ လက်ခံလိုက်ရတာနဲ့။ ငါ့ဆုတောင်းရော ... မမ,အတွက် ဆုတောင်းရော၊ မပြည့်တော့ဘူးဆိုတာ၊ ငါ သိလိုက်ရတာပေါ့။

သိသိချင်း ငါ ..., ကိုယ့်ကိုယ်ကိုယ် အ,ကုသိုလ်များတဲ့ သူ ... လို့ သတ်မှတ်ပြီး၊ ကုသိုလ်အလုပ်တွေ ... ပိုလုပ်ဖြစ်ခဲ့တယ်။

မမက ... ပြောထားတယ်လေ၊ အကုသိုလ်နည်းတဲ့သူ၊ ဆုတောင်းရင် ပြည့်တယ် ... ဆိုတော့၊ ငါ့ဆုတောင်း မပြည့်တာ၊ ငါ ... အ,ကုသိုလ်များလို့ပဲ ... လို့၊ တွေးမိတယ်"

"နင့် ... အ,ကုသိုလ်ကို၊ နင် ...,မြင်ရလို့လား"

နေခြည်သော်၏ ... အမေး။

"မျက်လုံးနဲ့တော့ ဘယ်မြင်ပါ့မလဲ။ တွေးကြည့်ရတာပေါ့။

မြင်ချင် တွေ့ချင်သူကို၊ မြင်ခွင့်, တွေ့ခွင့်မရတာကိုက၊ အ,ကုသိုလ်ပဲ .. လို့ တွေးရတာပေါ့"



www.burmeseclassic.com

www.burmeseclassic.com



ကြည်လင်က . . .

"အဲဒီ့ အရွယ်ကတည်းက၊ မကြွေမြယံက်

မင်း . . . ချစ်နေ ကြိုက်နေတာလား"

"မဟုတ်ဘူး။ သတိရနေတာ။ တွေ့ချင် မြ

ချင်တာ"

သုသုက . . .

"တွေ့ချင် . . . မြင်ချင်တာလည်း၊ တဏှာ

. . . ဟဲ့။ နင် . . . ငယ်ငယ်ကတည်းက၊ တဏှာဝင်

တာပေါ့"

ပြောပြီး ရယ်လေ၏။

"သုသု။ ငါ . . . တကယ် ခံစားပြီး၊ အခေ

တကြီး ရင်ဖွင့်နေတာနော်။ မနောက်ပါနဲ့ဟာ"

"နင် . . . ခံစားရသက်သာအောင် နောက်တာပါဟယ်"

. . . ဟု၊ သုသု ပြန်ပြော၏။ ကျွန်တော် စကားဆက်သည်။

"ရှစ်တန်းစာမေးပွဲ ဖြေပြီးပြီးချင်း။ ငါ . . . ရွာ

ကို၊ တစ်ယောက်တည်း၊ သွားတယ်"

"ဟာ။ အိမ်ကို ပြောမသွားဘူးလား"

"စာမေးပွဲ၊ ဖြေပြီးပြီးချင်း၊ ကျောင်းက နေ





တန်းသွားတာ။ ဟိုရောက်မှ ဘိုးလေးတို့ အကြောင်း

ကြားပေးတယ်"

"ဘာသွားလုပ်တာလဲ"

"မမကြွေမြယံရဲ့၊ ဘကြီးဆီကို၊ မမရဲ့

လိပ်စာ သွားတောင်းတာ"

"ဟာ . . .၊ ပြည်သနာတက်မှာတွေ့ ဘာတွေ

. . . မင်း။ မကြောက်ဘူးပေါ့"

"ပြည်သူ့နာကို မရှောင်နဲ့။ တည့်တည့် မျက်

နှာချင်းဆိုင် တိုး . . . ဆိုတဲ့၊ မမရဲ့စကားကို၊ ငါ

. . . လိုက်နာယစ်လိုက်တာ"

"လိပ်စာ ရရောလား"

"ရတယ်။ လိပ်စာလည်း၊ ရတယ်။ အဲဒီ့

လိပ်စာမှာ . . .၊ သူ . . . မရှိဘူး . . . ဆိုတာလည်း။

သိခဲ့ရတယ်"

"အိမ်က . . . ထွက်ပြေးသွားတာလား"

"မဟုတ်ဘူး။ အင်း . . . လိပ်စာ၊ သွား

တောင်းချိန်မှာ၊ သူ . . . အိမ်ထောင်ကျသွားပြီ . . .

ဆိုတာပဲ၊ သိခဲ့ရတာ။



www.burmeseclassic.com

www.burmeseclassic.com



ငါ ...၊ ကိုးတန်းစာမေးပွဲဖြေပြီးလောက်မှ ထပ်သိရတာက။ သူ ..., မမ, အိမ်ထောင်ပြုလိုက်တာက၊ အိမ်က, ပေးစားတဲ့သူကို၊ ယူတာမဟုတ်ဘူး။

အဲဒီလူကို၊ မယူချင်လို့ သူ့ရည်းစားဟောင်းနောက်၊ လိုက်သွားတာ ... တဲ့"

"ဟား ...။ မင်း ... ဇာတ်လမ်းကြီးကလည်း၊ ကြေမွနေတာပဲ"

"ဘာလဲကွ" .. ဟု၊ မင်းစိုးခ,ကို၊ ကျွန်တော် မေးသည်။

"ကြားရ ... နားဆောင်ရတာ၊ မင်းအတွက်၊ ကောင်းကွက်၊ တစ်ကွက်မှ၊ မပါလို့၊ ပြောတာ"

"အေးပါ။ ဆက်နားထောင်စမ်းပါ"

"ပြော"

"ရှစ်တန်းနှစ် ... ရွာက ပြန်လာပြီးတာနဲ့၊ ငါ ... ပန်းချီဆွဲသင်တယ်။ စာကို သေသေချာချာ ကြိုးစားတယ်။

အ,ကုသိုလ် နည်းအောင်နေတယ်။ မမ ... မဖြစ်ချင်တာ မဖြစ်ပါစေနဲ့ ... လို့တော့၊ အမြဲတမ်း





ဆုတောင်းတယ်။

ပြီးတော့ ... မမနဲ့၊ ကောင်းသော တွေ့ဆုံခြင်းနဲ့ တွေ့ပါစေ ... လို့၊ ဆုတောင်းတယ်"

"တွေ့ရောလား"

"မတွေ့ဘူး"

နေခြည်သော်နှင့် သုသုဟို့နှစ်ယောက်၊ ရယ်ကြ၏။

"ငါ ..., နွေရာသီရောက်တိုင်း၊ လက်ပံပင်ကြီးနဲ့ မန်ကျည်းပင်တန်းအောက်ကို၊ အရောက်သွားတယ်။

မမကို၊ သတိရမိပေမယ့် ... ကိုယ့်အစ်မရင်းချာတစ်ယောက်ကို၊ သတိရသလိုမျိုးပဲ၊ ငါ ... နှလုံးသွင်းတယ်။

ပြောတတ်သလို၊ ပြောရရင်၊ တွေ့ချင်တာပဲရှိတယ်ကွာ။ မင်း ... ခုနက, ပြောသလို၊ ချစ်တာတွေ၊ ဘာတွေ ... မဟုတ်ဘူး။

ဆယ်ကျော်သက်အရွယ်မှာ ... တွေ့ကြုံရတဲ့၊ အဖြစ်အပျက်ကို၊ မမေ့တတ်တဲ့၊ ဇွဲလမ်းစိတ်မျိုးပါ"



www.burmeseclassic.com

www.burmeseclassic.com



ကြည်လင်က ...

"ဒါ ... အိမ်ထောင်ကျသွားတယ် ... ဆိုတာ။ သိလိုက်လို့ မင်း ... ဆင်ခြင်တာပါ"

"အင်းပေါ့"

သုသုက ...

"မင်းစိုးခ ... မေးတဲ့ မေးခွန်းကို နင် ... ဖြေတဲ့အဆင့် မရောက်သေးဘူးနော်"

မင်းစိုးခက ...

"သူ ... ဆက်ပြောပါစေဦး"

"အင်းပါ။ ဆက်ပြောမှာပါ။ မမ ကြွေမြယ်နဲ့ တွေ့ဆုံခဲ့ရတဲ့ ရှစ်ရက်တိတိ ကာလ,လေးအတွင်းမှာ ငါ ... သူ့ဆီက, ရခဲ့တာ စကား ●ုံးခွန်းပဲ။

အဲဒီစကားတွေကို မမက ... ကြုံလို့ပြောတာ ဖြစ်ချင်ဖြစ်မယ်။

ငါက,တော့ တစ်သက်စာ မှတ်မိနေပြီး အဲဒီ စကားတွေအတိုင်း နေထိုင်ကျင့်သုံးဖြစ်တယ်"

ကြည်လင် ဝင်မေး၏။

"ဘယ်လို ကျင့်သုံးတာလဲ"





"ပြဿနာကို ရှောင်မပြေးနဲ့ဆိုတဲ့ စကား။ အဲဒီစကားကို လိုက်နာချင်တဲ့အတွက်။ တစ်သက်လုံး ဘယ်ပြဿနာကိုပဲ ဖြစ်ဖြစ် ချက်ချင်းရှင်းတယ်။

အချိန်ယူရမယ့် ပြဿနာဆိုရင်တောင် တွေ့ရ, ရှင်းရမယ့်သူနဲ့ တိုက်ရိုက်ရှင်းတယ်။

အ,ကုသိုလ်နည်းရင် ဆုတောင်းပြည့်တယ် ... ဆိုတဲ့ စကားကြောင့်။ ကုသိုလ်အလုပ်တွေ ပိုလုပ်ဖြစ်ခဲ့တယ်။ တစ်ခါတစ်ရံမှာ ... ၊အရေးတကြီး ကိစ္စတွေအတွက် ဆုတောင်းဖြစ်တယ်။ ဆုပန်ဖြစ်တယ်။

နောက်ပြီး ...၊ အကောင်းဆုံးကို မျှော်လင့်ထားပါလျက် အဆိုးနဲ့ကြုံရင်လည်း မတုန်မလှုပ် မကြောက်မရွံ့ ရင်ဆိုင်တတ်ခဲ့တယ်။

တကယ်လို့ အဲဒီအရွယ်တုန်းက,သာ မမနဲ့ ရန်ကုန်မှာ ပြန်ဆုံရင်။ ငါ ... အဲဒါတွေကို လိုက်နာဖြစ်မယ် မထင်ဘူး။

ဘာဖြစ်လို့လဲ ... ဆိုတော့ လူကို တွေ့ခွင့်မရတော့တဲ့အတွက် အဲဒီလူရဲ့ ... အမှာစကားကို



www.burmeseclassic.com

www.burmeseclassic.com



စွဲစွဲမှတ်မှတ်ထားပြီး၊ လိုက်နာဖြစ်ခဲ့တယ် ထင်တာ

"အဖြေ၊ မရောက်သေးဘူး" ... ဟု၊ မင်းစိုးခ, ဝင်ပြေ

ပြန်၏။

ကျွန်တော်က ...

"တစ်ခွန်းတည်းသော ... အဖြေစကာ

အတွက်၊ အဲဒီ အဖြေ အဓိပ္ပာယ် မယိမ်းယိုင်အော

ငါ ... စကားခင်းပြနေတာပါ။

ငါ ... ခင်တွယ်မိခဲ့သူရဲ့၊ စကားကို အဓေ

အနက်ထား။ လိုက်နာ၊ ပြီးတော့ ... သူ့ကို ပေး

တဲ့၊ ပန်းချီကား ဆွဲဖို့၊ ပန်းချီသင်။ စာကိုလည်

တစ်ဖက်က ကြိုးစား။

အဲဒီ ... အာရုံတွေကြားကို၊ ဘယ် ... အ

စိတ်က၊ ဘယ်သူ့အပေါ်ထားဖို့ ဝင်လာရမှာလဲ

"ဖျောင်း ... ဖျောင်း ... ဖျောင်း"

ကြည်လင်၊ လက်ခုပ်တီး၏။ သူတီးသဖြင့်၊ နေခြည်သေ

နှင့် သုသုတို့ပါ၊ လိုက်တီးကြသည်။ ပြီးမှ ... ကြည်လင်က ..

"အချစ်တွေ, ဘာတွေတော့၊ မသိဘူးကွ

ဆယ်ကျော်သက်အရွယ်မှာ ...၊ စွဲလမ်း





တစ်ခုက,နော်၊ ယူသင့်တာကို၊ ယူပြီး၊ မလေမလွင့်,

မင်း ... ဖြတ်သန်းခဲ့တာကို၊ ငါ ... တကယ် ...

ချီးကျူးတယ် စံဗလ"

"ငါလည်း၊ ချီးကျူးပါတယ်" ... ဟု၊ မင်းစိုးခ, ပြော၏။

သုသုက ...

"ငါတို့က,တော့၊ မချီးကျူးဘူး။ ကြည်လင်

လက်ခုပ်တီးလို့၊ လိုက်တီးတာ"

ပြောပြီး နေခြည်သော်က,ပါ၊ ရယ်မောကြ၏။ အရယ်ရပ်

ပြီး သုသုက ...

"နင် ... ပန်းချီ ဘယ်မှာသင်တာလဲ"

"ငါတို့ ရပ်ကွက်ထိပ်က၊ ပန်းချီဆရာ ရာဇာစိုး

ဆီမှာ သင်တာ"

"ပိုက်ဆံပေးရလား"

"မပေးရဘူး။ ခိုင်းတာလုပ်ရတယ်။ ခုန ပြော

သလိုပေါ့။ ပြဿနာကို၊ တည့်တည့်မျက်နှာချင်းဆိုင်

... ဆိုတဲ့စကား။ အဲဒီစကားအတိုင်းပဲ၊ အဲဒီ ပန်းချီ

ဆရာဆီ၊ ဝင်သွားလိုက်တယ်။ ကျွန်တော် ပန်းချီဆွဲ

တတ်ချင်လို့ပါ ... လို့ ပြောလိုက်တယ်"



www.burmeseclassic.com

www.burmeseclassic.com



"သင်ပေးရောလား"

"နားထောင်လေ။ ဆရာက ... တကယ် သင်ချင်သလား ... တဲ့။ ဟုတ်ကဲ့ ... လို့ ပြောလိုက်တော့။

သင်ချင်ရင်၊ ဟိုက စုတ်တံတွေ၊ ရေသွား ဆေး ... တဲ့။ တစ်ခါတည်း၊ ခိုင်းလိုက်တော့တယ်။

လက်တိုလက်တောင်း ခိုင်းတာကို၊ ခြောက် လ့၊ လောက် ကူလုပ်ပေးရင်း၊ တဖြည်းဖြည်း သိလာ ... တတ်လာရတာ။

ကျောင်းကအပြန် ... ဝင်။ ကျူရှင် ... အပြန် ဝင်။ ခိုင်းတာ ... လုပ်။

တက္ကသိုလ် တက်နေတဲ့အထိ၊ စုတ်တံနိုင်ရုံ ရှိသေးတယ်။ သဘောတရား ... သိပ်မသိသေးဘူး။

နောက်တော့ ...၊ ဘာကြောင့် ဆွဲချင်ရ တယ်ဆိုတာ၊ ဆရာ မေးလို့ ပြောပြလိုက်တာ။ ဆရာ ... ရယ်လိုက်တာမှ၊ တဟားဟားပဲ"

"မဆူဘူးလား"

"မဆူဘူး။ ဘာကြောင့် ...၊တတ်ချင် တတ်





ချင်။ တတ်ချင်တဲ့ စိတ်က၊ အဓိက၊ပဲ ... တဲ့။

မင်း ... ပန်းချီ တတ်နေပါပြီ ... တဲ့။ ပုံဆွဲ တတ်ဖို့ပဲ ... လိုတော့တယ် ... ဆိုပြီး၊ အဲဒီကျမှ၊ လူပုံရေးတာ သင်ပေးတယ်။

ဆရာ ... ပြောတာ၊ ဟုတ်တယ်။ ငါ ... လူ ပုံရေးတတ်တဲ့အချိန်မှာ၊ ငါ ... ဆေးတွေ၊ စုတ်တွေ ကို၊ နိုင်နင်းနေပြီ"

"အဲဒါ ... မင်းကို၊ မော်သွင်းပေးတာ"

ကြည်လင်က၊ သူ နားလည်သလို၊ ဝင်ပြော၏။

"ငါ ...,

လက်ပံပင်ကြီးလည်း၊ ဆွဲထားသေးတယ်"

"ဘယ်မှာလဲ"

"ငါ့အိပ်ခန်းထဲမှာ"

ပြောပြီး၊ အိမ်အတွင်းသို့၊ ကျွန်တော် ဝင်ခဲ့၏။ အိပ်ခန်းထဲ လက်ပံပင် ပန်းချီကား၏အနီးမှ၊ ယွန်းဘူးလေးတစ်ဘူးကို၊ ယူလာ ခဲ့သည်။

"ဟဲ့ ... အဲဒါ၊ ဘာကြီးလဲ"

"လက်ပံပွင့်"



www.burmeseclassic.com

www.burmeseclassic.com



“ဟွန်း၊ မည်းမည်းကြီး”

“မည်းတာ မဟုတ်ဘူး၊ ညိုသွားတာပါ။ ဒ... တုန်းက ... နီနီရဲရဲ”

“လှလည်း မလှဘူး”

“အနုပညာနဲ့ ကြည့်ရင်၊ အားလုံး လှပါတယ်... ဟာ”

“ဟင့်အင်း၊ မလှဘူး။ ငါတို့က, အလှပညာ... ဘဲ ကြည့်တတ်တယ်။ မလှဘူး”

ကျွန်တော် ... ပြုံးလျက်၊ ယွန်းဘူးကို ပြန်ပိတ်လိုက်၏... ကြည်လင်က ...,

“မင်း ... အဖေနဲ့အမေ၊ မင်းအဘွား၊ ဘယ... တော့ပြန်လာမှာလဲ”

“ညနေမှ၊ ပြန်လာကြဖို့၊ ငါ ... မှာထား... တယ်။ သူငယ်ချင်းတွေနဲ့ လွတ်လွတ်လပ်လပ် နေ... ချင်လို့ပါ ... လို့၊ ပြောပြထားတာ”

“ဒါဆို၊ အခု ဘယ်သွားကြမလဲ”

“မနက်က၊ ဘုရား သွားပြီးကြပြီ ... ဆ... တော့၊ တိရစ္ဆာန်ရုံသွားမယ်”





ကြည်လင်က ...

“မဖြစ်ဘူး ထင်တယ်”

“ဘာဖြစ်လို့လဲ”

“သုသုနဲ့ နေခြည်သော်တို့က၊ မျက်ရည်လွယ်ကြတယ်”

“ဘာကိုလဲ”

“တိရစ္ဆာန်ရုံသွားရင်၊ သူတို့နှစ်ယောက်က၊ မျက်ရည်ထိန်းနိုင်တာ မဟုတ်ဘူး”

သုသုနှင့်နေခြည်သော်က၊ မျက်လုံးလေးများ ဝိုင်းလျက်၊ ကြည့်နေ၏။ ကျွန်တော်က, ကြည်လင့်စကားကို နားမရှင်းသဖြင့် ...က်မေးဖြစ်သည်။

“တိရစ္ဆာန်ရုံသွားတာနဲ့၊ သူတို့နှစ်ယောက် မျက်ရည်မခိုင်တာနဲ့၊ ဘာဆိုင်လို့လဲ”

“ခြော် ...။ သုသုနဲ့နေခြည်သော်က၊ အမျိုးတွေမြင်ရင်၊ စိတ်မကောင်းဖြစ်တတ်ကြတယ်လေ။ စိတ်မကောင်းဖြစ်ပြီး၊ ငိုကြရော”

“သူတို့အမျိုးက ...”

“မျောက်မျိုး”



www.burmeseclassic.com

www.burmeseclassic.com



သုသုနှင့်နေခြည်သော်တို့ ကြည်လင့်ကို လိုက်ရိုက်ကြ
မြက်ခင်းပြင်ကို ပတ်လျက် ကြည်လင် ပြေးသည်။

မင်းစိုးခ,ဘက်သို့ လှည့်ကာ ကျွန်တော်က ...

"ငါ ... မမကြေးမြယံကို ပြန်တွေ့နေပြီ
မင်းစိုးခ"

လေသံတိုးတိုးဖြင့် ပြောလိုက်၏။

"မိန်းကလေးတွေကို မပြောချင်တော့လို့
... ဆက်မပြောတာ"

မင်းစိုးခက တအံ့တသြဖြင့် ...,

"ဘယ်မှာ တွေ့တာလဲ"

"နောက်တော့ ပြောပြမယ်ကွာ။ မင်း
ကြည်လင်နဲ့ကို"

မင်းစိုးခ ခေါင်းညိတ်၏။

ကြည်လင် ချော်လဲသွားသည်ကို မြင်ရ၏။ လဲကျသည့်
အပြင် အရိုက်အပုတ်လည်း ခံနေရလေသည်။

⁂ ⁂ ⁂



## (၁၈)

မနက်ခင်းတိုင်း ကျွန်တော် ဘောလုံးကစားဖြစ်သည်။ ဘောလုံးကစားပြီး အပြန်တွင် စတိုးဆိုင် တစ်ဆိုင်သို့ ဝင်ပြီး ရေသန့်ဘူး တစ်ဘူးဝယ်သည်။

ထိုဆိုင်ထဲတွင် မမ ကြေးမြယံနှင့်တူသော အမျိုးသမီး တစ်ဦးကို တွေ့၏။ မမ ကြေးမြယံပဲ ... ဟုလည်း ထင်ချင်သည်။ သို့သော် ...၊ ကျွန်တော် မဆုံးဖြတ်ရဲ။

ကျွန်တော် တွေ့ခဲ့ဖူးသည့် မမ ကြေးမြယံသည် အသက် နှစ်ဆယ်ကျော်အရွယ်။ ယခု ကျွန်တော် တွေ့မြင်လိုက်သည့် အမျိုးသမီးက အသက် သုံးဆယ်ကျော်အရွယ်။



www.burmeseclassic.com

www.burmeseclassic.com



မမကြွေမြယံ ဖြစ်လည်း၊ ဖြစ်နိုင်သည်။ မဖြစ်လည်း၊ မဖြစ်နိုင်။ ဘာဖြစ်လို့လဲ . . . ဆိုတော့၊ စတိုးဆိုင်နှင့်အိမ်၊ တွဲထားသည့် နေရပ်မှာ၊ သူ့ မိဘ, အိမ်မဟုတ်။

ရေသန့်ဘူး ဝင်ဝယ်စဉ်တိုင်း၊ အိမ်ထဲသို့ ရဲရဲတုံ့တုံ့ မကြည့်မိ။ မျက်လုံး တစ်ဝေ့မျှသာ၊ ကြည့်ဖြစ်သည်။ တစ်ခါတစ်ရံ မမကြွေမြယံနှင့်တူသည့် အမျိုးသမီးကို၊ လှစ်ခနဲသာ တွေ့၏။ စတိုးဆိုင်မှာ . . . ,ရောင်းဝယ်လုပ်ကိုင်နေကြသူများမှာ၊ မိန်းကလေးများသာ။

"မင်းကို၊ မမှတ်မိတာများလား"

ကြည်လင်၏ ထင်မြင်ချက်။

"ငါ . . . လူကြီးရုပ်ပေါက်သွားတာတော့ အမှန်ပဲ။ ဒါပေမဲ့ . . . ငယ်ရုပ်ကိုတော့၊ မှတ်မိလောက်ပါတယ်"

မင်းစိုးခ,က . . . ၊

"မင်း . . . မေးကြည့်လိုက်ပါလား"

"ဘယ်လို မေးကြည့်ရမှာလဲ"

"မမကြွေမြယံလား ခင်ဗျာ . . . လို့ မေးလိုက်ပေါ့"

"မခေါ်ချင်လို့ မခေါ်တာလို့ပဲ၊ ငါတွေးတယ်"





ကြည်လင်က . . .

"အိမ်ထောင်ကျသွားလို့၊ မင်း . . . မခေါ်ရဲတာများလား"

"ဘော်လုံးအသင်းက၊ သူငယ်ချင်းတစ်ယောက်က၊ အဲဒီ ရပ်ကွက်က။

သူ . . . ပြောပြတာက,တော့၊ အိမ်ထောင် မရှိဘူး . . . တဲ့။

မမကြွေမြယံဆိုရင်၊ အိမ်ထောင်ရှိရမှာပေါ့"

"ဪ . . . ၊ ခင်ပွန်းသည်က၊ ပြည်ပ,မှာ၊ အလုပ်ထွက်လုပ်နေတာမျိုး၊ ဖြစ်မှာပေါ့"

"မဟုတ်ဘူး။ အသင်းက, သူငယ်ချင်းက၊ ငါ့ကို၊ သေသေချာချာ စုံစမ်းပေးထားတာ။ ယောကျာ်း မရှိဘူး။

တစ်စွန်းတစ်စ, ကြားတဲ့ . . . သတင်းက၊ မိဘက, အစွန့်ခံထားရတဲ့ အမျိုးသမီး . . . တဲ့။

ဆွေမျိုးညာတိ၊ မရှိဘူး။ သူ့ ဆိုင်ဝန်ထမ်း သုံးလေးယောက်နဲ့ သူနဲ့။ ဒါပဲ . . . နေတာတဲ့။ ရပ်ကွက်၊ သန်းခေါင်စာရင်းအရ သိရတာ"



www.burmeseclassic.com

www.burmeseclassic.com



"ဟာ။ မင်းက . . . ရပ်ကွက်ရုံးအထိပါ၊ ...
ရောက်, အလုပ်ရှုပ်နိုင်းထားတာကိုး"

မင်းစိုးခ,က၊ ရယ်လျက် ပြောဏ်။

"စုံစမ်းပေးတဲ့၊ သူငယ်ချင်း ထဲထဲဝင်ဝင် ...
တာပါကွာ။ ငါ့ . . . ခြေလှမ်း မဟုတ်ပါဘူး"

"အခု . . . ၊ ငါတို့က,ရော . . . ဘာအကူအ...
ပေးရမလဲ။ ပြော . . ."

"အကူအညီ မလိုသေးပါဘူးကွာ။ ရင်...
တာပါ။ လောလောဆယ်တော့ . . . ဘောလုံးကွင်း...
ပြန်တိုင်း၊ ငါ . . . ရေဆာဆာ မဆာဆာ၊ ရေသန့်...
တစ်ဘူး၊ အမြဲဝင်ဝယ်တယ်"

"ဝင်ဝယ်တိုင်း၊ တွေ့သလား"

"တွေ့တဲ့အခါ တွေ့၊ မတွေ့တဲ့အခါ မတွေ...
ပေါ့။ ဆိုင်နဲ့အိမ်နဲ့ တွဲထားတာ ဆိုပေမယ့်၊ ငါ ...
အိမ်ထဲကို၊ မကြည့်ရဲဘူး"

ကြည်လင်က . . .

"အဲဒီဆိုင်မှာ၊ ဖုန်းရှိလား"

"အင်း . . . ရှိတယ်"





"ငါတို့ . . . ဖုန်းဝင်ဆက်မယ်။ ပြီးရင် . . . ၊ ဆိုင်က ကောင်မ,လေး တစ်ယောက်ယောက်ကို၊ ရင်းနှီးအောင် လုပ်လိုက်မယ်။ ပြီးရင် . . . , ဆိုင်ပိုင်ရှင်နာမည်၊ မေးလိုက်မယ်"

"နာမည်က . . . ကြွေမြယ်ပါဆို"

"ဟာ . . . ။ အဲဒါဆို၊ မင်းက . . . ဘာလိုသေးလို့လဲ"

"သူကိုယ်တိုင်၊ မခေါ်မပြောချင်တော့တာမျိုး၊ ဖြစ်နေရင်။ ငါ . . . ခေါ်လိုက်ရင်၊ မကောင်းဘူးလေ"

မင်းစိုးခက . . . ,

"မင်း . . . တွေဝေနေတာပဲ"

"တွေဝေတာ မဟုတ်ဘူး။ အချိန်ယူနေတာ။ ကြာခဲ့ပြီလေကွာ။ ခုဆယ်နှစ်။ မက။ ငါ့စိတ်ထဲသာ၊ လက်ပံပွင့်လေး ရှိနေသေးပေမယ့်၊ သူ့စိတ်, သူ့ဘဝထဲမှာ၊ လက်ပံပင်ကြီး၊ လဲပစ်လိုက်ရင် . . . ၊ ခုကွ"

"လဲပစ်တော့လည်း၊ ဘာဖြစ်လဲကွ။ ရည်းစားဟောင်းကို၊ ပြန်တွေ့လို့၊ နှုတ်ဆက်တာမှ မဟုတ်



www.burmeseclassic.com

www.burmeseclassic.com



တာ"

မင်းစိုးခ၏စကားကို၊ ကျွန်တော် လက်ခံဖြစ်ဖြစ်။

"နှုတ်ဆက်လိုက်လို့ မသိချင်ယောင်ဆောင်နေတော့လည်း၊ နောက် … မနှုတ်ဆက်ရုံပေါ့။ မဟုတ်ဘူးလား"

ကျွန်တော် အထိတ်တလန့်၊ လက်ကာလျက် …

"အဲဒီလို … အခြေအနေကြီးကို၊ ငါ … ကြောက်နေတာ။

ပြန်တွေ့မယ် … လို့ မျှော်လင့်ထားတာ၊ မမှတ်မိတော့တဲ့ ပြန်တွေ့တာမျိုးကိုတော့၊ ငါ … ရင်မဆိုင်ရဲဘူး"

"အဆိုးဆုံးကိုလည်း၊ ရင်ဆိုင်ရဲရမယ် … လို့ မင်းကို၊ သင်ပေးထားတယ်ဆို"

"စီးပွားရေး၊ နိုင်ငံရေး၊ လူမှုရေး … အားလုံးအပေါ်၊ ငါ … အဲဒီလို၊ ခံယူနိုင်ပါတယ်။

မမနဲ့ ပတ်သက်ရင်တော့၊ ဘယ်ဆိုးရွားမှုကိုမှ၊ ငါ … ရင်မဆိုင်ရဲဘူး"

"ဟား …။ တကယ့် တုန်တုန်လှုပ်လှုပ်





ကြီးပါလား"

"အဲဒီ့ စတိုးဆိုင်ထဲကို၊ ဝင်လိုက်တိုင်း၊ ငါ …။ ဆယ့်သုံးလေးနှစ်သားလေး၊ ပြန်ဖြစ်သွားတယ် … မင်းစိုးခ၊ ရှုံ့တွန့်တွန့်ကို၊ ဖြစ်နေမိတာ"

"မင်း …။ အဲဒါကြောင့်၊ နေခြည်သော်တို့နှစ်ယောက်ရှေ့မှာ၊ မပြောတာပေါ့။ ဟုတ်လား …။ ဒီအကြောင်းကို"

"အေး၊ ဆိုပါတော့"

ကြည်လင်က …

"ဘာပဲဖြစ်ဖြစ်၊ မင်း … ဆုတောင်းကာ၊ အချိန်တော်တော်ကြာတော့၊ ပြည့်သလိုလိုပါပဲလား"

"ဆုတောင်းခဲ့ရတဲ့ ကာလ,ကလည်း၊ ကြာခဲ့ပြီလေ" … ဟု ကျွန်တော် အမောထိန်းလျက် ပြော၏။ သို့သော် … မောနေပါသေးသည်။

✻ ✻ ✻



www.burmeseclassic.com

www.burmeseclassic.com

## (၁၁)

ကျွန်တော့် စက်ဘီးကို၊ ကျွန်တော် ကိုယ်တိုင်၊ မနင်းနိုင်တော့ချေ။ ထို့ကြောင့်, ဘောလုံးအသင်းမှ၊ သူငယ်ချင်း သိန်းဖော်က ကျွန်တော့် စက်ဘီးကို၊ တွန်းပေး၏။

"ဆေးခန်း အရင်ဝင်မလား။ အိမ် . . . တန်း ပြန်မလား"

အမှန်က,တော့၊ ညာဘက်ပါးတွင်၊ ရရှိသွားသော၊ ပွန်းပဲ့ဒဏ်ရာက, မဖြစ်စလောက်ဆိုနိုင်သော်လည်း၊ ညာဘက်လက်ကောက်ဝတ် လှုပ်ရှား၍ မရနိုင်တော့လောက်အောင်၊ နာကျင်ပြီး၊ ယောင်ကိုင်းနေသည့် ဒဏ်ရာအရ၊ ဆေးခန်း (သို့မဟုတ်) အိမ်သို့၊



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော် သွားသင့်ပါသည်။ သို့သော် ...

"ငါ ... စတိုးဆိုင်ကို ဝင်ဦးမယ်"

"ဘာလုပ်မလို့လဲ"

"ရေသန့်ဘူး ဝယ်မယ်လေ။ ပြီးတော့ ... စပလစ်(စ) ဝယ်မယ်။ ပြီးတော့ ... Septidine ဝယ်မယ်။

လက်ကို လိမ်းဖို့ ဆေးအပူတစ်ပုလင်း ဝယ်မယ်။ ပတ်တီး ဝယ်မယ်"

"မင်း, လက်က ရောင်နေတယ်လေ။ ကိုယ့်ဘာသာ ဆေးလိမ်း ... လို့ မရလောက်ဘူး"

"မရလည်း၊ နောက်မှ ... ဆေးခန်းသွားတာပေါ့။ လောလောဆယ်တော့ စနိုး,တာဝါလည်း ဝယ်ချင်တယ်။ ပြီးတော့ ..."

သိန်းဇော်က ...

"စံပလ။ အိမ်မပြန်ခင်၊ ဆေးခန်းမသွားခင် မင်း,မမကို၊ အရင်၊ မြင်ချင်သေးတယ် ... လို့ ပြောလည်း ငါ ... လိုက်ပို့မှာပါကွာ။ ဟိုဟာ, ဒီဟာ ... ဝယ်မယ်၊ ပြောမနေပါနဲ့တော့"





ကျွန်တော် ... ရှုံ့ရှုံ့မဲ့မဲ့ဖြင့်၊ ရယ်လိုက်မိသည်။ လက်မှ ...ရာကြောင့်၊ ရယ်ရသည်ပင်လျှင်၊ မသက်သာ။

❀

မမကြွေမြယံကို လှစ်ခနဲ မြင်ရ၏။ ဝေ့ခနဲသာ ကြည့်မိသည်။ ကြည့်မိ၍ မြင်စဉ်ခဏ၊ ပါးပြင်နှစ်ဖက်၏ ပါးချိုင့်လေးများပါ၊ လွင့် ...ကွယ်ပျောက်သွားလေပြီလား ...၊ တွေးမိပြန်သည်။ မြင်ရ, တွေ့ရ ...သည့်၊ ခဏငယ်တိုင်း၌၊ အပြုံးအရယ်တို့ လွင့်ပျောက်, ကွယ်ယန်း

"အ"

"ဒုန်း" ... ချက်

ကောင်မ,လေး လှမ်းပေးသည့်၊ ရေသန့်ဘူးကို ညာလက် ... လှမ်းအယူ၊ လက်အနာကြောင့်၊ လွတ်ကျသွား၏။ သိန်းဇော်က, ...တီးကိုင်ထားရာမှ၊ ပြေးဝင်လာ၏။ လွတ်ကျသွားသည့်၊ ရေသန့် ...ကို၊ ဆိုင်မှ ကောင်မ,လေးက၊ ကောက်ပေးသည်။

သိန်းဇော်က၊ ဝယ်ယူထားသော ပစ္စည်းများနှင့် ရေသန့် ...ကို ကိုင်လျက် ...



www.burmeseclassic.com

www.burmeseclassic.com



"ငါ ... လာယူမှာပေါ့ကွာ"

"မေ့သွားတာကွ"

"ဘာကို မေ့သွားတာလဲ"

"လက်က, အနှာကို မေ့သွားတာ"

"ဘာဖြစ်တာလဲ" ... ဟူသည့် အသံကို၊ နီးကပ်စွာ ကြ
လိုက်ရသည်။ မေးခွန်းကို၊ ကျွန်တော် မဖြေဖြစ်ခင်၊ သိန်းဇော်က...

"ရောဂါး လွှတ်ကျသွားတာပါ ... အစ်မ
မမကြွေမြယံ၏ မေးမြန်းစုံစမ်းသံ ... ဟု၊ သိလိုက်၏

"မဟုတ်ဘူး၊ မျက်နှာက၊ ဘာဖြစ်တာလဲ
... မေးတာ"

ကျွန်တော့် ရင်တွေ ခုန်နေသည်။

"ဘောလုံးကစားရင်း ထိတာ"

သိန်းဇော်၊ ဝင်ဖြေပေး၏။

"ရန်ဖြစ်တာ မဟုတ်ဘူးလား"

"မဟုတ်ဘူး ... အစ်မ။ လက်လည်း ...
ခေါက်ထားတယ်။ အဲဒီလက်နဲ့ ရေသန့်ဘူး ယူလိုက်
တာ၊ အဲဒါ ... လွှတ်ကျသွားတာ"

"ဪ"





မျက်နှာကို ကြည့်ရင်း၊ လက်ကိုပါ ... ပြုံခိုင်းလေ၏။ ထို
အချိန်အထိ၊ ကျွန်တော် စကားတစ်ခွန်းမျှ ဝင်မပြောဖြစ်။ ဝင်မပြော
နိုင်၊ ရင်ထဲမှာ တစ်ဆို့နေသကဲ့သို့ နှုတ်လေးလျှာလေး ဖြစ်နေရသည်။

ဝမ်းသာလွန်းနေသလား။ ဝမ်းနည်းနေမိသလား။ ဝမ်းနည်း၊
ဝမ်းသာ၊ ဒွန်တွဲ ခံစား၊ နေရသလား။ မဝေခွဲတတ်။ တစ်ဆို့ရင်နင့်
နေသည် ... ဟုသာ၊ ကိုယ့်ကိုယ်ကိုယ် သိသည်။

"ဟဲ့ ...။ လက်က ... အဆစ်လွဲနေတာ
လေ။ ဒီ ... ဆေးအပူတွေ လိမ်းရုံနဲ့ မရဘူး။
မျက်နှာက,တော့၊ ပွန်းရုံ ပဲ့ရုံ။ ဆေးထည့်လို့
ရမှာပါ။ လက်က ... မရဘူး။ ဒီနားမှာ၊ ဆေးခန်း
ရှိတယ်။ လာ ..."

သိန်းဇော်ကို၊ ကျွန်တော် ကြည့်မိသည်။ သိန်းဇော်၏မျက်
လုံးထဲတွင်၊ ကျွန်တော့်အတွက်၊ အံ့ဩဝမ်းသာရိပ်ကို၊ တွေ့၏။

❀

မမကြွေမြယံ ခန့်မှန်းသကဲ့သို့၊ လက်အဆစ်လွဲနေခြင်း ဖြစ်



www.burmeseclassic.com

www.burmeseclassic.com



သည်။ ဆေးဆရာက ... ဆေးစည်းပေးအပြီး၊ သောက်ဆေး ပေး၏။ မျက်နှာရှိ ဒဏ်ရာများအတွက်ပါ၊ သောက်ဆေး တွဲပေးသည်။

"နာမည် ... ဘယ်သူလဲ"

ကျွန်တော့်ကို မေး၏။

"စံဗလ"

မမက, ဝင်ဖြေသည်။

"အား ...။ ကောင်းလိုက်တဲ့ ... နာမည်၊ သမီး မောင်လေးလား"

"ဟုတ်ကဲ့ ... ဆရာ"

"နောက် ...၊ နှစ်ခါလောက် လာစည်းပြီးရင်၊ ပျောက်ပြီနော်"

ကျွန်တော် ... ခေါင်းညိတ်သည်။ ဘောင်းဘီအိတ်အတွင်းမှ၊ ပိုက်ဆံကို၊ ဆေးဖိုးပေးဖို့၊ ကျွန်တော် ဘယ်ဘက်လက်ဖြင့်၊ ထုတ်ယူစဉ်၊ မမ ကြွေမြင်ယံက၊ ထို ... လက်ကို ဖယ်ခွာ၏။ ဆေးဖိုး ကျသင့်ငွေကို၊ သူ ... ရှင်းသည်။

❀





"ကျေးဇူးတင်ပါတယ် ... မမ"

"မလိုပါဘူး။ မိဘ, စိတ်မပူစေနဲ့"

"ဟုတ်ကဲ့"

"သန်ဘက်ခါ၊ ဆေးခန်းကို၊ ကိုယ့်ဘာသာ မသွားနဲ့။ ငါ ... လိုက်ပို့မယ်။ ဒီကို ဝင်လာခဲ့"

"ဟုတ်ကဲ့"

"မင်း ...၊ ကျောင်းပြီးပြီလား"

ကျွန်တော် ခေါင်းညိတ်လိုက်သည်။

"ထွေထွေထူးထူး ဘာမှမလုပ်ဘူး။ ပန်းချီ ဆွဲတယ်။ သူငယ်ချင်း တစ်ယောက်နဲ့ ပန်းချီကား အရောင်းအဝယ် လုပ်တယ်။ ပန်းချီပြခန်း ဖွင့်ထား တာ"

ဝမ်းပန်းတသာ ပြောချင်သည်။ သို့သော် ... မပြောဖြစ်။

"ဟဲ့။ အဲဒါ ... ထွေထွေထူးထူး ဘာမှ မလုပ်ဘူးလို့ ပြောရသလား"

"တခြားစီးပွားရေး မလုပ်ဘူး ... လို့ ပြော တာပါ"



www.burmeseclassic.com

www.burmeseclassic.com



"ဘောလုံးက၊ အပျော်ကန်တာလား"

"အပျော်သာသာပါပဲ။ အသင်းတစ်သင်းမှာ ကစားနေတာ"

"အဘိုး၊ အဘွားတွေ၊ ရှိသေးလား"

"အဘိုး၊ ဆုံးသွားပြီ။ အဘွားတော့၊ ရှိသေး တယ်"

"မိဘနဲ့ရော၊ အဆင်ပြေတယ် မဟုတ်လား"

"ဟုတ်ကဲ့။ ပြေပါတယ်"

"မိဘနဲ့၊ ဘာ့,အတိုက်အခံမှ၊ မလုပ်နဲ့နော် မိဘ မကြိုက်တာ၊ ဘာမှ ...၊ မလုပ်မိစေနဲ့"

"ဟုတ်ကဲ့။ စိတ်ချပါ .. မမ"

"ကဲ ... ပြန်တော့။ ဆေးကို၊ ဂရုတစိုက် သောက်"

"ဟုတ်"

သိန်းဇော်က၊ စက်ဘီးကို ကူတွန်းပေးသည်။ မမကြွေမြ က၊ စတိုးဆိုင်ရှေ့တွင်၊ နေရစ်ခဲ့၏။ ကျွန်ုပ်, လှည့်ကြည့်ခ သေးသည်။ အကြည့်ခက်နေမိ၏။

❦





"မင်းနဲ့ ...၊ ဟိုးတုန်းကတည်းက၊ သိဖူး တာဆို"

သိန်းဇော်ကို၊ ကျွန်တော် ခေါင်းညိတ်ရုံသာ၊ ညိတ်ပြလိုက် သည်။

"နည်းနည်း စိမ်းသလိုပဲ။ ဒါပေမဲ့ ...,  မင်းကို၊ ဂရုတစိုက်တော့၊ ရှိတယ်"

"စိမ်းရုံတွင်၊ မဟုတ်ဘူး။ အပြုံးအရယ်၊ နည်း သွားတယ်"

လွမ်းမောစွာ၊ ကျွန်တော် ပြောသည်။

"အသက်ကြီးသွားလို့၊ မျက်နှာထား တည် သွားတာနေမှာပေါ့။ အသက်, ဘယ်လောက်ရှိပြီလဲ"

"ငါ့ထက် ခုနစ်နှစ်လောက်ကြီးတယ်။ အင်း သုံးဆယ့်တစ်, သုံးဆယ့်နှစ်လောက် ရှိမယ် ထင် တယ်"

"ဟုတ်လား။ ငါက ... နှစ်ဆယ့်ခွန်လောက် ပဲ၊ ရှိမယ် ... မှန်းတာ။ ချောတာတော့ ...တော်

www.burmeseclassic.com



ဇတ် ချောတယ်ကွ။

မင်းနဲ့ ... ရင်းနှီးခဲ့ဖူးတယ်ဆိုတာတော့ ... ခန့်မှန်းနိုင်ပါတယ်။ ဒါပေမဲ့ ..., ဂရုတစိုက် ... စိမ်းတိမ်းတိမ်း''

''ငါလည်း ...၊ အဲဒါကို ... သတိထား တယ်။ ငါသာ ... ဇာတ်ရာ၊ မရှုရင်၊ စကားလာ မှာ မဟုတ်လောက်ဘူး''

''ရန်ဖြစ်လာတယ် ... လို့ ထင်သွားတာ

''အင်း''

''ရန်ဖြစ်လာတယ် ... ထင်ပြီး စိုးရိမ်တ မေးတာတောင်၊ လေသံက ခပ်ပြတ်ပြတ်။

စိုးရိမ်တာကိုက၊ ဂရုစိုက်တဲ့ လက္ခဏာ ဒါပေမဲ့ ... ပြောတာ၊ ဆိုတာ၊ မေးတာ၊ မြန်းတာ တော့၊ သူစိမ်းတစ်ယောက်ကို၊ မေးနေသလိုမျိုး

ဒါပေမဲ့ ... မင်း, ပျော်နေတယ်၊ မဟုတ် လား''

''ပျော်တာပေါ့၊ အရမ်းပျော်တာပေါ့။ တာရော ... တစ်ခုခုကို ခံစားနေရသလိုရော။ စ





ထဲမှာ ရောထွေးနေတယ်။

စာမေးပွဲအောင်တဲ့ ... နေ့။ အဘိုးဆုံးသွား သလိုမျိုး။ အဲဒီလိုကြီး ခံစားရတာ''

သိန်းဇော်က ...

''မင်းရော ...၊ အဲဒီအစ်မ,ရော ...၊ မငယ် ကြတော့ဘူးလေ။

မင်းက ... မင်းကိုယ် ... မင်း။ ကလေး, လေးလို့ ခံစားလိုက်တာ ဖြစ်မယ်။

ကလေးဆိုတာက၊ ဂရုတစိုက်၊ ယုယချီပိုးမှု ကြိုက်တာလေ။ ချီနေပိုးနေကျ၊ အလေ့အထ၊ မရှိ တော့တာကို၊ တ,သ မိတာဖြစ်မယ်။

မင်းက ...၊ ဟိုးတုန်းက,လို၊ ကလေးသာ သာ ... စိတ်။ အဲဒီအစ်မက၊ လူကြီးတစ်ယောက်ရဲ့ အနေ အပြော၊ အဆက်အဆံ။ လူကြီး ... စိတ်။ အဲဒီလို၊ ကွာသွားတာ ... လို့ ငါ ... ထင်တယ်''

''ဟုတ်မှာပါ'' ... ဟု၊ ကျွန်တော် ပြောလိုက်၏။ ဘာပဲ ဖြစ်ဖြစ်၊ ပြန်လည်ဆုံစည်းရသည်ကိုတော့၊ အထူးကြည်နူးရလေသည်။

www.burmeseclassic.com

## (၁၂)

"ကိုကြီး၊ မမကြီး ခေါ်နေပါတယ်၊ အိမ်ထဲကို ဝင်လာခဲ့ပါ . . . တဲ့"

စတိုးဆိုင်၏ ဝန်ထမ်း ကောင်မလေး၏စကားကြောင့် မမကြွမြယ်ရှိရာသို့ ကျွန်တော် သွားသည်။ ကင်းဘတ်ဖိနပ်နှင့် ခြေအိတ်ကို ချွတ်ကာ၊ ဖိနပ်ချွတ်တွင် ထားခဲ့သည်။ ဘောကန်ဖိနပ်နှင့် အခြားပစ္စည်းများ ထည့်ထားသည့် အိတ်ကို အိမ်ကြမ်းပြင်၏ ခြေရင်းဘက်တွင် ထားလိုက်သည်။ ညှိခန်း ဆက်တီပေါ်တွင် မမကြွမြယ် ထိုင်စောင့်နေ၏။

ဆက်တီခုံများပေါ်တွင် ကျွန်တော် မထိုင်ဘဲ၊ အခြားခုံငယ်



www.burmeseclassic.com

www.burmeseclassic.com



တစ်ခုပေါ်တွင်၊ ထိုင်ဖို့ ပြင်သည်။

"ဒီမှာ ... ထိုင်။ အဲဒီမှာ ... မထိုင်နဲ့"

"ကျွန်တော် ... ပေကျံနေလို့ပါ ... မမ"

"ရတယ် ... ထိုင်"

ကျွန်တော် ... ဖွဖွရွရွသာ၊ ထိုင်လိုက်သည်။

"မင်း ...၊ ဘာလာလုပ်တာလဲ"

"ရေသန့် လာဝယ်တာ"

"သိတယ်။ ဘယ်က, လာတာလဲမေးတာ"

"ဘောလုံးကွင်းက"

"မနက်ဖြန်၊ ဆေး ထပ်စည်းရမယ်ဆိုတာ

မင်း ... မှတ်ထားတယ် မဟုတ်လား"

"ဟုတ်ကဲ့"

"မနေ့ကမှ၊ ဆေးစည်းထားတာဆိုတော့

လက်အနာရော ...၊ မျက်နှာက, ဒဏ်ရာတွေ

မပျောက်လောက်သေးဘူးပေါ့"

ကျွန်တော် ခေါင်းညိတ်၏။

"အဲဒါ ...။ ဒီ ... မနက်၊ မင်း ... ဘော

လုံး သွားကစားရသလား"





"ကျွန်တော် ... ခြေထောက်၊ မထိထားဘူး

လေ ... မမ။ လက်ပဲ ... ခေါက်ထားတာ"

"ထပ်လဲ ... လို့၊ ထပ်ထိရင်ရော"

"ကျွန်တော် သတိထားပါတယ်"

"စိတလ"

"ဗျာ"

"ဒဏ်ရာဆိုတာ၊ တစ်နေရာတည်းကို၊ တစ်

ခါပဲ ရတာ၊ ကောင်းတယ်။ တစ်နေရာတည်းကို၊

နှစ်ခါထပ်ထိရင်၊ အခြေအနေ ဆိုးတတ်တယ်။

ပျောက်ကင်းပြီးလို့ ထပ်ထိတာဆိုရင်တော့၊

ကိစ္စမရှိဘူးပေါ့။ မပျောက်သေးဘဲနဲ့၊ ထပ်ထိတယ်

ဆိုတာ၊ ထပ်ထိစေနိုင်အောင်၊ ပြုမူတယ်ဆိုတာ၊

ဒါ ... မိုက်မဲတာပဲ"

ကျွန်တော် ... ဖြေရှင်းချက်၊ မပေးဝံ့တော့။

"မင်း ... ကလေး မဟုတ်တော့ဘူးလေ။

ဒီလောက်တော့၊ တွေးတတ်, ကြောက်တတ်ဖို့ သင့်

တယ်"

"ကျွန်တော် ... မှားသွားပါတယ် မမ"



www.burmeseclassic.com

www.burmeseclassic.com



မမ ကြွေမြယ် ထိုင်နေရာ နံရံ၌၊ အမျိုးသားတစ်ယောက်၏၊ ငယ်ရုပ်သွင် ဓာတ်ပုံတစ်ပုံကို၊ တွေ့ရသည်။ မမကြွေမြယ်၏ ခင်ပွန်း ... ဟု၊ ကျွန်တော် ထင်မှတ်၏။

ဆိုင်ဝန်ထမ်း ကောင်မလေးတစ်ယောက်က၊ အအေးခွက်တစ်ခွက် လာချပေးသည်။

"ရော့ ... သောက်"

မမကိုယ်တိုင်၊ ကျွန်တော့်ကို၊ ယူပေး၏။ အာခွတ်ရုံသာ ကျွန်တော် သောက်ဖြစ်၏။

"ဆေးရော ... သောက်ပြီးပြီလား"

"ဟုတ်ကဲ့၊ သောက်ပြီးပြီ၊ မနက်စောစောက ကော်ဖီနဲ့ သောက်လိုက်တယ်"

"ညှော်မမိစေနဲ့"

"ဟုတ်"

"မင်း ...၊ မျက်နှာမှာပါ ... ဒဏ်ရာရှိတယ် ... ဆိုတာ၊ ကိုယ့်ကိုယ်ကိုယ်၊ မသိသလိုပဲနော်"

"ဘယ်ဒဏ်ရာမှ၊ ရှိတယ် ... လို့ ကျွန်တော် မသတ်မှတ်ခဲ့ပါဘူး ... မမ" ... ဟု၊ စိတ်မှသာ ပြောဖြစ်၏။

"ကိုယ့်ကိုယ်ကိုယ်၊ ဂရုမစိုက်တာလား"





"အသေးအမွှား ... လို့ သဘောထားတာပါ ... မမ"

"ငါက ...၊ မင်းထက်၊ အသက်ကြီးတယ်နော်"

ကျွန်တော် ခေါင်းညိတ်သည်။

"မှားစရာရှိရင်တောင်၊ ငါ ... ရှေ့က၊ မှားပြီးပြီ။ ရှောင်ရန် ... ဆောင်ရန်ဆိုတာမျိုးကိုလည်း၊ မင်းထက်၊ ပိုစောပြီး၊ သိပြီးလောက်ပြီ။ နော် ... စံဗလ"

"ဟုတ်ကဲ့ ... မမ"

"ငါ့ အတွေ့အကြုံရ ပြောရရင်၊ လောက၊ ကြီးမှာ၊ ဘယ်အရာ ... ဘယ်ကိစ္စကိုမှ၊ အသေးအမွှား ... လို့ သဘောမထားသင့်ဘူး"

နောက်ထပ်၊ မှတ်သား လိုက်နာစရာ တစ်ခုအဖြစ်၊ ကျွန်တော် နားစိုက် ... ခံစား၊ ခံယူသည်။

"မြန်မာ စာကြောင်းတစ်ကြောင်း၊ ဗမာ စာလုံး တစ်လုံးမှာတောင်၊ ဝစ္စပေါက် ... သေးသေးတင် ... အောက်က၊ မြင့်။



www.burmeseclassic.com

www.burmeseclassic.com



အစက်အပြောက်လေးတွေ လိုသွား၊ ပိုသွား ရင်တောင်၊ အဓိပ္ပာယ် မဲ့သွားတာ။ အဓိပ္ပာယ်လွဲ သွားတာ။ မင်း သိတယ် မဟုတ်လား''

''ဟုတ်ကဲ့''

''အနာ သေးသေးလေး။ မေးခိုင်ပိုး၊ ဝင် ကြည့်ပါလား။ အန္တရာယ်ကြီးသွားမှာပေါ့။

သဘော်အကြီးကြီးရဲ့ ... ဝမ်းပိုက်၊ အပေါက် သေးသေးလေး။ မဖာမထေးဘဲ၊ ထားကြည့်ပါလား။ တဖြည်းဖြည်း နစ်သွားမှာပေါ့။

မြွေပွေး ... ပေါက်စ, သေးသေးလေး။ အကိုက်ခံ ကြည့်ပါလား။ သေသွားမှာပေါ့။

လောက,မှာ၊ ဘယ်ကိစ္စကိုမဆို၊ အရေးမကြီး လောက်ဘူး ထင်ပြီး၊ ဒါလေးများ ... လို့၊ မတွေး မိပါစေနဲ့၊ စံပလ''

ခေါင်း တဆတ်ဆတ်ညိတ်လျက်၊ ကျွန်တော် လိုလိုလား လား မှတ်သားဖြစ်သည်။

''မင်း ... ပန်းချီဆွဲနေတယ်နော်''

''ဟုတ်ကဲ့''





''တခြား ... ပန်းချီပညာရှင်တွေရဲ့၊ ပန်းချီ ကားကိုလည်း၊ မင်းရဲ့ ပန်းချီပြခန်းမှာ၊ ပြပေးတယ် ... ဟုတ်''

''ဟုတ်ပါတယ် ... မမ။

ကျွန်တော့်ပန်းချီကား၊ တင်ထားတာ၊ နည်း ပါတယ်။ ကျွန်တော်က, အပျော်တမ်းလောက်ပါ။

တခြားပညာရှင်တွေရဲ့၊ ကားတွေအတွက်၊ အရောင်းအဝယ်ကိုပဲ၊ ပို ... ဂရုစိုက်ပေးပါတယ်''

''အင်း။ အဲဒီ ... ပန်းချီကားချပ်တွေ ...၊ အဲ ... ပြခန်းမှာ ... ချိတ်ထားတဲ့ ပန်းချီကားတစ် ကားရဲ့, အလယ် ... မှာ၊ မလိုအပ်တဲ့ ဆေးစက် တစ်စက်၊ တင်ပေးလိုက်ရင်။ အဲဒီ ပန်းချီကား ဘာ ဖြစ်သွားသလဲ''

''ပျက်စီးသွားသလိုပါပဲ ... မမ''

''ဒါဆို ... အသေးအမွှားဆိုတာလည်း၊ အကြီးအမား တစ်ခုခုကို၊ ပျက်စီးတဲ့အထိ၊ ထိခိုက် နိုင်တယ် ... ဆိုတာ၊ မင်း ... သတိပြုမိလောက် ရောပေါ့''



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ကဲ့။ ကျွန်တော် . . . ပိုပြီး၊ သတိပြု ပါပြီ"

"လောကကြီးမှာ . . .၊ ဒါလေးများ . . . တာ မရှိဘူး။ ဆန်တစ်ပြည်ချက်လောက်, ရှိတဲ့ ထမင်းထဲကို၊ အဆိပ် တစ်စက်လောက်ပဲ ထည့် လည်း၊ သေတတ်သလိုပဲ။

တချို့လူတွေ . . . ဘဝ ဆုံးရှုံးသွားရတာ ဒါလေးများကို၊ ဂရုမစိုက်မိကြလို့ပဲ။

လက်အနာ, မျက်နှာအနာနဲ့ ဘောလုံးကွင်း သွားတာ၊ မင်း . . . မိဘက, မတားဘူးလား"

"ဖေဖေ . . . မေမေတို့က၊ ကျွန်တော့်ကို စိတ်ချတယ် . . . မမ"

"ဘယ်လို"

"ကျွန်တော် . . .၊ ကိုယ့်ကိုယ်ကိုယ် စောင့် ရှောက်နိုင်တယ် . . . ဆိုတာ။ ဟိုး . . . ငယ်ငယ် တည်းက၊ သိကြတယ်။

မဟုတ်မဟတ်၊ ဘာမှ . . . မလုပ်ဘူးဆိုတာ ကို၊ ယုံကြည်ထားသလိုမျိုးပေါ့။ ကျွန်တော် . . . တို့





ပင်မှ၊ အကြီးပေးကြတယ်။

မတိုင်ပင်ရင်၊ ဘာကိုပဲဖြစ်ဖြစ်၊ ကျွန်တော့် အပေါ်၊ စိတ်ချကြတယ်"

"အလို၊ အဲဒါဆို၊ ငါက,ပဲ . . . စိတ်မချ လက်မချ ဖြစ်နေပါတယ် . . . လို့၊ မင်းက . . . ဆို လိုချင်တာလား"

"အဲဒီလို၊ မဆိုလိုပါဘူး . . . မမ။ ကျွန်တော် ငယ်ငယ်ကတည်းက။ အထူးသဖြင့်၊ မမနဲ့ ဆုံတွေ့ ပြီးကတည်းက။

အ,ကုသိုလ်နည်းအောင် နေခဲ့တယ်။ ဘယ် ပြဿနာက,မှ ထွက်မပြေးဘူး။ အကောင်းမျှော်ပြီး၊ လုပ်သလို၊ အဆိုးကြုံရင်လည်း၊ ရဲရဲဝံ့ဝံ့၊ ရင်ဆိုင်ခဲ့ တယ်။

ဒါကို . . . အဘွားတို့၊ ဖေဖေ, မေမေတို့က၊ သတိထားဖြစ်လာကြတော့၊ ကျွန်တော် ဘာလုပ်လုပ်၊ စိတ်ချကြတာပါ။

ရှစ်တန်း စ,တက်တဲ့ နှစ်ကတည်းက၊ စာ ကျက်ဖို့ ဘယ်သူမှ၊ ကျွန်တော့်ကို၊ နှိုင်းစရာ မရှိ



www.burmeseclassic.com

www.burmeseclassic.com



ခဲ့ဘူး။

ဘုရားရှိခိုးတယ်။ အ,ကုသိုလ်နည်းအော
နေတယ်။ ဖြစ်ချင်တာရှိရင်၊ ဆုတောင်းတယ်။
တွေကို၊ လက်လှမ်းမီသလောက်၊ ကူညီခဲ့တယ်။

ဆုတောင်းလို့ ဆုတောင်း မပြည့်ခဲ့ရင်လည်း
ဆုတောင်းခြင်းကို၊ အထင်မသေးဘူး။ ငါ ... အ
ကုသိုလ် ကြီးနေလို့၊ လိုတာ ... မရတာဘဲ ...
သာ၊ နှလုံးသွင်းတယ်။ ကုသိုလ်အလုပ် ... ပိုလု
ဖြစ်တယ်။

ဒီလို ... နေထိုင်ခဲ့တဲ့၊ ကျွန်တော့်အဖေ
မိဘ,တွေ ... စိတ်ချကြပါတယ် ... မမ။

ဒါဟာ ...၊ မမရဲ့ ...၊ ကျေးဇူးကြောင့်ပါ

"မင်း ... ပြောပြတာကို ငါ ... ကြားရတာ
စိတ်ချမ်းသာတယ်။ ဒါပေမဲ့ ...၊ ငါ့ ကျေးဇူးကြော
ဆိုတာ၊ ဘာလဲ"

"မန်ကျည်းပင်အောက်၊ လက်ပံပင်ကြ
အောက်မှာ၊ မမ ... ပြောခဲ့တဲ့ စကားတွေကို၊ ကျွ
တော် ... တစ်သက်လုံး လိုက်နာခဲ့တာကို ပြော





ပါ မမ။

အ,ကုသိုလ်နည်းရင်၊ ဆုတောင်းပြည့်တယ် ... လို့၊ မမ ... ပြောခဲ့ ... လို့။ မမ ... အတွက် ဆုတောင်းပေးချင်တာနဲ့၊ ကျွန်တော် ...၊ အကုသိုလ် နည်းအောင်၊ နေထိုင်ခဲ့တာပါ။

မမ ... မဖြစ်ချင်တာ မဖြစ်ဖို့ရော၊ မမနဲ့ ကျွန်တော် ပြန်တွေ့ဖို့ရော၊ ကျွန်တော် ဆုတောင်းခဲ့ပါတယ်။

ဆုတောင်း မပြည့်တဲ့၊ ရက်တွေ၊ လ,တွေ၊ နှစ်တွေတိုင်းမှာ၊ အ,ကုသိုလ်ကြီးနေသူ ... လို့၊ ကိုယ့်ကိုယ်ကိုယ်၊ ယူဆပြီး ...၊ ကုသိုလ်အလုပ်တွေ ... ပိုလုပ်ခဲ့ပါတယ် ... မမ။

အ,ကုသိုလ် နည်းရင်၊ စိတ်ညွတ်သမျှ ပြည့်စုံလိမ့်မယ် ... လို့၊ ဘယ်ကိစ္စအပေါ်ပဲဖြစ်ဖြစ်၊ ကျွန်တော် ... ယူဆ,ထားခဲ့ပါတယ်။ အဲဒါ ... မမရဲ့ ကျေးဇူးပါ"

ကျွန်တော် ... လိုက်နာခဲ့သမျှသော၊ မမကြွေမြယ်၏ စကားတွေအကြောင်းကို၊ ကျွန်တော် တတွတ်တွတ် ပြောပြမိတော့



www.burmeseclassic.com

www.burmeseclassic.com



သည်။

နှစ်ပေါင်းများစွာ၊ ဘဝရင်အတွင်း၌၊ သိုလှောင်လှည့်
နေခဲ့သည့်၊ စကားမှန်တိုင်းများ၊ အင်အားပြင်းစွာ တိုက်ခတ်
ရှင်းလင်းပေါ့ပါးသွားသည့်ပမာ၊ ရင်မှာ . . . ခံစားကြည်သာ သွား

"ငါ့စကားလေး သုံးလေးခွန်းကို၊ မင်း . . .
အခုလောက်၊ လိုက်နာခဲ့လိမ့်မယ် . . . လို့၊ ငါ . . .
ထင်မထားခဲ့ပါဘူး။

ဒါပေမဲ့ . . . ,

မင်းကို၊ ဆုတောင်းခိုင်းခဲ့တုန်းက, တော
တကယ့်ကို၊ အားကိုးတကြီး၊ ဆုတောင်းခိုင်းခဲ့
ပါ"

"ဒါပေမဲ့ . . . ၊ ကျွန်တော် ဆုတောင်း၊ မပြ
ဝ,ခဲ့ဘူး ထင်ပါတယ် . . . မမ"

မမကြွေမြယံ၏ နေအိမ်လိပ်စာကို သိလိုသဖြင့်၊ ရွာ
ကျွန်တော် သွားရောက်ခဲ့သည်မှ အစ၊ မမကြွေမြယံ၏ ဘဝ အပြော
အလဲ . . . သတင်းစကား အဆုံး၊ ကျွန်တော် ပြောပြလိုက်လေသည်

"အဲဒါ . . . ၊ ကျွန်တော် အ,ကုသိုလ်ကြော
. . . လို့၊ ကျွန်တော် တွေးပြီး၊ စိတ်မကောင်း ဖြ





တယ်"

မမကြွေမြယံက . . .

"အဲဒီလိုမဟုတ်ဘူး။ ငါ့ အ,ကုသိုလ်ကြောင့်
ပါ။

ဘယ်သူက၊ ဘယ်လိုပဲ ပြည့်ပြည့်ဝဝ ဆု
တောင်းပေးပေး၊ ကာယကံရှင်မှာ၊ အ,ကုသိုလ် ကြီး
နေရင်၊ ဘယ်ဆုတောင်းမှ မပြည့်တော့ဘူး။ ငါ့ကံ
ပါပဲ။

ဒါပေမဲ့ . . . ဆုတောင်းပေးခဲ့တဲ့အတွက်၊ မင်း
ကို ကျေးဇူးတင်ပါတယ်"

"ကျွန်တော်လည်း၊ မမကို၊ ကျေးဇူး အရမ်း
တင်ပါတယ်"

"အနာ၊ မပျောက်သေးဘဲ၊ ဘောလုံးသွား
ကန်လို့၊ ဆူဖို့ ပြောဖို့၊ မင်းကို၊ ခေါ်လိုက်တာ။

မဆူတော့ပါဘူး။ အန္တရာယ်ကင်းအောင်
တော့၊ နေပေါ့"

"စိတ်ချပါ . . . မမ"

ထိုထက်ပိုသော . . . စကားများ။ ထိုထက်ပိုသော မေးခွန်း



www.burmeseclassic.com

www.burmeseclassic.com



များ။ များစွာ . . . , မေးမိချင်သည်။ သိကြားချင်သည်။

သို့သော် . . . မမ အလိုမကျမှာကို စိုးရွံ့နေမိ၍ အား စိတ်လည်း ဖြစ်ရသည်။

မည်သို့ဆိုစေ၊ ကြုံဆုံဖြစ်တည်လာသော အကျိုးရလ ဟူသမျှတို့သည် ဖြစ်တည်လာစေသော . . . အကြောင်းရင်းတိုင်း အခြေပြု မှီတည်ခဲ့သည်ချည်း ဖြစ်၏။

အကုသိုလ် အကြောင်းကြောင့် ကွေကွင်းကြရသည်လည် ရှိတတ်သကဲ့သို့၊ ကုသိုလ် အကြောင်းကြောင့် ဆုံစည်းခြင်းလည် ရှိလာနိုင်သည် . . . ဟု၊ တွေးဆ,ကာ၊ ကံတရား၏ အမျက်မပြေ အပေါ်၊ မျက်ခြည်မပြတ်၊ တရစပ်၊ ကြည့်မြင်ဆင်ခြင်တတ်ချင်လာ ကံ . . . ဟူသည်ကား၊ အရာအားလုံး၏ အကြောင်းခံသာတည်း။

✽ ✽ ✽



(၁၃)

နောက် တစ်နေ့တွင်၊ မမကြွေမြယံက၊ ဆေးခန်းလိုက်ပို့ ၏ ထိုနံနက်က၊ ကျွန်တော်၊ ဘောလုံးကွင်းသို့ သွားသော်လည်း၊ င်ရောက်ကစားခြင်း မပြု။

"မင်း အဘွား၊ အသက်ဘယ်လောက် ရှိ သွားပြီလဲ"

"ရှစ်ဆယ် ကျော်ပြီ"

"မင်းကို၊ ဆူသေး, ပြောသေးလား"

"ဟင့်အင်း။ ရှစ်တန်းဖြေပြီးတဲ့ နှစ်ကတည်း က၊ မဆူ မပြောတော့တာ။ လန့်သွားတာလည်း၊



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်မယ်''

''ဘာကို''

''အဲဒီ နှစ်။ စာမေးပွဲ ဖြေပြီးပြီးချင်း။ ကျော

ကနေ ရွာကို၊ ကျွန်တော် တန်းသွားတာ''

''ဘယ်လို''

''ဟုတ်တယ် ... မမ။ မမလိပ်စာ သိ

လို့၊ မမ ဦးကြီးဆီ သွားမေးတာလေ''

''မင်း ... တစ်ယောက်တည်း၊ သွား

ပေါ့။ ဟုတ်လား''

ကျွန်တော် ခေါင်းညိတ်ပြလိုက်သည်။

''မေမေတို့ ဖေဖေတို့၊ ဆူချင်ကြပေမယ်

အဲဒီ့လို၊ ထပ်ဖြစ်မှာ ... စိုးလို့ ထင်တယ်။ နော

ကို ... မိဘ, ပြောသွားပါ ... တဲ့။ မဆူဘူး။

အသွားက,တော့၊ မိုင်ပေါင်းများစွာကို၊ သွား

... လာရုံမှတော့၊ မျက်စိအောက်က၊ ပျောက်တာ

စိုးရိမ်တာမျိုး။ သူ ... မလုပ်တော့ဘူး ... တဲ့။

ထူးဆန်းတာ တစ်ခုတော့၊ ရှိတယ်''

''ဘာလဲ''





''အဲဒီတုန်းက၊ တစ်ခါမှ ... မဆူဖူး၊ မရိုက်ဖူးတဲ့၊ အဘိုးက, ကျွန်တော့်ကို၊ ရိုက်တယ်။ လူကြီး, မိဘ,ကို စိတ်ပူအောင်၊ လုပ်တဲ့ကောင် ဆိုပြီး။ ရိုက်တာ။

အရိုက်ခံရတဲ့ ကျွန်တော် ... မငိုဘူး။ အဘိုး ... ငိုတယ်''

မမကြွေမြယ်က၊ သက်ပြင်းချကာ ...

''မင်း ..., တော်တော်ဆိုးခဲ့တာပဲ''

''အဲ့ဒီတုန်းက၊ မမအိမ်ကို၊ ကျွန်တော် လာချင်လို့လေ။ လိပ်စာလည်း၊ မသိတော့၊ သိနိုင်မယ့်နေရာ၊ သွားလိုက်တာ။ ကျန်တာတော့၊ မတွေးမိဘူး''

''မိဘ ... ကို၊ ပူပင်အောင်၊ ပြုမူသူဟာ။ ကိုယ်တိုင်လည်း၊ ပူပင်ရတတ်တယ်''

''ကျွန်တော် ... အခုမှ၊ မလုပ်တော့တာ''

မမ ကြွေမြယ်၊ ခေါင်းခါ၏။

''တစ်ကြိမ် တစ်ခါ ပြုမူဖူးရင်တောင်၊ အဲဒီ့အ,ကုသိုလ်ကံရဲ့၊ အရှိန်အဟုန်၊ သိပ်ပြင်းထန်တယ်



www.burmeseclassic.com

www.burmeseclassic.com



. . . စံပလ''

"တမင် . . .၊ ပူပါစေ ဆိုပြီး လုပ်ခဲ့တာ

မဟုတ်ပါဘူး . . . မမ''

"ငရုတ်သီးကို၊ သီလျှက်နဲ့ စားစား။ မသိ

ဘဲ စားမိ . . . စားမိ။ စပ်တာပါပဲ . . . စံပလ။

အ,ကုသိုလ် . . . တို့၊ ပြစ်မှုတို့ဆိုတာ

ကိုလည်း။ သိသိ . . . မသိသိ။ လုပ်မိရင်တော့

အပြစ်ဒဏ် . . . ခံရတာပါပဲ''

ကျွန်တော် ခေါင်းညိတ်၏။

"ခေါင်းညိတ်နေရုံနဲ့ . . . မရဘူး။ မိဘ . . .

မျက်ကွယ်မပြုခင်မှာ။

ဘယ်တုန်း . . . ဘယ်တုန်းက၊ ပူပင်အောင်

လုပ်ခဲ့မိပါတယ်။ အဲဒီ ကံအမှုအတွက်၊ ခွင့်လွှတ်

ကန်တော့ တောင်းပန်ရတယ်။ ဝန်ချ ရှိခိုးရတယ်

မိဘ,ကို''

"ဪ . . .၊ ဟုတ်ကဲ့ . . . မမ။ ကျွန်တော်

လုပ်ပါ့မယ်''

"မြန်မြန်လုပ်။ မိဘ . . . သေပြီးမှ၊ အုတ်ဂူ

ထိုင်ကန်တော့နေလို့၊ အပိုပဲ''

"ဒီနေ့ . . . လုပ်ပါ့မယ်'' . . . ဟု၊ ကျွန်တော် ပြောသည်။

မမ ကြွေမြယံ၏, စတိုးဆိုင်ရှေ့ကို၊ မြင်နေရ၏။ မမ နေရစ်ခဲ့တော့

သည်။

"မမ''

"ဘာတုံး''

"ဆိုင်မှာ . . .၊ ကျွန်တော် ရေသန့် ဝင်ဝင်

ဝယ်နေတာ၊ မမ, တွေ့တယ် မဟုတ်လား''

ခေါင်းမညိတ်၊ ခေါင်းမခါ။

"ကျွန်တော့်ကို၊ မမှတ်မိလို့ မခေါ်တာလား''

"မှတ်မိပါတယ်''

"ဘာဖြစ်လို့ မခေါ်တာလဲဟင်''

"ဒီလိုပါပဲ . . .။ မခေါ်ချင်တော့လို့''

မျက်နှာ မှိုမှို၊ ညို့ညို့မှိုင်းသည်။

"ကျွန်တော်က . . .၊ မခေါ်ရဲခဲ့တာပါ မမ''

"ကဲ . . .၊ အခု, ခေါ်နေပြီပဲ။ ပြီးတာတွေ၊

ပြန်မေးမနေနဲ့တော့။

အရေးကြီးတာက၊ ခုနက . . . ပြောတဲ့စကား



www.burmeseclassic.com

www.burmeseclassic.com



ကို၊ သေချာမှတ်။

လူကြီးမိဘ,ကို၊ ကိုယ့်ကြောင့် မပူပန်စေနဲ့ ကြားလား''

''ဟုတ်ကဲ့ပါ''

''ကျူးလွန်မိရင်လည်း၊ ချက်ချင်း တောင်းပန် ပြည့်ပြည့်စုံစုံ ပြောရရင်တော့၊ ဘုရား, တရား, သံဃာ, မိဘ, ဆရာ။

ကျေးဇူးရှင် ... အနန္တ ဂိုဏ်းဝင်တွေကို ပစ်မှား ... မိရင်။ ပစ္စုပ္ပန်ရော ... တမလွန်ရော ...၊ လောင်ကျွမ်းလိမ့်မယ်။

အ,ကုသိုလ်ထဲမှာ ... အဲဒါ၊ အကြီးမားဆုံး အ,ကုသိုလ်ပဲ။ မင်းက ... အ,ကုသိုလ် ကင်းချင်တယ် ... ဆို''

''ဟုတ်ကဲ့ ... မမ''

''လူတွေက၊ ဘဝ ... မတိုးတက်ဘူး။ မတိုးတက်ဘူး ... ညည်းတွားကြတယ်။

အတိတ်ကာလ, မသိတဲ့ကာလ, လွန်ခဲ့တဲ့ ကာလ,တွေတုန်းက၊ ကျူးလွန်ထားမိကြတဲ့ အ,



ကုသိုလ်ကံ အမှုတွေအတွက်၊ ဝန်ချတာတို့ တောင်းပန်တာတို့ လုပ်ကောင်းမှန်း၊ တချို့ မသိကြဘူး။

ကံကြွေးဆိုတာ၊ အမျိုးမျိုး၊ ရှိတတ်တာကိုး။ ပေး ... ဆပ် ... မှ၊ ကျေတဲ့ အကြွေးရှိတယ်။ ကျင့်ကြံမှ၊ ကင်းပ,တဲ့ အကြွေးရှိတယ်။ ဝန်ချတောင်းပန်မှ၊ ပယ် ... သွားနိုင်တဲ့ အကြွေးရှိတယ်။

ကံ ... အတိုင်းပဲ, ကံ ... အတိုင်းပဲ ဆိုပြီး။ ငြိမ်းစလွယ် ... နေလို့ မရဘူး။ ကောင်းတဲ့ ကံ ... ကို၊ ကံ အတိုင်းပဲ ဆိုပြီး၊ ထိုင်စောင့်နေတာ၊ ကိစ္စ မရှိဘူး။

မကောင်းတဲ့ ကံကို၊ ဒီအတိုင်း ... နည်းမသိ လမ်းမရှိဘဲ၊ ရင်ဆိုင်နေမိ ... လို့က,တော့၊ လောင်ကျွမ်းလိုက်မယ့် ... ပရိဒေဝ၊ ငရဲမီးလိုပဲ၊ ပူလိမ့်မယ်''

''ကျေးဇူးအရမ်းတင်ပါတယ် ... မမ။ အခု ... လို၊ ရှင်းပြတာ''

''ကျေးဇူးတင်ရင်၊ မြန်မြန်လုပ်'' ... ဟု၊ မမ ပြောရင်း၊ ပါးချိုင့်နေရာလေးကို၊ ငေးမိလိုက်သေးသည်။ အပြုံးရိပ်,



www.burmeseclassic.com

www.burmeseclassic.com



ကွယ်ပျောက်ခြင်း၏အောက်၌၊ ပါးချိုင့်ပန်းပွင့်လေး ငြိမ်သက် ငုပ်လျှိုးနေလေ၏။ သခင်ပြုံးမှ၊ သူ ···ပွင့်လာမည်။

❦ ❦ ❦



(၁၄)

အဘွားနှင့် အဖေအမေကို၊ ကျွန်တော် ဝန်ချကန်တော့ ည်။ မကန်တော့ခင်၊ ဘာကြောင့် ကန်တော့ရသည်ကို၊ ကျွန်တော် ·ရှင်းပြသည်။ ခွင့်လွှတ်ပါရန် ··· တောင်းပန်သည်။ အဘိုးကိုပါ၊ ပေအောင် ပြုလုပ်ခဲ့မိကြောင်း၊ အဘွားနှင့် အဖေအမေကို၊ တိုင် ည်လျက် ကျွန်တော် ဝန်ခံသည်။ ပြီးနောက် ··· အဘိုး၏ ဓာတ်ပုံ ၏ ရည်စူးရှိခိုး ရလေ၏။ အဘွားနှင့် အဖေအမေတို့အားလုံးက၊ လွှတ်ပါကြောင်း ပြောကြ၏။ အဖေက ···,

"ဒီလို ··· နည်းစံနစ် မှန်မှန်ကန်ကန်နဲ့ ဝန်ချ တာ၊ တောင်းပန်ကန်တော့တာ။ သားရဲ့ ··· အိုက်



www.burmeseclassic.com

www.burmeseclassic.com



ရာလား”

“ဗုဒ္ဓဘာသာဝင်တိုင်းရဲ့ အိုက်ဒီရာပါ ဖေဖေ

ဒါပေမဲ့ . . . သား မသိခဲ့ဘူး။ ဟို . . . ။ မမ ကြွေမြ

ပြောပြမှ၊ သား . . . သိတာ။ သိသိချင်း . . . သာ

ဆောင်ရွက်တာပါ . . . ဖေဖေ”

အမေက . . .

“သြော် . . . ။ အဲဒီ မိန်းကလေးနဲ့ ပြန်တွေ

ကြပြီလား”

“ဟုတ်ကဲ့”

“အိမ်ထောင်ရက်သား ကျသွားပြီ ကြာ

တယ်”

“အခု . . . ၊ အိမ်ထောင် မရှိဘူး မေမေ

တစ်ယောက်တည်း နေတာ”

“ဟုတ်လား။ အိမ်ထောင်ဘက်က၊ ပျက်စီး

သွားတာလား။ အိမ်ထောင်က၊ ဖျက်တာလား”

“မမေးဖြစ်ဘူး . . . မေမေ။ အားနာလို့”

“ဘယ်သူတုံး”

အဘွားက၊ ဝင်မေးလေ၏။ အမေက . . .





“အရှေ့ဘက်ထဲက၊ သန်းလှယောက်ျားရဲ့

တူမ,လေး။ မောင်စံ ငယ်ငယ်က . . . ၊ ရေစည်တိုက်

လိုက်,လိုက်သွားတယ် . . . ဆိုတဲ့ ကောင်မ,လေး”

ညှော်ခန်းနံ့ရှိ ပန်းချီကားကို လက်ညှိုးညွှန်ကာ၊ ကျွန်တော်

ပြောသည်။ အဘွားက . . .

“အဲ . . . ။ ဒီကလေးမလေးက၊ မိဘ,က

ပစ်ပယ်ထားတယ် ကြားတယ်။ လက်ဆက်တဲ့သူကို

သဘောမကျလို့ ဆိုလား။ ဟိုးတုန်းက၊ ကြားတာ”

နီးစပ်ရာ အသိုင်းအဝန်းမှ၊ ကျွန်တော် မကြား,မသိမိသည့်

။ သိန်းဇော် စုံစမ်းပေးစဉ်က, သဲ့သဲ့မျှတော့၊ ကြားရသည်။

ထဲဝင်ဝင်၊ မဟုတ်။ ယခု . . . အဘွား၏ပြောစကားအရဆိုလျှင်၊

သဲ့သတင်းစကားသည်၊ လွဲလောက်စရာမရှိ။

“နှစ် . . . ၊ ကြာပြီပဲ။ အခုထိ ပစ်ပယ်ထား

တယ်ဆို မကောင်းပါဘူး။ သား သမီးနဲ့ မိဘ,ကြား”

အဖေ ဝင်ပြော၏။ မမကြွေမြယံ၏ ကိုယ်စား၊ ကျွန်တော်

မကောင်း ဖြစ်ရသည်။

❀



www.burmeseclassic.com

www.burmeseclassic.com



သူသူက . . .

"နင့် မမနဲ့ နင် . . . , ပြန်တွေ့နေကြပြီဆို

ကျွန်တော် . . . ကြည်လင်နှင့် မင်းစိုးခ,ကို၊ ဝေ့ခနဲ ကြည့်လိုက်၏။ "ငါ့ကို မကြည့်နဲ့၊ ဒီကောင်ပြောတာ" . . . ဟု၊ ကြည်လင်ကို လက်ညှိုးထိုးကာ, မင်းစိုးခ, ပြော၏။

ကြည်လင်က . . .

"မင်း . . .၊ ငါတို့ကို၊ နှုတ်ပိတ်မထားဘူးလေ။ အဲဒါကြောင့်၊ ပြောမှာ။

ပြီးတော့ . . . ,

စုသုနဲ့ နေခြည်သော်တို့ နှစ်ယောက်အနေနဲ့လည်း . . .၊ မင်းကိုများ၊ တစ်ဖက်သတ် မျှော်လင့်နေကြရင်၊ မမျှော်လင့်ကြနဲ့တော့ . . . ဆိုတဲ့ သဘောနဲ့၊ ငါ . . . ပြောပြလိုက်တာပါ"

ကြည်လင်၏ ဦးခေါင်းထက်သို့၊ နေခြည်သော်နှင့် သူသူတို့၏ လက်လှမ်းမီရာ ပစ္စည်းများ၊ ကျရောက်ကုန်လေ၏။

ကြည်လင့်ကို၊ စိတ်တိုင်းကျ၊ အရေးယူ ဆောင်ရွက်ပြီး





ည့်အခါ . . .၊ နေခြည်သော်က . . .

"နင့် မမက . . . ဘယ်မှာနေတာလဲ"

"မပြောဘူး။ နင်တို့ နှစ်ယောက်ကို၊ ပြောမယ့်အစား၊ နိုင်ငံခြားက . . . ပြန်ပေးဂိုဏ်း တစ်ဂိုဏ်းကို၊ ပြောပြလိုက်တာက,မှ၊ ငါ့ရော . . . , မမရော . . . နှစ်ယောက်စလုံး၊ သက်သာရာ ရဦးမယ်"

မင်းစိုးခ,က . . .

"အဲဒီ့ မကြွေမြယ် ဘယ်မှာနေတယ် ဆိုတာ၊ သိရတော့၊ နင် . . . ဘာလုပ်မလို့လဲ"

"ငါတွင် . . .၊ မဟုတ်ဘူး။ သူသုပါ . . . လိုက်မှာ"

"ဟာ"

ကျွန်တော် . . .၊ မျက်လုံးအဝိုင်းသား၊ ဖြစ်ရသည်။ ထို့ကြောင့်, စိုးရိမ်တကြီးဖြင့် . . .

"ဘာလုပ်ကြမလို့လဲ"

"သူသုက၊ ပထမ,ရက် . . . အဲဒီ့အိမ်ကို . . . သွား။ နောက် တစ်ပတ်လောက်ကြာမှ၊ ငါက . . . သွား"



www.burmeseclassic.com

www.burmeseclassic.com



"ဟဲ့ ... သွားပြီး ဘာလုပ်ကြမလို့လဲဆို

"တက္ကစီ သွားမယ် ... ဆိုပေမယ့်။ ပြော

မယ့်စကားက,တော့၊ ငါရော ... သုသုရော ...

တစ်ခုတည်းပဲ၊ ပြောမှာ"

"ဘာပြောမှာလဲ" ... ဟု၊ မင်းစိုးခ,ကပါ၊ ဝင်မေးပေး

"ကျွန်မနဲ့စံပလနဲ့ ဖြစ်နေတာ အစ်မ သိလာ

... လို့၊ သွားမေးမှာပေါ့"

"ဟာ ...။

နှစ်ယုတ်မ။ နှစ်ယောက်ပေါင်းပြီး၊ ကြည့

ကြမယ်ပေါ့လေ"

သုသုက ...

"ဘာလဲ ... နှစ်ယုတ်မ"

"တစ်ယောက်ကို၊ တစ်ခါ, ယုတ်မာကြ

မဟုတ်လား။ အဲဒါကြောင့် ... နှစ်ယောက်စာ တင်

တည်း၊ ပေါင်း ခေါ်လိုက်တာ။ နှစ်ယုတ်မ"

နေခြည်သော်က ...

"အချိန်ရှိသေးတယ်နော်။ မြန်မြန်စဉ်းစား

နင်, ကိုယ်တိုင် လိပ်စာပေးရင်၊ တစ်ခါပဲ သွားမယ်





ငါတို့တာသာ၊ စုံစမ်းလို့ သိရရင် ... အကြိမ်ကြိမ် အခါခါ ...။ သတိရတိုင်း, အားတိုင်း, ကြုံတိုင်း, အပျင်းဖြေချင်တိုင်း, သွားမှာနော်။

ကမ္ဘာပေါ်မှာ ရှိရှိသမျှ၊ မကောင်းမှုဒုစရိုက် လုပ်ငန်းအားလုံး၊ နင့်ရဲ့ ကျွမ်းကျင်မှု ပညာတွေ အဖြစ်၊ သွားပြောမှာနော်။

ကျွန်မ,ကို ... ဘယ်လို လိမ်ညာ လှည့်စား သွားပါတယ်။ ကျွန်မ ..., ဘယ်လောက် နစ်နာ သွားပါတယ် ... ဆိုတာမျိုး။

ဟင်းဟင်း။ သိတယ် မဟုတ်လား။ ငါတို့ နှစ်ကောင် ... အိုက်တင်၊ ဘယ်လောက်ကောင်း တယ်ဆိုတာ။ မိုးပေါက်လေးကို သနား ... လို့၊ မင်းသမီး မလုပ်တာနော်။ ဟင်းဟင်း"

နေခြည်သော် ...၊ နောက်ပြောင်နေမှန်း သိသော်လည်း၊ ကျွန်တော် ..., တော်တော်လေးတော့၊ လန့်နေပါသည်။ တစ်အုပ် လုံးက၊ အားမနာ, ပါးမနာ နောက်ပြောင်ကြမည့်သူတွေ။ ကိုယ် ကိုယ်တိုင်ကလည်း၊ သူတို့ကို၊ ကြုံရင် ... မညှာမတာ နောက်ပြောင် လေ့ရှိသူ။



www.burmeseclassic.com

www.burmeseclassic.com



"ဒုက္ခပါပဲ။

ကြည်လင်"

"ဘာလဲ"

"မင်း ...။ သိုက်ဆရာတွေကို၊ လှေ
တင်လာသလို၊ လုပ်လိုက်တာပဲကွ"

♫ ကိုဘုန်းကြွယ် လူညာကြီးရယ် xxx
သူတွေကို လှေပေါ်တင်ခဲ့တယ် ♫

သုသုက၊ သိုက်နန်းရှင် မမြစိမ်း အမူအရာဖြင့်၊ ကြည်
မျက်နှာကို လက်ညှိုးထိုးကာ၊ သီချင်း ဆိုလေ၏။ သုသုက၊ နတ်
သလိုပြုမူလျက် ...

"နည်းနည်းလောက် ညှိနှိုင်းလိုက်ပါလား
တချို့ စစ်သူကြီးတွေ၊ မြို့ဝန်တွေ ... လို၊ ရာ
ကျမှာ ကြောက်ရင်၊ ဗလိနတ်စာ ကျွေးရတယ်
... ဟဲ ဟဲ"

ထိုစကားသံကြားမှ၊ ကျွန်တော် သဘောပေါက်တော့
"ဝတ်ကြီးကျချင်ရင်လည်း၊ သနားကြပ်
... လို၊ ပြောပါလားဟာ။

ခြိမ်းလား ခြောက်လားနဲ့ ...။ ငါ ...





တော်တော်၊ လန့်သွားတယ်"

သုသုက၊ ဘာမှပြန်မပြောဘဲ၊ မျက်စိကို၊ တမင်စုံမှိတ်ထား
လေ၏။

"ပြောကြ။ နတ်ကောင်စလုံး၊ ဘာ ... စား
မှာလဲ။ ပြော။ ကြိုက်တာ ... စား။

နင်တို့ ... နတ်ကောင်စာလောက်က၊ တော့
တယ်လီယာ နတ်ကောင်စာလောက်ပဲ၊ ရှိတယ်။
ကျွေးမယ် ... ပြော။ ဘာကျွေးရမလဲ"

နေခြည်သော်က ...

"ဟော့ဟော့ ...။ ပူဇော်ပသ,တာ ရှိရှိသေ
သေ လုပ်ပါ။

ညှိနှိုင်းတယ် ... ဆိုတာ၊ အောက်နတ်နဲ့တွင်
မရဘူးနော်။ အထက်နတ်တွေကိုပါ၊ ရှိသေရတယ်။

စေတနာပါပါလေး ... ပြော၊ ရှိရှိသေသေ
လေးပြော။

အထက်နတ်၊ အောက်နတ်တွေဆိုတာ၊ ဆိုး
ခနဲ ဆတ်ခနဲ နှိုက်စားလို့ရတာ မဟုတ်ဘူး။ ကျေချင်
ပေမယ့် ... ပူဇော်ပ,သတဲ့သူက၊ ရှိရှိသေသေလေး



www.burmeseclassic.com

www.burmeseclassic.com



တင်မြှောက်တာကိုတော့၊ လိုချင်သေးတာပေါ့"

မင်းစိုးခ,နှင့်ကြည်လင်တို့ကို ကြည့်ပြီး၊ ကျွန်တော်က ...

"သူတို့ကိုလည်း၊ ကျွေးရမှာပဲလား"

"အဲဒီ နှစ်ကောင်၊ အရေးမကြီးဘူး။ ငါတို့ နှစ်ပါးက၊ ပို အရေးကြီးတယ်။ နင့်ကို၊ ဒုက္ခရောက် သွားအောင်၊ ငါတို့နှစ်ယောက် လုပ်နိုင်တယ်။ ဟင် ဟင်း"

"ဂျေ ... ဒိုးနတ်မှာ ပူဇော်မယ်ဟာ"

"နိုး ... နိုး။ လူများတယ်။ အကုန်အကျ နည်းတယ်"

"မစွတာ ဂစ်တာ"

သုသုက၊ ထိုအသံကြားမှ၊ မျက်လုံးဖွင့်လျက် ...,

"သင့်လျော်တယ် ... မောင်မင်း။ အေးအေး ဆေးဆေး၊ ပူဇော်စေ"

"နင်တို့ မမကို၊ သွားမနှောက်နဲ့နော်၊ ကတ် တော့ ... ပေး"

"ဟွဲ ...။ နင် ... ပူဇော်ပြီးပြီပဲ။ စိတ်ချ နတ်တွေ မ,ပြီဆို၊ အပြုတ်ပဲ"





"ဘာ"

"အဲ ... အပြုတ်ပဲ ... လို့ ပြောတာ"

"နင်တို့ နှစ်ယောက်တည်းလား။ ဒီကောင် တွေရော၊ မပါရဘူးလား"

"နင် ... စေတနာရှိရင်၊ ခေါ်လာပေါ့။ နတ် တွေရဲ့၊ စားကြွင်းစားကျန်ကို၊ သရဲ၊ တစ္ဆေတွေ၊ ပြိတ္တာတွေ၊ တိရိစ္ဆာန်လေးတွေက ...၊ စားနေကျပဲ"

ကြည်လင်က၊ သုသုကို၊ လက်ကိုင်ပဝါနှင့် ပစ်ပေါက်၏။ ရယ်မော ပျော်ရွှင်ဖြစ်ကြပါသည်။ သို့သော် ... ကျွန်တော်အဖို့ အကြွင်းမဲ့ ... မဟုတ်။

* * *



www.burmeseclassic.com

www.burmeseclassic.com

## (၁၅)

"မမကြီး မရှိဘူး။ မင်္ဂလာဈေးသွားတယ်"

ဆိုင်ဝန်ထမ်း ကောင်မလေး၏စကားကြောင့်၊ ကျွန်တော် ဘာလုပ်ရမှန်း မသိတော့။

"ဒီမှာ ...၊ ထိုင်စောင့်မလား ကိုကြီး"

"မစောင့်တော့ဘူး ညီမ။ ဟို ...၊ တစ်ခု လောက် သိချင်လို့။ ညီမ ... ပြောပြလို့ ရမလား"

"ဘာများလဲဟင်"

"ဟို ...။ ဒီ ... မမရဲ့အမျိုးသားက၊ ဘယ် မှာလဲ"



www.burmeseclassic.com

www.burmeseclassic.com



"ဪ ...။ ဆုံးသွားတာလေ။ ကြာပြီ ကိုကြီး မသိဘူးလား"

"မမနဲ့ မတွေ့တာ၊ ကြာပြီ။ ဆယ်နှစ်ကျော် လောက် ရှိပြီ။ ဘာမှမသိဘူး"

"ဪ ..."

"ကျေးဇူးပဲ။ ပြန်ဦးမယ်။ အစ်ကို ... မနက် ဖြန်၊ ဘောလုံး ပြန်ကန်မယ် ... ဆိုတာ၊ လာပြော တာပါ ... လို့။ မမကို ပြောပေးပါ"

"ဟုတ်ကဲ့"

ကားကို၊ ဖြည်းဆေးညင်သာစွာ မောင်းခဲ့ရသည်။ မင်္ဂလာ ဈေးကို၊ လိုက်သွားရင်၊ ကောင်းမလား၊ စဉ်းစားသည်။ လွဲသွားမှာ စိုးပြန်၏။

တွေ့မြင်လိုသူကို၊ မတွေ့မမြင်ရသည့်အခါ၊ ကမ္ဘာလောက နှင့် ကင်းလွတ်သွားသည့်ပမာ၊ ပြင်းပြစွာ ခံစားရချေ၏။





"စုတ်ပြတ်သတ်နေတဲ့ ငါ့ဘဝကို၊ နင်က ...၊ ဘယ်အထိ သိချင်တာလဲ၊ စံပလ"

ဘောလုံးကွင်းမှ ပြန်လာလာချင်း၊ မမကြွေမြယံထံသို့ ကျွန်တော် ဝင်သည်။ ကျွန်တော့်ကို မြင်လျှင် မြင်ချင်း၊ မမကြွေမြယံ ဘားသော့ကို ယူသည်။ သူ့အိမ်ရှေ့တွင် ရပ်ထားသည့်၊ သူ့ ကား ဆီသို့၊ ကျွန်တော့်ကို တက်ခိုင်းသည်။ ပေပေကျံကျံ အားကစား ဝတ်အစားဖြင့်ပင်၊ ကျွန်တော် တက်လိုက်ရ၏။ ဆိုင်ရှေ့စာတ်တိုင် တွင်၊ ကျွန်တော့်စက်ဘီးလေး မို့လျက် ကျန်ရစ်ခဲ့၏။ မမကြွေမြယံက ကားကို၊ ဝေါခနဲ မောင်းထွက်သည်။

ရွှေတိဂုံစေတီတော်ကြီးကို၊ ခပ်ဖျဖျ ဖူးမြင်နေရသည့် နေရာ တွင်၊ ကားကိုရပ်သည်။

"ပြောလေ။ နင် ... ငါ့အကြောင်းကို၊ ဘာ သိချင်တာလဲ"

"ကျွန်တော် ဘာလုပ်လို့လဲ ... မမ"

"မနေ့က၊ ဆိုင်က, ကောင်မ,လေးကို၊ မင်း ... ဘာမေးသွားသလဲ"

"ဪ"

ကျွန်တော် ရုတ်တရက်၊ ပြန်မဖြေတတ်တော့ချေ။ အပြစ်



www.burmeseclassic.com

www.burmeseclassic.com



တစ်ခုဟာ၊ ယခုမှပင်၊ ကျွန်တော် ခန့်မှန်း ဖြစ်သည်။

"မမကို မေးရမှာ၊ အားနာလို့၊ သူ့ကို မေး မိတာပါ ... မမ"

ဒေါ်သ,ထက် သော်က,မျက်နှာကို ပိုမြင်ရသည်။

"နှင်က ...၊ ငါ့ မောင်အရင်းလို့၊ ငါ ... ပြောထားတာ။

မောင် ... အရင်းက၊ အစ်မရင်းရဲ့အကြောင်းကို၊ အိမ်ဝန်ထမ်းဆီ သွားမေးရတယ် ... ဆိုတော့ ငါ ... ဘာဖြစ်သွားပြီလဲ။ နှင် ... သိရဲ့လား။

နှင်နဲ့ငါနဲ့ ဘာမှ၊ မတော်စပ်ပါဘူးလို့၊ ပြော လိုက်တာနဲ့ အတူတူပဲ။

နိုင်ငံခြားမှာ၊ နောက်ထပ် အိမ်ရာထူပြီး သူ့ ဘာသာ ... သူ့ရောဂါနဲ့ ... သူ့, သေသွားရတဲ့ ငါ့ ယောက်ျားဆိုတဲ့လူ။ သူ့ဓာတ်ပုံကို၊ တမင် ... အိမ်နံရံမှာ ချိတ်ထားရတဲ့ ငါ့ဘဝ။

သူနဲ့ ယူလို့၊ သမီးအဖြစ်က, အစွန့်ခံထားရ တဲ့ ... ငါ့အဖြစ်အပျက်။ နှင်က, ဘာအတွက် သိ ချင်ရတာလဲ စံဗလ။





သိချင်ရင်တောင်၊ ငါ့ကိုပဲ။ နှင်, မေးပါလား။ အိမ်ဝန်ထမ်းကို၊ နှင် ... မေးလိုက်တော့၊ မောင်ဖြစ် သူက, အစ်မအကြောင်းကို၊ ဘာဖြစ်လို့ မသိတာလဲ ဆိုတာပါ၊ ငါ ... အမေးခံရတယ်"

"မမကို၊ ကျွန်တော် မမေးရဲလို့ပါ။ မမ ... ဘယ်မှာလဲ။ ဘယ်လို ... နေသလဲ။ ဘာဖြစ်နေ သလဲ၊ ဆိုတာတွေ ...။

ကျွန်တော် ... သိချင်ခဲ့တာ၊ အခုမှ မဟုတ် ပါဘူး။ နေ့တိုင်း, လတိုင်း, နှစ်တိုင်းပါ ...၊ မမ"

"မင်း ...၊ ဘာကြောင့် အဲဒီလောက် စပ်စု ချင်ရတာလဲ"

"မမနဲ့ပတ်သက်ရင်၊ ဟိုး ... ငယ်ငယ်က တည်းက၊ ကျွန်တော် ..., စပ်စုနေခဲ့မိတာပါ ... မမ။

အခုမှ ...၊ ရုတ်တရက်ကြီး စပ်စုတာ မဟုတ်ပါဘူး။

သိသင့်တာထက် ပိုပြီး၊ မေးမြန်းစုံစမ်းတာ ကို၊ စပ်စုတယ် ... လို့ ခေါ်တယ် ... လို့ ဟိုးတုန်း



www.burmeseclassic.com

www.burmeseclassic.com



ကတည်းက၊ မမ ... ပြောပြထားဖူးတာကို ကျွ
တော်, မှတ်ထားပါတယ်။

မမအကြောင်း။ ကျွန်တော် လိုတာထက်
ပြီး သိချင်နေတာပဲဖြစ်ဖြစ်၊ မေးမြန်းမိတာပဲ ဖြစ်
သိချင်လို့ မေးတာ။

သိပြီးရင်၊ တစ်ခုခု ... ဒါမှမဟုတ်။ တ
မက, ကူညီချင်လို့ မေးမိတာပါ''

''အေး ...။ အိမ်ထဲမှာ ... မပြောချင်
ငါ ... ဒီမှာ ပြောမယ်။ ပြောပြီးရင်တောင်၊
... သိချင်တာ ကျန်သေးရင်၊ ထပ်မေးဦး။

အိမ်က, ပေးစားတဲ့သူကို မယူချင်လို့
စားဟောင်းနဲ့ ငါ လိုက်ပြေးတယ်။ အဲဒီကတည်း
ငါ့မိဘ,က၊ ငါ့ကို သမီးအဖြစ်က, စွန့်ပစ်ခဲ့ကြတ
ဒီနေ့အထိပဲ။

အိမ်ထောင်သက် နှစ်နှစ်။ ဖောက်ပြန်
ယောက်ျား။ နိုင်ငံခြားမှာ ... သေတယ်။

ဒုက္ခရောက်မှ၊ အိမ်လာကပ်တယ် ...
အထင်မခံချင်လို့၊ ငါ့မိဘဆီ ငါ ... မသွားဖြစ်တ





ဒီနေ့အထိပဲ။

ငါ့လို အ,ကုသိုလ်မျိုး နင် ... မကြုံစေချင်လို့ နင့်မှာ ... မရှိစေချင်လို့ မိဘ ... စိတ်ပူအောင် လုပ်ခဲ့တာကိုတောင်၊ ငါ ... သေသေချာချာ၊ ဝန်ချ တောင်းပန်ခိုင်းခဲ့တာ။

မိန်းမသား တစ်ယောက်တည်း ရပ်တည်ရတာ၊ မလုံခြုံမှာစိုးလို့ အိမ်နံရံမှာ၊ ငါ ... မချိတ်ချင်တဲ့ ဓာတ်ပုံ၊ ချိတ်ထားရတယ်။

ဘဝကို၊ ငါ ... တစ်ယောက်တည်း။ ရုန်းကန်ခဲ့တယ်။

နင့်ကို၊ ပြန်တွေ့တွေ့ချင်းတောင်၊ ငါ ... မသိချင်ယောင် ဆောင်ခဲ့တယ် ... စံဗလ။ အဲဒါ ... ဘာဖြစ်လို့လဲ။ နင်, သိရဲ့လား''

ဦးငုံ့လျက် ခေါင်းခါပြမိသည်။

''ငါ့ဆီက, အ,ကုသိုလ်တွေ၊ နင့်ကို၊ မကူးစေချင်လို့ပဲ။

ရန့်ဖြစ်လာတယ် ထင်ပြီး၊ အနားကို ဝင်ကြည့်မိခါမှ၊ နင် ... စပ်စုလို့၊ ဖြစ်လာတာလေ''



www.burmeseclassic.com

www.burmeseclassic.com



"မမ"

ကျွန်တော် အော်ဟစ် ခေါ်ဝေါ်လိုက်မိသည်။

"မမ . . . ဘာတွေဖြစ်နေသလဲ။ ကျွန်

မသိဘူး။

ကျွန်တော်သိတာ၊ တစ်ခုပဲ ရှိတယ်။

. . . ပြန်တွေ့ချင်တယ် . . . ဆိုတဲ့ စိတ်,တစ်ခုတ

ပဲ၊ ကျွန်တော် သိတယ်။

အဲဒီစိတ် . . . တစ်ခုတည်းနဲ့၊ နှစ်ပေါင်း

စွာ၊ ကျွန်တော် နေလာခဲ့ရတာဗျ။

အိမ်ထောင်ကျသွားပြီဆိုတာ ကြားထားရ

သတိရတဲ့စိတ်ကို၊ အ,ကုသိုလ် မဖြစ်အောင်၊ ဘ

လောက်အထိ၊ ထိန်းသိမ်းခဲ့ရတယ်ဆိုတာ။ မမ . .

ခန့်မှန်းကြည့်။

အခု . . . ပြန်တွေ့ပြန်တော့လည်း။ သူ . .

တစ်ပါးအိမ်ရာကို၊ ပြစ်မှားသလို ဖြစ်မှာစိုးလို့။

မေးမိတာ . . . ။ စုံစမ်းမိတာ။ မမ ပြော

. . . စပ်စုမိတာ။ ကျွန်တော် သိပ်လွန်သွားလို့လား

ကျွန်တော် . . . သိပ်ရိုင်းသွားလို့လား"





ကျွန်တော် အော်ဟစ်ပြောဆိုသံတွင်၊ ငိုသံပါသွား၏။ မမ

သက်သွားသည်။

"ကြိုလို့ ပြောခဲ့တဲ့ စကားတွေကို၊ မြေဝယ်

မကျ၊ လိုက်နာခဲ့တယ်။

ပြီးစလွယ် ပေးခဲ့တဲ့၊ လက်ပံပွင့်တစ်ပွင့်ကို

တောင်၊ ဒီနေ့အထိ၊ အခြောက်ခံပြီး၊ သိမ်းထားမိ

တယ်။

ကလေးသာသာ၊ စွဲလမ်းစိတ်နဲ့၊ ဒီနေ့ . . .

ဒီအရွယ်အထိ၊ ကျွန်တော် . . . နေထိုင်ဖြတ်သန်းခဲ့

ရတာ။

စာနာကြည့်မှ၊ သိနိုင်မယ့် ဝေဒနာပါ မမ

ရယ်။

ဖောက်ပြား ကျူးလွန်သလို၊ ဖြစ်မှာစိုးလို့၊

သတိရစိတ်ကို၊ သန့်သန့်ပြန့်ပြန့်ဖြစ်အောင်၊ ဆင်ခြင်

ရတဲ့၊ အခက်အခဲ။

အ,ကုသိုလ်ဆိုတာကို၊ သေသေချာချာ သိမှ၊

အဲဒီအခက်အခဲ၊ ဘယ်လောက်ကြီးမားခဲ့တယ်ဆို

တာ၊ ခန့်မှန်းနိုင်မှာပါ။



www.burmeseclassic.com

www.burmeseclassic.com



အခု . . . မမ, ဘာကို အပြစ်တင်နေမှန်း ကျွန်တော် မသိဘူး။ ဘာကြောင့် အပြစ်တင်တယ် ဆိုတာ၊ နားမလည်ဘူး''

မမကြွေမြယ်၊ ကျွန်တော့်ကို သေသေချာချာ ကြည့်ပြီးနောက် အနားတိုးလာသည်။ သူ . . . အနားတိုးလာသဖြင့် လှလှမျက်ရည်ကို၊ အမြန်သုတ်လိုက်၏။

''ဟုတ်တယ်။ ငါ . . . , ဘာကို၊ အပြစ် ချင်မှန်း မသိဘူး။

ဒါပေမဲ့ . . . မင်း . . . သိအောင်၊ တစ်ခု မယ်။

မင်း . . . ငါ့ဆီကို၊ မလာပါနဲ့တော့။ လုံး ငိုလေသည်။

''လုံးဝ . . . မလာနဲ့''

ကျွန်တော်ပါ . . . မျက်ရည်ဝဲတက်လာ၏။

''မလာနဲ့။ မင်းကို . . . ငါ, ဘယ်တုန်းက သတိမရခဲ့ဘူး။

မင်းလည်း၊ သတိရစရာ မလိုဘူး။ ပတ်သက် စရာလည်း မလိုဘူး''





အမှုန်အမွှား၊ လေပြည်၊ ရေမြေတောတောင်၊ တိမ်ခိုး တိမ် အစ . . . , ရှိရှိသမျှသော သဘာဝဖြစ်ပေါ်အားလုံး၊ ရပ်တန့်သွား ပြီ။

ကျွန်တော့် နှလုံးခုန်သံနှင့် မမ ကြွေမြယ်၏နောက်ဆုံး စကားပါဒတို့သည်သာ၊ စည်းချက်မညီဘဲ၊ တစ်လှည့်စီ တစ်သံစီ ထပ်တည်းထွက်ပေါ်နေချေ၏။

နှလုံးခုန်နေပါလျက်၊ ကျွန်တော် သက်မဲ့ဖြစ်သွားရသည်။ ကြွေမြယ်၏ တစ်ခါတည်းသာ၊ ပြောဆိုပ,ထုတ်လေသည့် စကား ကို၊ အခါခါ အထပ်ထပ်၊ အကြိမ်ကြိမ် အလီလီ ပဲ့တင်ထပ်စွာ . . . , နား နေလေ၏။

မျက်လုံး အကြည့်သည်၊ မြေပြင် . . . သို့၊ အာရုံအသိသည်၊ စိတ်၏ မိုင်ပေါင်းများစွာ၊ အနာဂတ်သည်၊ ဝေဝါးစွာ သန္ဓေမတည် ပြင်၊ ပျက်ပြယ် ကြေမွ။

လူသူတော်ကောင်းတို့၏ ပျက်စီးတတ်သော သဘောဆောင် သည့်၊ လောက,ကို လွန်မြောက်ရန်အတွက်၊ ညွှန်ပြဆုံးမ,လေ့ရှိ သော၊ ပစ္စုပ္ပန်ကို၊ တည့်တည့်ကြည့် . . . ဟူသည့်၊ ရတနာ စကား။

ကျွန်တော့် အစွ နှလုံးသားနှင့် မထိုက်တန်တော့ပြီ။ ညာ ည်း ကံမွဲစွာ ရပ်တည်လျက်၊ ခံဆဲ . . . နာ, ဤဝေဒနာဆိုးကိုသာ၊



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော် တည့်တည့်ကြည့်ရမည်ဆိုပါက . . . ။

မွန်းတည့်နေပြင်းကို တည့်တည့်ကြည့်သကဲ့သို့၊ မျက် တစ်စုံ၊ နှလုံးသား တစ်မြွာ၊ ဘဝ တစ်ခု၊ ခန္ဓာ တစ်ကိုယ်၊ အား . . . ညှိုးမှိုက်မည်းမှောင်၊ လောင်ကျွမ်းပြာကျ၊ သေဖို့မျှသာ ရှိ သည်။

ဉာဏ်နည်းသည် . . . ဟု၊ ဆိုချင်ဆို။

ဤပစ္စုပ္ပန်ကို၊ ကျွန်တော် ရင်မဆိုင်ရဲ၊ ကိုယ့်ထက် နိုး နေရှာသော၊ တုန့်လှုပ်ခဲ့သော၊ အနင်းခံနိုင်စွမ်းသော၊ မြေမျက်နှာ ကိုသာ၊ အားကျစွာ အားနာစွာ၊ ငုံ့ကြည့်နေမိသည်။ မြေထု အနင်းခံထားရပါလျက်၊ တုန့်လှုပ်ခြင်း။ ကင်းပ,ချင်ပေသည်။ မြေ သည်ပင်လျှင်၊ ဘဝ . . . နှလုံးသား၏ အားကျစရာ . . . အမာ . အခဲ။

❀ ❀ ❀



(၁၆)

# ဥယျာဉ်ဟောင်း

အလွမ်းပြေလို  
ပန်းကြွေကိုကြည့်။  
အလွမ်းမပြေ  
ပန်းကြွေ . . . ကြွေ . . . ပြန့်  
ရနံ့မရှိ . . . ။ ။

အိပ်ခန်းနံရံရှိ၊ လက်ပံပင် ပန်းချီကားကြီးကို၊ အလွမ်းငွေ့

www.burmeseclassic.com



. . . ဟု၊ အမည်ပေးထားဖြစ်သည်။ ထို အလွမ်း . . . နွေ ပန်းချီကား
အောက်တည့်တည့်တွင် ယွန်းဘူးငယ် တစ်ဘူး။ ထိုဘူးထဲတွင်၊ လက်
ပံပွင့်ခြောက်လေး . . . တစ်ပွင့်။

နီရဲခဲ့သည့် အရောင်အဆင်းကို၊ ညှိုမည်းသောအရောင်
ဖုံးအုပ်ခဲ့သည်မှာ . . . ၊ ကြာခဲ့ပေပြီ။

ထိုယွန်းဘူးငယ်အတွင်းသို့ ဥယျာဉ်ဟောင်း . . . ဟု၊ အမည်
ရသည့် ကဗျာလေးတစ်ပုဒ်ကို၊ ခေါက်ထည့်ထားလိုက်သည်။ ယွန်း
ဘူး၏အဖုံးကို ပြန်မပိတ်ဖြစ်သေး။

အိပ်ရာထက်သို့ ပစ်လှဲလိုက်မိသည်။ အတွေး မပြန့်ချင်
သဖြင့်၊ မျက်လုံးမှိတ်သည်။ မျက်လုံးမှိတ်ထားသော်လည်း . . . စိတ်က
မပိတ်။ အတွေး အာရုံများက၊ တရိပ်ရိပ် လှုပ်ခတ်ယှက်ပြေးနေရ

## နွေမိုး

သံယောဇဉ် မြေယာမှာ
အချစ်ကို စိုက်ပျိုးခဲ့တာ
အလွမ်းပွင့်တွေ . . . ပွင့်တယ်။





အလွမ်းပွင့်ကို
ပန်းပွင့်လို . . . မွှေး
ရင်မှာဝေ့လျက် . . . ၊
မျက်ရည်နွေးတွေ . . .
ရွာကျတယ် . . . ။ ။

နောက်ထပ် စာရွက်တစ်ရွက်တွင်၊ နောက်ထပ် စာကြောင်း
တွေ ထပ်ရေးလိုက်သည်။ ထိုစာရွက်ခေါက်ကိုလည်း၊ ယွန်းဘူးလေး
ထဲသို့သာ ထည့်ထားလိုက်သည်။

လက်ပံပွင့်လေး အဖော်ရသွားပြီ။ သို့သော် . . . ယွန်းဘူး၏
အဖုံးကို၊ မပိတ်ဖြစ်သေး။ အလွမ်းတွေ . . . အသက်ရှူပါစေ။

ထိုယွန်းဘူးငယ်သည်၊ ကျွန်တော့် နှလုံးသားအတွက်၊
အလွမ်း ဘဏ္ဍာတိုက်။ အလွမ်းဥယျာဉ်။ တစ်ပွင့်တည်းနှင့် ရှင်သန်
နေရသော . . . အလွမ်းမြိုင်မဟာ။

www.burmeseclassic.com



"ဒါဆို မနက်ပိုင်း ဘောလုံးကွင်း မသွားဖြ

ဘူးပေါ့"

သူသူက . . . လူကြီးသူမ, တစ်ယောက်၏ မျက်နှာပေးဖြ

မေး၏။ သူက . . . ကျီစယ်ဟန်ဖြင့် မေးသော်လည်း။ ကျွန်တော်

မျက်နှာထားတည်ကာ ဖြေပါသည်။

"မသွားဖြစ်တာ၊ တစ်ပတ်လောက် ရှိပြီ"

"ဘာလို့"

နေခြည်သော့ကို၊ မသိမသာ ကြည့်မိသည်။ နေခြည်သော

အမူအရာက၊ သေသေချာချာ နားထောင်နေသည့် အမူအရာ။ ကြည့

လင်နှင့်မင်းစိုးခ,တို့နှစ်ယောက်က,တော့၊ ပို၍ စာနာပေးကြမည် ထ

၏။

"ဘောလုံးကွင်းက၊ ပြန်ရင် . . . ခြေထောက်

က စက်ဘီးကို၊ အရှေ့ဘက်နင်း။ စိတ်က, တော

ဘက်ကို . . . ယိုင်။ ကားတိုက်ခံရလိမ့်မယ်"

"စက်ဘီးနဲ့၊ မသွားနဲ့ပေါ့။ ကားနဲ့ပဲ သွားပေါ့

. . . ဘောလုံးကွင်းကို"

"ဘာဖြစ်လို့လဲ"

"ခြော် . . . ၊ စက်ဘီးနဲ့ ကားနဲ့ တိုက်မိရင်





နင် . . . သေမှာပေါ့။ ကားချင်း ကားချင်း တိုက်တော့၊

တော်သေးတာပေါ့။ အဲဒါကြောင့်, ကားနဲ့ သွားနိုင်း

တာ"

အားလုံး၊ ရယ်ကြလေ၏။

အလွမ်းကို လျှောင်ပြောင်ရက်ကြသည် . . . ဟု၊ မယူဆ။

သွမ်းရင်နင့်နေသူကို၊ ရွှင်ပျော်စေလိုကြသည် . . . ဟု၊ ကျွန်တော်

းလည်၏။ တိုနားလည်စိတ်ဖြင့်ပင်၊ ကျွန်တော်က . . .

"မမ,စကားကို၊ နားထောင်တာလည်း၊ ပါ,

ပါတယ်"

မင်းစိုးခ,က . . .

"မြန်မာ စကားမှာ၊ တချို့စကားတွေက၊ တစ်

ဖက်သားအတွက်၊ ဟန့်တားတဲ့ စကားမျိုးတွေ ရှိ

တတ်တယ်ကွ။

စားပါဦး . . . ဆိုရင်၊ အေး . . . စားမယ် ဆိုပြီး

ဘယ်သူမှ၊ ချက်ချင်းမစားကြပါဘူး။ များသောအား

ဖြင့်။

နေပါစေ . . . အခုပဲ၊ စားခဲ့ပြီ။ ခြော် . . .

စား စား။ ကျေးဇူးပဲ၊ အဲဒါမျိုး။ အရင်ပြောကြတာ။



www.burmeseclassic.com

www.burmeseclassic.com



ကျွေးတဲ့သူက၊ ခင်ရင်စား, မစားရင် စိ
ဆိုးမှာ။ နည်းနည်းတော့ စားပါ။ . . . ဆိုပြီး ဖိဖိစီး
လေ။ ကျွေးရင် . . . ဘယ်သူမှ၊ မငြင်းဘူး။ ငြင်း
လည်း၊ မရတော့ဘူး။

အဲဒီလိုပဲ၊ မင်း . . . မမရဲ့, မလာနဲ့ . . . ဆို
စကားဟာ၊ မလာစေချင်တာထက်၊ လာမယ့် မင်း
အတွက်, ဟန့်တားလိုက်တာ ဖြစ်မယ်။

သူ့ရဲ့ ဘဝ အမောတွေ၊ မင်း . . . ဝင်ပ
သက်မှာစိုးလို့၊ စကားနဲ့ နှင်ထုတ်တာ ဖြစ်မယ်။

စကားနဲ့ နှင်တာဟာ၊ နှလုံးသားနဲ့ မပတ်
သက်လောက်ဘူး ထင်တယ်။ နှလုံးသားထဲက,ကို
မင်း အကျိုးကို၊ လိုလားလို့၊ နှင်တဲ့စကား ပြောလိုက်
တာ နေမှာပါ။

သူလည်း . . . တစ်ခုခုတော့၊ ခံစားနေရမှာပဲ
ဒါကို . . . စကားနားထောင်တယ်ဆိုပြီး၊ မင်း . . .
မသွားဘဲနေရင်၊ သူ့စကား၊ နားထောင်ရာတော့
ရောက်တာပေါ့။

စကား . . . နားထောင်ပြီး၊ နှလုံးသားကို





မျက်ကွယ်ပြုသလို၊ ဖြစ်နေတယ် . . . ထင်တယ်"

နေခြည်သော်က . . .

"အေးလေ။ နှင့်ကို၊ မလာနဲ့ ပြောတော့၊
ငိုတယ်ဆို"

ကျွန်တော် . . . ခေါင်းညိတ်သည်။

"အဲဒါကိုက၊ သံယောဇဉ် မကင်းတဲ့၊ နှလုံး
သားပေါ့ဟဲ့။ နှင့်ကို . . . ရဲနဲ့၊ သက်ဆိုင်ရာနဲ့၊ လာ
. . . တားတာမှ၊ မဟုတ်တာ"

ကြည်လင်က . . .

"မင်းရေးထားတဲ့၊ ကြွေမြယံ . . . ပန်းချီကား။
မကြွေမြယံကို မပြရသေးဘူး . . . မဟုတ်လား။
နောက်ပြီး၊ ယွန်းဘူးထဲက၊ လက်ပံပွင့်ခြောက်လေး
ကိုတောင်၊ မင်း . . . မပြရသေးဘူးလေ"

"မမဆီက၊ ခွင့်ပြုချက်တောင်းဖို့၊ ငါ . . . စဉ်းစားနေတုန်း။
ဟန့်အတား ခံရတာ" . . . ဟု၊ ကျွန်တော် ပြောပြသည်။

"ဘယ်လောက်တားတား။ ဘယ်လိုတား
တား၊ ရှေ့ဆက်ခွင့်မရအောင်၊ တားတယ်ပဲ . . .
ထား။



www.burmeseclassic.com

www.burmeseclassic.com



အတားအဆီးကို၊ မကျော်နိုင်ရင်တော
တားတဲ့ကြားထဲက၊ ကိုယ် . . . သိစေချင်တာ၊ ကိုယ်
. . . မြင်စေချင်တာတော့၊ ပြောပြရမှာပေါ့။

ရှေ့တိုးခွင့်လည်းမရ၊ ရင်ထဲက, ဆန္ဒ နှလုံ
သားကိုလည်း၊ လှစ်ပြခွင့်မရမှတော့၊ ဘဝဆိုတာ
ဘာအဓိပ္ပာယ် ရှိတော့မှာလဲ။

ပြောခွင့် မပေးတာတောင်၊ အသေခံပြီး ပြော
ခဲ့တဲ့၊ ရှေးက . . . အတွေးအခေါ်ပညာရှင်တွေ၊ သိ
ပညာရှင်တွေ၊ သင်္ချာပညာရှင်တွေ၊ လောက,မှာ
အများကြီး ရှိခဲ့တာပဲ။

မင်း . . . သိစေချင်တာ၊ သိအောင်ပြမှုဖို
မင်း . . . ၊ အသက်ကို၊ မရင်းရပါဘူးကွာ။ အလွန်
ဆုံး . . . , နှလုံးသားကိုပဲ၊ ရင်းရမှာပါ။

တစ်ခုခု ဆုံးရှုံးသွားရမယ် ဆိုရင်တောင်
ပြောချင်တာ . . . ပြောခွင့်ရလိုက်တာကိုက၊ လူ့ဘဝ
ရဲ့ . . . အနှစ်သာရပါ။

အဲဒီလိုမှ၊ မဟုတ်ရင်၊ လူ့ဘာသာစကားက
ဘယ်နေရာမှာ သွားသုံးရမှာလဲ။ ငါ့အထင်တော့





ရင်ထဲရှိတဲ့၊ ဆန္ဒကို၊ ပြောလို့မရနိုင်တာ၊ တိရစ္ဆာန်
တွေပဲ ရှိတယ်"

သူသူက . . .

"ကြည်လင်ရယ်။ နင့်အားပေးစကားက,
လည်း၊ စံပလ။ လူဖြစ်ရှုံးသွားလောက်တယ်"

"ဒါတော့၊ မတတ်နိုင်ဘူး။ လူဆိုတာ . . . ၊
ကိုယ် ပြောချင်တဲ့သူကို၊ ပြောပြ ရင်ဖွင့်ခွင့်တော့၊
ရယူသင့်တာပေါ့။

အဲဒါမှ မဟုတ်ရင်တော့၊ လုပ်စရာရှိတာ . . .
လုပ်၊ စားစရာရှိတာ စားပြီး၊ ခွေနေ . . . ဝပ်နေဖို့ပဲ
ရှိတော့တယ်"

"မင်း . . . ပြောတာ၊ မှန်ပါတယ် ကြည်လင်။
ငါ့ကိုက . . . ,မမနဲ့ ပတ်သက်ရင်၊ ခံစားမှုက, ပါး
လုပ်လွန်းနေတာပါ။ ငါ . . . ,သတ္တိမွေးပါ့မယ်"

"ကြွက်သားကြီး ညှစ်ပြီး၊ သတ္တိမွေးစရာ မလို
ပါဘူး"

"တွေ့တဲ့ ဆုံတဲ့အခါ၊ ရင်နှစ်ခြမ်း ဖျန်းဖျန်း
ကွဲအောင်၊ ခွဲပြရဲဖို့ပဲ၊ လိုတာပါ"



www.burmeseclassic.com

www.burmeseclassic.com



"နင် ... မနက်ပိုင်းတွေမှာ အိမ်မှာပဲ ရှိတယ်ပေါ့" ...

သုသု မေး၏။ "နင်တို့ လာလို့မရဘူးလေ။ အဲဒီအချိန်က ... အလုပ်ချိန်။ ငါ ... ဘောလုံးကွင်း မသွားရင်၊ ပန်းချီ... အချိန်" ... ဟု ကျွန်တော် ပြောသည်။

"မလာပါဘူး။ အိမ်မှာ ရှိမယ့်အချိန် သိ... လို့ မေးတာပါ"

နေခြည်သော်က ...

"အခုနေများ၊ ငါနဲ့ သုသုက၊ မကြွေမြယ်... သွားပြီး၊ ကျွန်မ,တို့က၊ စံဗလရဲ့ ရည်းစားတွေ... ...လို့ သွားပြောလိုက်ရင်၊ နင် ... ငါတို့ကို သ... ချင်နေမှာပဲနော်"

"သတ်ရုံတွင်၊ ဘယ်က,မလဲ။ ခေါင်းတွေ... ဖြတ်ပြီး၊ ခွေးကျွေးပစ်မယ်"

ရယ်မောကြလေသည်။ ကြည်လင်က ...

"ဇွေး မစားဘူးကွ"

မ်င်းစိုးခ,က ...

"ဘာဖြစ်လို့လဲ"

"ခွေးတွေက၊ ရွံတတ်တယ်"





ရယ်သံများ၊ စည်ညံသွားသည်။

ထုံးစံအတိုင်း၊ ကြည်လင် ... အထုအထောင်း ခံရပြန်၏။ ...ငယ်ချင်းများ၏ ရယ်သံ မောသံ ... လှောင်ပြောင် ကျီစယ်သံ ...တွေကြောင့်၊ ရင်,ဝေဒနာ မကင်းပျောက်သော်လည်း၊ သက်သောင့် ...က်သာ ရှိလေ၏။

သူတို့ ...၊ တမင်, ရွှင်စေ အေးစေအောင်၊ ဆောင်ကြဉ်း ...ကြမှန်း၊ ကျွန်တော် သိ၏။ ဤသည်ကို၊ ကျွန်တော် ကျေးဇူး ...င်ရသည်။ လွမ်းနင့်ခံစားပြရသည်ကိုပင်၊ အားနာလာရ၏။

❀ ❀ ❀



www.burmeseclassic.com

www.burmeseclassic.com

## (၁၇)

"ဒေါက် ဒေါက် ဒေါက်"

အိမ်၏ ကျွဲဖော်လောင်ဖက် ကောင်မ,လေး၏ တံခါးခေါက်သံတော့ မဟုတ်လောက်ပါ။ ဒီအချိန်နာရီမှာ၊ တော်တန်ရုံလူ၊ ကျွန်တော့် ပန်းချီဆွဲခန်း တံခါးကို၊ လာမခေါက်ရဲ။ ဖေဖေနှင့်မေမေသို့မဟုတ် အဘွား။ ဖစ်ယောက်ယောက်ဖြစ်ပေမည်။ အဘွားက,သည်။ ဒီအချိန် ဘုရားခန်းမှ မထွက်လောက်သေး။

တံခါးအဖွင့်တွင်၊ မေမေ့ကို တွေ့သည်။

"သား ... ညွှသည် ရောက်နေတယ်"

"မေ့။ ဘယ်ညွှသည်ဖြစ်ဖြစ်၊ ဒီအချိန် လာ



www.burmeseclassic.com

www.burmeseclassic.com



ရင်၊ စောင့်ခိုင်းနေကျလေ။ သား, အလုပ်ချိန်”

“သားအတွက်၊ အရေးကြီးတဲ့ ညွှေ်သည

ပါ . . . တဲ့။ သားရဲ့သူငယ်ချင်းတွေ ပြောတယ်”

“ဟင်။ သူတို့ပါ၊ ပါလာတာလား”

“ဟုတ်တယ် သား။ ဟို . . . ကြွေမြယ်ဆို

မိန်းကလေးလေ။ သူ . . . ပါလာတာ”

“ဩော်”

ခုန်ပေါက်မတတ်၊ ဝမ်းမြောက်သွားရသည်ကို၊ မေမေ . . .

သိမြင်ပေလိမ့်မည်။

ကျွန်တော် ဆင်းလာရာ၊ လှေကားအဆင်းဘက်ကို၊ မ

ကြွေမြယံ ကျောပေးလျက်၊ “ကြွေမြယ်” ပန်းချီကားကို၊ ရပ်ကြည့်

နေ၏။ သူငယ်ချင်း လေးယောက်စလုံးက,တော့၊ ကျွန်တော့်ကို စိုင်

ကြည့်နေကြသည်။

“မမ”





မမကြွေမြယံ လှည့်ကြည့်သည်။ ပြီးမှ . . . ကျွန်တော့်ရှေ့

ရှေ့တွင် ထိုင်သည်။

“မင်း . . . နေမကောင်းဘူးဆိုလို့ လာတာ”

မတိုင်ပင်ထားသော၊ အလိမ်အညာကိစ္စ။ ကျွန်တော် မလုံ

ယဲ ဖြစ်ရသည်။

“ဘယ်လိုဖြစ်တာလဲ၊ အပြင်တောင်၊ မထွက်

နိုင်ဘူး . . . ဆို၊ သူတို့, လာပြောကြတာ”

သူငယ်ချင်း အားလုံးကို၊ ကျွန်တော် ဝေ့ကြည့်မိသည်။

ားလုံးက, မျက်နှာသေ။

“အခု . . . သက်သာသွားပါပြီ . . . မမ”

“လွှတ်လွှတ်လပ်လပ် စကားပြောကြနော်။ ကြီးကြီး . . . အိမ်

လုပ်လေးတွေ၊ ရှိသေးလို့” . . . ဟု၊ မေမေ အနားမှ လာပြော

သည်။ အားလုံး . . . “ဟုတ်ကဲ့” ကြ၏။

မမကြွေမြယံက၊ မေမေ့ကို ပြုံးပြ၏။ မေမေ ပြန်ပြုံးသည်။

မ်နောက်သို့၊ မေမေ ဝင်သွားသည့်အခါ၊ မမက . . .

“ဒါ . . . မင်း, ဆွဲထားတာလား”

ပန်းချီကားကို၊ လက်ညှိုး ညွှန်ကာ၊ မေး၏။

“ဟုတ်ကဲ့”



www.burmeseclassic.com

www.burmeseclassic.com



"ဓာတ်ပုံကို ကြည့်ခဲ့တာလား"

ကျွန်တော်၊ ခေါင်းညိတ်သည်။

"ဓာတ်ပုံထဲမှာ၊ မင်းပါ, ပါတယ်လေ"

"ပန်းချီကားကို၊ ဖန်တီးတဲ့ … စိတ်က
… ပန်းချီကားထဲမှာ၊ ကျွန်တော့်ကို၊ လက်မခံဘူး

"နေကောင်းအောင် … နေပါ။ မမလည်း
… နေသိပ်မကောင်းဘူး"

"ဘာဖြစ်လို့လဲ … မမ"

"ဒီလိုပါပဲ …၊ အလုပ်ပင်ပန်းလို့"

"ကျွန်တော် … မမကို၊ တစ်ခုလောက်
တောင်းဆိုပါရစေ"

"ဘာများလဲ"

"ကျွန်တော့် အိပ်ခန်းထဲမှာ … ပန်းချီကား
တစ်ကား ရှိသေးတယ်။

အဲဒီ ပန်းချီကားကို၊ မမ အိမ်အတွက်၊ လ
ဆောင် ပေးချင်လို့။ ခွင့်ပြုပါ။ လက်ခံပါ။ မမ"

"တော်တော် ကြီးသလား။ ငါ မသယ်နိ
ဘူး"





"ဒီ … ကားနဲ့ ရွှယ်တူပဲ"

"ကျွန်တော်တို့ ကူသယ်ပေးမယ်" … ဟု၊ ကြည်လင်ဝင်ပြော၏။ သုသုက … "မမ ကားနဲ့ဆို၊ ဆံ့မှာပါ" … ဟု၊ ဝင်ပြောသည်။ မမ … မငြင်းဆန်။

"ပန်းချီကား ပို့ရင်း၊ ကျွန်တော်ပါ … အိမ်,
လိုက်ခဲ့ပါရစေ … မမ"

အိမ်၏ကူဖော်လောင်ဖက်၊ ကောင်မ,လေးက၊ ကော်ဖီခွက်များ လာချပေးသည်။

"မင်းမှ၊ နေမကောင်းဘဲ၊ အပြင်ထွက်လို့
ရပ့ါမလား"

"ကျွန်တော် … အပြင်မထွက်တာ၊ ကြာပြီ
… မမ"

"မင်း … ဘောလုံးကွင်း မသွားဘူးပေါ့"

"ဟုတ်ကဲ့"

"လေစိမ်း အတိုက်ခံနိုင်ရင်၊ လိုက်ခဲ့ပေါ့"

အခြား အစီပွာယ် သက်ရောက်စွာ ပြောသည် … ဟု၊ ကျွန်တော် သိသဖြင့် …,

"အပြင် လေစိမ်းလောက်တော့၊ အတိုက်ခံ



www.burmeseclassic.com

www.burmeseclassic.com



နိုင်ပါတယ် ... မမ''

''နေမကောင်းရင်၊ အဲယားကွန်းတော့၊ ဖိတ်ပေးထားရမှာပေါ့''

ကျွန်တော့်ကို၊ သေသေချာချာ ကြည့်ကာ၊ မမ ပြောသည်။

''ကျေးဇူး၊ အရမ်းတင်ပါတယ် ... မမ''

''ကြည်လင်နဲ့ မင်းစိုးခ,။ ပန်းချီကား သယ်ဖို့၊ အပေါ်လိုက်ခဲ့'' ... ဟု၊ ကျွန်တော် ခေါ်သည်။

✿

''မင်းတို့, ဘယ်လိုတွေ ... သွားပြောပြတာလဲ''

အိပ်ခန်းထဲရောက်မှ၊ ကျွန်တော် သိလိုသည်ကို၊ မေးရသည်။ မင်းစိုးခ,က ...'

''ငါတို့ ... မဟုတ်ဘူး။ ဟို ... နှစ်ကောင်ဦးဆောင်တာ။

ညီမလေးတို့က၊ စံပလရဲ့သူငယ်ချင်းတွေပါ။





မမ ... ဆူထားလို့ဆိုပြီး၊ သူ ... အပြင်မထွက်တော့တာ ကြာပြီ။

မစားမသောက် နေ့,နေတယ်။ နေလည်း၊ မကောင်းဘူး။

ညီမ,လေးတို့ကိုလည်း၊ စိတ်မဆိုးပါနဲ့၊ ဖြစ်နိုင်ရင်၊ မမ ... လိုက်ကြည့်ပေးပါ ... ဆိုပြီး၊ ခေါ်လာကြတာ။

ငါတို့ နှစ်ယောက်က၊ တစ်ခွန်းစ, နှစ်ခွန်းစပဲ ဝင်ပြောတာ''

''ငါ့ပုံက၊ နေမကောင်းတဲ့ပုံမှ၊ မပေါက်တာကွ''

ကြည်လင်က ...

''မကြွေမြယံလည်း၊ တမင်ခေါ်မှန်း၊ သိလောက်ပါတယ်ကွာ''

ရင်ထဲတွင်၊ ပျော်နေရ၏။

''မင်းတို့အားလုံးကို၊ ငါ ... ကျေးဇူးတင်ပါတယ်ကွာ။ ဟိုနှစ်ကောင်ကိုလည်း၊ တစ်သက်လုံး၊ ကျေးဇူးတင်ရတော့မယ်''



www.burmeseclassic.com

www.burmeseclassic.com



"တကယ်တင်ရမှာ။

တစ်သက်လုံး၊ မင်း . . . ပန်းချီကို၊ အ

ကြောင့် သင်ဖြစ်တယ်။ မင်း . . . ဘယ်လော

အေးတယ်။ ဘယ်လောက် ကြိုးစားတယ်၊ ဘယ်

. . . စိတ်ထားကောင်းတယ်ဆိုတာတွေ . . . ချက်

လက်နဲ့ကို၊ ပြောပြနေကြတာ"

"ဟုတ်လား"

"အေး"

အဖုံးဖွင့်ထားမိသော၊ ယွန်းဘူးလေးကို၊ ကျွန်တော် . . . အဖုံး ပိတ်လိုက်၏။

* * *



(၁၈)

"မင်း . . . မမ။ ဘောလုံးကွင်းနားကို လာတယ်ကွ။ လေး,ငါးရက်လောက်လာတယ်။ ကားပေါ်က,တော့၊ မဆင်းဘူး။

ကွင်းထဲကို၊ ရပ် . . . ကြည့်ပြီး၊ ပြန်သွားတာ။ မင်းကို၊ လာရှာတာ ဖြစ်မယ်"

သိန်းဇော်၏စကားကြောင့်၊ ကျွန်တော် အံ့ဩဖြစ်၏။

"အခု . . . ၊ အဲဒီကို၊ ဝင်ဦးမှာလား"

"အင်း"

"ငါ . . . မလိုက်တော့ဘူး"



www.burmeseclassic.com

www.burmeseclassic.com



"အေး ...။ ရပါတယ်။ ငါ ... အဲဒီ...ကြာမှာ"

"အဆင်ပြေနေပြီပေါ့"

"ခင်ခင်မင်မင်ပေါ့ကွာ။ ဒီလောက်ပါပဲ"

"ခင်မင်တယ် ... ဆိုတာ၊ သံယောဇဉ်ပဲကွ... သံယောဇဉ်ဆိုတာ၊ ဘယ်သူက၊ ဘယ်သူ့ကို ဖြ... ဖြတ်။ ဖြတ်ဖို့ ခက်တယ်"

"မင်းက ...၊ သံယောဇဉ် ဖြတ်ရခက်မှန်... ဘယ်လိုလုပ်သိလဲ"

"ဟ ...။ ဘောလုံးအသင်း တစ်သင်းမှာ... တောင်၊ အသင်းသားအချင်းချင်း၊ သံယောဇဉ် ဘယ်လောက်ကြီးကြလဲ။

တစ်ယောက်နဲ့တစ်ယောက်။ အထိအခိုက် ခံကြလို့လား။ တစ်ယောက်ထိရင်၊ ကျန်တဲ့သူ အပြစ် ပေးခံပြီးတော့ကို၊ တုံ့ပြန်တတ်ကြတာလေ"

"ဩော် ... အေး။ ဟုတ်တယ်"

"မင်းနဲ့၊ အဲဒီ့ အစ်မက၊ ဘောလုံးအသင်း သား အချင်းချင်းထက်တောင်၊ ပိုရင်းနှီးမှာပါ။





ပြီးတော့ ... ယောက်ျားနဲ့ မိန်းမ။ ယောက်ျား လေးအချင်းချင်း၊ မိန်းကလေးအချင်းချင်း၊ သူငယ် ချင်း အချင်းချင်း၊ ဖြစ်ကြတဲ့ သံယောဇဉ်က၊ ဖြောင့် တန်းတဲ့၊ သံယောဇဉ်။

သူငယ်ချင်းမဟုတ်တဲ့၊ မိန်းမနဲ့ ယောက်ျား၊ ဖြစ်ကြတဲ့၊ ခင်တွယ်ကြတဲ့ သံယောဇဉ်က၊ လိမ်ယှက် တဲ့ သံယောဇဉ်။

ဖြောင့်တန်းတဲ့ သံယောဇဉ်တောင်၊ တစ်ခါ တစ်ရံ ဖြတ်ရခက်တာ။ လိမ်ယှက်တဲ့ သံယောဇဉ်၊ ဖြတ်ဖို့, ပိုခက်တာပေါ့ကွ"

"မင်း ... သိလှချည်လား ... သိန်းဇော်"

"စံဗလ။ ဘောလုံးသမားတို့၊ စစ်သားတို့ ဆိုတာ။ ကန်ချက်တွေ ... ပစ်ချက်တွေသာ၊ ကြမ်း တာပါ။

နှလုံးသားက ... လူ့နှလုံးသားပါကွ။ နုနု လေးပါ။ လူလိုတော့ ခံစားတတ်ပါတယ် ... မင်း ကလည်း"

သိန်းဇော်၏စကားကို၊ နှစ်ခြိုက်လွန်းသဖြင့်၊ ကျွန်တော်



www.burmeseclassic.com

www.burmeseclassic.com



ရယ်မောမိသည်။ ဤကဲ့သို့ မရယ်မောဖြစ်သည်မှာ အတော်ကြာ
ပြီ။

❋

"မင်း သူငယ်ချင်းတွေကို မင်း ... မုန့်ဝယ်ကျွေးပြီးပြီ
လား" ... ဟု၊ မမ ကြွေမြယံ မေး၏။ ကျွန်တော် စကားအဓိပ္ပာယ်
ကို၊ နားမလည်ဟန်ပြုကာ၊ မမကို၊ ပြန်ကြည့်လိုက်သည်။

"မင်း အိမ်ကို၊ ငါ ... လာဖို့ ဝိုင်းဝန်းကူညီ
ကြတဲ့အတွက်လေ"

"ဩော် ...။ အဲဒါ ... ကျွန်တော် မသိဘူး
မမ။ သူတို့ဘာသာ"

ပြုံးချင်ပါလျက်၊ မပြုံးလေသဖြင့်၊ မမြင်ရသည်မှာ ကြာပြီ
ဖြစ်သော၊ မမ၏ ပါးချိုင့်လေးမှာ၊ ပေါ်လွင်ထင်ရှား မလာသေး။

"ငါလည်း ...၊ ဘောလုံးကွင်းကို၊ လာသေး
တယ်"

ပြောပြလိမ့်မည် ... ဟု၊ ကျွန်တော် မထင်။





"ငါ ...,မင်းကို၊ နှင်ထုတ်လိုက်သလို ဖြစ်
သွားတာ။ စိတ်မကောင်းလို့"

"နှင်မထုတ်ပါနဲ့၊ မမရယ် ...။ ဟိုး ...
ငယ်ငယ်ကတည်းက၊ မမနဲ့ တွေ့ချင်နေတာလေ။

တစ်ခုတော့ ရှိတယ်။ မမရဲ့ ဣန္ဒြေသိက္ခာ။
ထိခိုက်နေမယ်ဆိုရင်တော့၊ ကျွန်တော် ... အလာ,
အသွား။ ဆင်ခြင်ပါ့မယ်"

မမ ခေါင်းခါ၏။

"ငါ့ စိတ်ညစ်စရာတွေ ...၊ မင်းကို၊ ကူးမှာ
စိုးလို့ကွ။

မိဘ,ကို သတိရတယ်။ ဒုက္ခရောက်မှ၊ လာ
ကပ်တယ် ... မထင်စေချင်လို့၊ သွားချင်တဲ့ ဆန္ဒကို
ထိန်းထားရတာ၊ ကြာလှပြီ။

အဲဒါ ... ငါ့ရဲ့ အဓိက၊ စိတ်ညစ်စရာပဲ။

တစ်ယောက်တည်း စီးပွားရှာနေရလို့၊ မပြေ
လည်တာ၊ ဘာမှ မရှိဘူး။

မိဘ ... အစွန့်အပယ်ခံ၊ သမီးတစ်ယောက်
အဖြစ်၊ နေနေရတာ။ မီးလောင်တိုက်ထဲ၊ နေနေရ



www.burmeseclassic.com

www.burmeseclassic.com



သလိုပဲ။

ကိုယ်တိုင်က၊ စိတ်ညစ်နေတာ ဆို...
မင်းက ... ငယ်ငယ်ရွယ်ရွယ်။ စိတ်ညစ်တာ...
မကူးစေချင်ဘူး။ အဲဒါကြောင့်, မလာစေချင်...

"မန်ကျည်းသီး ... အတူတူကောက်၊ လ...
ပံ့ပွင့် အတူတူကောက်တယ် ... လို့ပဲ သဘော...
ပေးပါလား ... မမရယ်"

"ဘာကို"

"ဪ ...။ ကျွန်တော် ငယ်ငယ်က၊ ...
နဲ့ ရွာမှာ ... မန်ကျည်းသီး၊ အတူတူကောက်တ...
လေ။ လက်ပံပွင့် အတူတူ ကောက်တယ်...
ရေစည်တိုက်, လိုက်တယ်လေ။

မမနဲ့ ... စိတ်ညစ်စရာတွေ ...၊ အတူ...
လိုက်ခံစားတယ် ... လို့ ကျွန်တော် ... မတွေး...
မခံယူဘူးလေ။ မန်ကျည်းသီးလေးတွေ, လက်ပံ...
လေးတွေ အတူတူကောက်တယ် ... လို့ပဲ၊ ...
ပါ့မယ်။ အဲဒီလိုပဲ ... ခံယူပါတယ်။ နော် ... မ...

"မင်းက ... စိတ်ချမ်းသာအောင်၊ ပြောတ...





သွားပဲ"

"တစ်ယောက် စိတ်ဆင်းရဲနေရင်၊ တစ်ယောက်က,လည်း၊ အတူတူလိုက်ပြီး၊ စိတ်ဆင်းရဲနေတာမျိုးထက်။

စိတ်ဆင်းရဲသူကို၊ စိတ်ချမ်းသာအောင်သာ၊ ကျွန်တော် ဆောင်ရွက်နိုင်ချင်တာပါ မမ"

"ဪ ...။ အင်း ...။ ဟုတ်သားပဲ။ မင်း ...။ တကယ့် လူကြီးဖြစ်နေပြီပဲ။ တော်တယ် ... လို့တောင်၊ ပြောချင်တာပါ စံပလရယ်"

"ကျွန်တော် ... တကယ်တော်နေတယ် ဆိုရင်တောင်။ အခြေခံသဘောတရားတွေကို၊ သင်ပေးခဲ့တာ ... မမပါ။ အဲဒါကို ... မမ ... သေသေချာချာ၊ သိထားပေးပါ"

"ငါ ... မင်းကို ဘာမှ ... ဒီလောက် မသင်ခဲ့ပါဘူး"

"ပညာပါရဂူကြီးတစ်ယောက်ရဲ့၊ သရဖူကြီးရဲ့ ...။ ဟိုး ... အောက်ဆုံးမှာ ... ဝ,လုံးလေး၊ ဝိုင်းဝိုင်းရေးတတ်ဖို့၊ သင်ပေးခဲ့တဲ့၊ ဆရာတစ်ယောက်



www.burmeseclassic.com

www.burmeseclassic.com



ရှိခဲ့ဖူးပါတယ် . . . မမ''

''ငါက . . . မင်းကို၊ တစ်ခါတစ်ရံပဲ၊ သတိ
ခဲ့တာ . . . စံဗလရဲ့။ ဘယ်အရွယ် ရောက်နေပြီလဲ
ဘယ်နှတန်းရောက်သွားပြီလဲ။ ဘာတွေလုပ်နေသ
ရှလဲပေါ့။

ဘယ်စကားကို၊ ဘယ်လိုပြောခဲ့လို့ ဘယ်
လိုက်နာပါ့မလား . . . ဆိုတာမျိုး၊ မတွေးဖြစ်ခဲ့ဘူး

မင်းက . . . ငယ်ငယ်ရွယ်ရွယ်မို့ ငါ . . .
သေသေချာချာ မှာခဲ့တဲ့ . . . တစ်ခွန်းတစ်ပါဒ စကား
ကို၊ မင်း . . . တိတိကျကျ၊ လိုက်နာနေလိမ့်မယ်
. . . လို့၊ မထင်ထားဘူး။

နောက်ဆုံး . . . ၊ ဒီ . . .''

နံရံမှ၊ လက်ပန်ပင်ကြီးပုံ၊ ဆွဲထားသည့်၊ ''အလွမ်း . . . နွေ'' အမည်ရှိ၊ ပန်းချီကားကို၊ အကြည့်ဖြင့် ညွှန်ပြီး . . .

''အဲဒီ . . . ပန်းချီကား။ ပြီးတော့ . . . မင်းအိမ်
ဧည့်ခန်းမှာ ချိတ်ထားတဲ့၊ ပန်းချီကား။ မင်း . . .
တကယ်ဆွဲဖြစ်လိမ့်မယ် . . . လို့၊ မထင်ခဲ့ဘူး။

မင်းရဲ့အစွမ်းအစကို၊ မမ . . . သိပါတယ်





ငယ်ငယ်က,လို၊ ပျော်ပျော်ရွှင်ရွှင်၊ မဆက်ဆံနိုင်တာ
ကိုပဲ၊ မမ အားနာနေတယ်''

''ကျွန်တော်က, ကျွန်တော့်ကြောင့်၊ မမ . . .
အနှောင့်အယှက်ဖြစ်မှာပဲ၊ စိုးရိမ်တာပါ။

''အပူ မကင်းတဲ့သူကို၊ မပတ်သက်စေချင်
တာပါကွာ။ အပူဆိုတာ၊ ကူးတတ်တယ်''

''မူလ,အပူကို၊ အေးအောင် ငြိမ်းဖေးနိုင်ရင်၊
ဒီအပူ . . . ကူးစရာ၊ ဘယ်လိုပါ့မလဲ . . . မမရဲ့''

''စံဗလ''

''ဗျာ . . . မမ''

''ဧည့်ခန်းနံရံက၊ ပန်းချီကားကို၊ မပေးဘဲ။
ဘာဖြစ်လို့၊ ဒီ . . . ပန်းချီကားကို ပေးရတာလဲ''

''မမပုံပါတဲ့၊ ပန်းချီကားကို၊ ကျွန်တော် . . .
သိမ်းထားချင်လို့ပါ။

ကျွန်တော်က၊ အဲဒီ ပန်းချီကား ဆွဲချင်စိတ်နဲ့
ဘဝကို . . . အားမွေးခဲ့ရတာ။

မမ . . . , ဒီကားကို၊ မလိုချင်ရင်တော့၊ ကျွန်
တော် . . . , အဲဒီကားနဲ့၊ လဲပေးပါမယ်''



www.burmeseclassic.com

www.burmeseclassic.com



"မလဲပါနဲ့။ ရပါတယ်။ သိချင်လို့ မေးကြည့်တာပါ။ ဒါနဲ့ ..., မင်းမိဘတွေက၊ ဘာမှ မပြောဘူးလား။ အဲဒီလို ... ချိတ်ထားတာကို"

"ဟင့်အင်း။ မပြောဘူး မမ။ ဓာတ်ပုံကိုကြည့်ကြည့်ပြီး၊ ဗလာစာရွက်လိုဟာမျိုးမှာပါ၊ အကြိမ်ကြိမ် ပန်းချီဆွဲနေတာ၊ တစ်အိမ်လုံး သိတယ်။

အဲ့ဒီ ပုံကို၊ ဆွဲတတ်ချင်လို့၊ ပန်းချီ သင်ခဲ့တာလည်း၊ သိကြပါတယ်"

"ငါ့ဘဝကိုရော၊ သိကြလား"

"ဟုတ်ကဲ့။ သိပါတယ် ... မမ"

"မင်း ... အိမ်ထောင် မပြုသေးဘူးလား"

"ဗျာ"

"အိမ်ထောင်ပြုရင်၊ မိဘ,သဘောတူတဲ့သူနဲ့ပဲ ... ပြု။ မိဘ, မငြိုငြင်စေနဲ့။ မိဘ, ငြိုငြင်ရင်၊ စီးပွား ဘယ်လောက်တက်တက်၊ စိတ် ... မငြိမ်းချမ်းဘူး။

မမလို ... မဖြစ်စေနဲ့ ... လို့၊ ပြောချင်တာပါ"





ကျွန်တော် ... ခေါင်းညိတ်ရုံသာ ညိတ်နိုင်၏။ ကျွန်တော်, ပြောလိုသည့် ချစ်စကား၊ ဟန့်တားနေဟန် တူသည်။

"မမ မိဘ,ဆီကို၊ မမ ... အခု, သွားလို့ ရနိုင်သားပဲ"

"အားနာနေတာ။ ပြီးတော့ ..., ကြောက်နေတာ။ မမကို ... မြင်လိုက်တော့မှ၊ မိဘ, စိတ်မချမ်းမသာဖြစ်မှာ စိုးရိမ်နေတာ။

အခုအချိန် သွားရင်တော့၊ ဒုက္ခဖြစ်မှ လာကပ်တယ် ... လို့၊ မထင်လောက်ပါဘူး။

ဒါပေမဲ့ ...,

အပြစ်လုပ်ထားမိတဲ့သူက၊ ကိုယ့်အပြစ်နဲ့ကိုယ်၊ အပြစ်ဒဏ်ထဲမှာပဲ၊ နေတာ ကောင်းပါတယ်"

"အပြစ်ဒဏ်ဆိုတာ။ ကာလ, အတိုင်းအတာ၊ ရှိတယ်လေ ... မမ။

အပြစ်သားတိုင်း၊ အပြစ်ဒဏ်ခံပြီးရင်၊ အပြစ်ဒဏ်ကာလ,က၊ လွတ်မြောက်ကြတာပဲ"

မမက ...

"တချို့အပြစ်ဒဏ်က၊ တစ်သက်တစ်ကျွန်း



www.burmeseclassic.com

www.burmeseclassic.com



လေ . . . မောင်လေးရဲ့။

မိဘကို ဆန့်ကျင်တဲ့ သားသမီးရဲ့ အပြ
ဒုက္ခကာလ,က၊ ပဋ္ဌပ္ပန်မှာ . . . တစ်သက်တစ်ကျွ
ပဲ။

ကံဆိုးရင်၊ နောင် သံသရာဟာ၊ အပါ
တောင် ဖြစ်သွားနိုင်တယ်''

''ကျူးလွန်မိတဲ့ အပြစ်ကို၊ အချိန်မီ ဝန်ခ
တောင်းပန်ရင်၊ အ,ကုသိုလ် ရှိနေတဲ့ ပဋ္ဌပ္ပန်
လည်း . . . ကုန်၊ နောင် . . . သံသရာကံလည်း လွ
မှာပါ။

မမ အကြံပေးလို့တောင်၊ ကျွန်တော် . .
အိမ်မှာ ဝန်ချ၊ ကန်တော့ပြီး . . . တောင်းပန်ပြီး
မမ တောင်းပန်ဖို့ပဲ လိုတော့တာ''

''မမက''

''မှတ်တယ်လေ။ မိဘကို သားသမီး
တောင်းပန် . . . လို့ မိဘက . . . ခွင့်မလွှတ်ပါ
ဆိုတာတောင်၊ ကံကြွေးတော့၊ ကျေလောက်
တယ်။





မိဘဆိုတာ၊ ပါးစပ်က, ခွင့်မလွှတ်ဘူး . . .
လို့ ပြောထွက်ရင်တောင်၊ ရင်ထဲက . . . ခွင့်လွှတ်
နေကြစမြဲပါ''

''အမလေး . . .၊ တရားဟောဆရာလေး
ပါလား။ ရင်ထဲမှာတောင် . . . နည်းနည်းအေးသွား
သလိုပဲ''

ပါးချိုင့်ရှာ, ပါးပါးလေးကို၊ ကျွန်တော် စ,တင် မြင်ရသည်။
. . . ပြုံးဖြစ်တော့မည် . . . ဟု၊ မျှော်လင့်ချင်လေ၏။

❦ ❦ ❦



www.burmeseclassic.com

www.burmeseclassic.com

## (၁၉)

"မကြွေမြယံအိမ်မှာ၊ အစည်းအဝေး သွား သွားတိုင်းဖို့ ငါတို့က, မင်းကို . . . ခေါင်ရွက်ပေးခဲ့ ကြတာ မဟုတ်ဘူး။

အသက်အရွယ် ကွာဟ,ချက်အရ ချစ်စကား ကြိုက်စကား၊ 'မပြောရဲရင်တောင်၊ ယောက်ျားပီပီ၊ လက်ထပ်ခွင့်တောင်းတဲ့စကား . . . , ရိပ်ဖမ်းသံဖမ်း လောက်တော့ ပြောစေချင်တာ။ ပြောဖြစ်စေချင်တာ" ကြည်လင်၏ အားမလို အားမရ ဝေဖန် စကား။ ကျွန်တော့် ၏ စကားမတုံ့ပြန်သာ။ မင်းစိုးခ,ကလည်း . . .



www.burmeseclassic.com

www.burmeseclassic.com



"ငှက်ပျောပင်က၊ ငှက်ပျောခိုင်ကို ခု

အသီး တစ်လုံးချင်း ခွေ။ ရှေ့တည့်တည့်မှာ၊ အ

လိုက်။

အခွံခွာရုံ ... ပါးစပ်ဟ,ရုံ။ မင်း ...

... ခက်ခဲနေတာလဲ"

ကျွန်တော်က ...

"မမက ... တကယ်စိတ်ညစ်နေတာ။

ပူရာ ကင်းမှောင့်၊ မဖြစ်စေချင်ဘူး။

ချစ်လို့ချစ်တယ် ပြောလိုက်တာ။ စိတ်ညစ်

တဲ့သူကို၊ စိတ်ရှုပ်လုပ်သလို၊ ဖြစ်မှာ စိုးတယ်"

ကြည်လင်က ...

"နေခြည်သော်နဲ့ သုသုတို့က၊ အောင်သွ

စကားအထိတော့ ပြောပေးတတ်ကြမှာ မဟုတ်

နော်။

ပြောပေးချင်ကြရင်တောင်၊ အသက်အရွ

အရ၊ မလေးခန့်ရာရောက်မှာ"

"ငါ ... ပြောဖို့၊ စကားပြင်တာ၊ ခဏခ

ပါ။ မမလည်း ... သိနိုင်ကောင်းပါတယ်။





ငါ ... စကားပြင်လိုက်တိုင်း၊ ထမင်းရည်ပူ

လာ၊ လျှာလွှဲသလို၊ စကားမျိုးနဲ့၊ မမ ... စကား

လမ်း၊ လွှဲ လွှဲပစ်တယ်ကွ။

ဒါကို သိလျက်နဲ့၊ ငါ ... မရမက, မပြောမိ

ချင်ဘူး။ မမ ... စိတ်လက်ကြည်သာတဲ့အခါလောက်

ကို၊ ငါ ... စောင့်ချင်တယ်။

နှုတ်တွန့်တာ မဟုတ်ပါဘူး။ အလိုက်သိချင်

တာပါ"

မင်းစိုး,ခ,က ...

"မင်းက ... မကြွေမြယံအပေါ် ပြောဆို၊

ဆက်ဆံတာ၊ အရှိအသေပေးနေသလိုပဲ နော်"

ပြုံးရယ်ကာ၊ ကျီစယ်မေး မေး၏။ ကျွန်တော်က, စဉ်းငယ်

ပြုံးလျက် ...,

"ကျေးဇူး ရှိဖူးသူကို၊ ရိုရိုသေသေ ချစ်တဲ့

သဘောပါ"

ကြည်လင်က ...

"ဒါဆို ...၊ ငါ, မြင်ယောင်တယ် ...

ဇလ"



www.burmeseclassic.com

www.burmeseclassic.com



"ဘာ မြင်ယောင်တာလဲ"

"မင်း ... မကြွေမြယံကို၊ ချစ်ခွင့်ပန်...

လက်အုပ်လေး ချီ၊ သီလ,လေး ယူပြီးမှ ချစ်ပါ... ပြီး ...

... ပြောမလား မသိဘူးနော်"

"အာ ...၊ မင်းက,လည်း"

သူတို့နှစ်ဦး ရယ်ကြ၏။ ကျွန်တော့်မှာ ... သူတို့ရယ်...

ဆုံးမှ၊ တွေးရင်း ... ပြုံးမိသည်။

※

"ဟုတ်ကဲ့။ ကျွန်တော် လာပြီ။ ဟုတ်...

အိမ်ဝင်းတံခါးလေးတော့၊ အဆင်သင့် ဖွင့်ထား...

ပါ။ [illegible] ... ရောက်ပါတော့မယ်"

ကားကို ညင်သာစွာ မောင်းလျက်၊ တစ်နေရာသို့ ကျွန်...

ဖုန်းဆက်သည်။ အနီးတွင် ထိုင်နေသူ မမကြွေမြယံ၏ မျက်လုံး...

ဝိုင်းနေ၏။

"မင်း ...၊ ဒါ ...၊ ဘယ်ကို မောင်း...





တာလဲ"

ကျွန်တော် ... ဖုန်းပိတ်လျက်၊ တစ်ချက်မျှသာ ငဲ့ကြည့်

"ကျွန်တော် ပြောပြီးလေ။ ကျွန်တော် နိုင်ငံ

ခြား သွားစရာရှိတယ်၊ မသွားခင်၊ မမကို၊ လက်

ဆောင်တစ်ခု ပေးချင်ပါတယ် ... လို့ ပြောတယ်

လေ"

"အင်းလေ။ အဲဒါ ... ငါ,သိတယ်လေ။

ဒါပေမဲ့ ..., အခု၊ ဘယ်ကို ဝင်မှာမို့လဲ"

မမကြွေမြယံ မျက်လုံးလေး အဝိုင်းသားဖြင့်၊ မေးနေ၏။

"လက်ဆောင် ပေးမလို့ပါ"

ပြောရင်း ...၊ အိမ်ဝင်းတစ်ခုအတွင်းသို့၊ ကားကို ...

ခွတ်တရက် ချိုးကွေ့ဝင်ရောက်လိုက်၏။ အရှိန်ပြင်းစွာ။

"ဟဲ့ ဟဲ့။ ဒါ ... ဘယ်လဲ။ ဒါ ... ဘယ်လဲ။

အဲဒါ ... ဘာလုပ်တာလဲ"

ကားမှန်၏ တံခါးချက်များကို၊ အလိုအလျောက် ခလုတ်

များဖြင့်၊ ကျွန်တော် ချထားခဲ့သည်။

မမကြွေမြယံ၏ မျက်နှာလေးမှာ၊ တအံ့တဩ။ ထိတ်



www.burmeseclassic.com

www.burmeseclassic.com



တလန့်။

"မင်းကွာ"

"မစိုးရိမ်ပါနဲ့ မမရယ်။

ကျွန်တော် အားလုံး စီစဉ်ပြီးပါပြီ"

"မင်း . . . ဒီလောက်အထိ မလုပ်သင့်ဘူး

ကားကွေ့ ဝင်ခဲ့သည့် ခြံဝင်း တံခါး ပြန်ပိတ်သွားသံကြာ

၏။ မမကြွေမြယံ အသံကြားရာဆီသို့ လှည့်ကြည့်သည်။ ပြီးနော

. . . ကျွန်တော့်ဘက်သို့ ပြန်လှည့်ကြည့်၏။

စိုးရိမ်တကြီး မျက်နှာတွင် တင်းမာမှု မတွေ့ရသော်လည်း

မျက်ဝန်းတွင် မျက်ရည်တွေ ဝေ့နေ၏။

စိတ်ဆိုးမည်ဆိုလျှင်လည်း ကျွန်တော့်မှာ . . . တောင်း

ရုံသာ ရှိတော့မည်။ စေတနာ မေတ္တာ၏ အရှိန်အဟုန်ကို မြင်သ

နိုင်ပါက၊ ကျွန်တော့် အပြုအမူအပေါ်၊ ခွင့်လွှတ်ပေမည် . . .

မျှော်လင့်ယုံကြည်ထားချင်၏။

❦ ❦ ❦



ချစ်ခြင်း မေတ္တာဆိုတာ . . .

စာနာခံစားတတ်သူချင်းအတွက်,

အသံမဲ့ ဘာသာစကားပါပဲ



www.burmeseclassic.com

www.burmeseclassic.com

## (၂၀)

ကျွန်တော့် မိဘထက် အသက်အရွယ် ကြီးကြပေမည်။ ကျွန်တော့် အမည်ကို၊ ကျွန်တော် ပြောသည်။ ပြီးနောက် . . . အဘွား၏အမည်၊ အဘိုး၏အမည်ကို ပြောသည်။ အဘိုးအဘွား၊ အဖေအမေ၏အမည်နာမကို ပြောပြီး၊ အဘိုး ဆုံးပါးသွားပြီဖြစ်ကြောင်း၊ ပြောပြသေးသည်။

မိဘ ဘိုးဘွားတို့၏ ဇာတိရွာအမည်ကို ပြောမှ၊ တရင်းတနှီးရှိလာကြ၏။ ဝမ်းပန်းတသာ စကားဆိုကြသည်။ ကျွန်တော့် အတန်းပညာအခြေအနေနှင့် အလုပ်အကိုင်ကို၊ ကျွန်တော် ပြောပြပြီး၊ မိတ်ဆက်ခဲ့ရသည်။



www.burmeseclassic.com

www.burmeseclassic.com



"အကြီး ဒေါ်အေးရီကို၊ ဒွေးလေး သိ... ရန်ကုန် ဘယ်နေရာ နေမှန်းသာ မသိတာ။ အ... ဘယ်လောက်တောင် ရှိသွားပြီတုံး၊ အကြီး ဒေါ်... ရီက ..."

"ရှစ်ဆယ့်သုံး ကျော်ပြီ" ... ဟု၊ ကျွန်တော် ပြော... ရွာသို့ မရောက်သည်မှာလည်း၊ ကြာပြီ ဖြစ်ကြောင်း၊ ပြောရင်း... ရွာသို့ ကျွန်တော် ငယ်စဉ်က,သာ၊ ရောက်ဖူးကြောင်းပါ၊ ထည့်... သည်။ ပြောရင်းမှ၊ မမ ကြွေမြယ်နှင့်ပါ၊ ရွာတွင် ဆုံတွေ့ဖူးကြေ... ထိုအချိန် ထိုအခါမှ စ,ပြီး၊ မဆုံမတွေ့ရသည်မှာ၊ ကြာမြင့်ခဲ့ကြေ... ကျွန်တော် ... မျက်နှာ အရိပ်အကဲကြည့်ရင်း၊ ကျွန်တော် ပြေ... သည်။

ယခုမူ၊ မမကြွေမြယ်နှင့် ပြန်တွေ့ကြရကြောင်း၊ ကျွန်... လွန်စွာဝမ်းသာကြောင်း၊ မြင်သာထင်ရှားအောင် ပြော၏။

ပြီးနောက် မမကြွေမြယ်၏ အဆိုအဆုံးမ စကားတွေ... လိုက်နာကြိုးစားခဲ့သူဖြစ်ကြောင်း၊ ကိုယ့်ကိုယ်ကိုယ် ဂုဏ်ယူစ... ပြောသည်။

မမကြွေမြယ်၏ ဖခင်နှင့် မိခင်တို့၏ အမည်မှာ ... ဦး... နှင့် ဒေါ်မြရင်မှုန်တို့ ဖြစ်ကြ၏။ မမကြွေမြယ်မှာ၊ မိဘ,ကို ဦးထိပ်...





...ကြောင်း၊ ကျွန်တော့်ကိုလည်း၊ မိဘကို မပြစ်မှားရန်၊ မဆန့်ကျင် ...ဆုံးမ,လေ့ရှိကြောင်း။ ယခုမူ တစ်ယောက်တည်း ဖြစ်နေတာ၊ ...ပြီ ဖြစ်သည့်အပြင်၊ မိဘ,ကို တွေ့မြင်ချင်ပါလျက်၊ အပြစ်သင့် ...အဖြစ်၊ ကိုယ့်ကိုယ်ကိုယ် နှလုံးသွင်း၊ ဒဏ်ခတ်နေပါကြောင်း၊ ...စိတ်,အနှောင့်အယှက် မဖြစ်စေလိုသဖြင့်၊ ကြိတ်မှိတ်ပူဆွေးနေ ...ည်ကို၊ ကျွန်တော် သိမြင်ပါကြောင်း၊ ပြောပြ၏။

"ဦးကြီးတို့က၊ သမီး နိုင်ငံခြားမှာ ... လို့ ထင်တာ"

"ဘာ သတင်းမှ မကြားဘူး။ သူ့အိုး သူ့အိမ် နဲ့၊ မကြောင့်မကြ နေနေတယ်ပဲ ... ဒွေးလေး ထင်တာ"

"ကျွန်တော်က, ရပ်ဆွေရပ်မျိုး တစ်ယောက် အနေနဲ့၊ ဦးကြီးနဲ့ဒွေးလေးတို့ကို၊ သတင်းလာပေး မိတာပါ။

မိသားစုထဲ၊ ဝင်စွက်တယ် မြင်ရင်လည်း၊ ခွင့်လွှတ်ပါ ခင်ဗျာ။

မိဘ,ကို တွေ့ချင် မြင်ချင် ဝန်ချချင်ပါလျက်၊ အဲဒီ အခွင့်မရတဲ့ သားသမီးမျိုး မဖြစ်ရအောင်၊ ဆုံးမ,



www.burmeseclassic.com

www.burmeseclassic.com



ကြေးမြွယ်ကို၊ ကူညီချင်တာလည်း ပါပါတယ်"

"ကြာပြီပဲကွယ်။ ဘယ်မိဘက, အဲဒီလော
ငြိုးမှာတုံး"

"ဒွေးလေးနဲ့ ဦးကြီး ခွင့်ပြုရင်၊ ကျွန်တေ
. . . အစ်မ,ကို၊ ဒီ . . . ခေါ်လာပါရစေ"

"တွေ့ချင်တာပ, ကွယ်"

❀

မမကြေးမြွယ်သည်၊ မိဘ,နှစ်ပါး၏ရှေ့မှောက်သို့ ရော
သော်၊ ဝမ်းနည်းခြင်းကြီးစွာ၊ ငို၏။ ဖခင် မျက်ရည်ဝေ့သည်။ မိခ
မျက်ရည်ကျသည်။

သမီးတစ်ယောက်က၊ မိဘနှစ်ပါးကို၊ ဝန်ချ တောင်းပန်
သည့် မြင်ကွင်းကို၊ ကြည့်လျက်၊ ကျွန်တော် ပီတိဖြစ်ရသည်။ သ
ယောချ် တာဝန်ကို၊ ကျေပွန်စွာ ထမ်းဆောင်နိုင်လေသူကဲ့သို့၊ ကျွ
တော် စိတ်ပေါ့ပါးရသည်။ ရင်,ချမ်းမြေ့ရသည်။

"မင်းကွာ။ မမကို . . .၊ ကိုယ့်ပြောပြထားရင်





ပြီးရော"

ပြုံးလျက် ပြော၏။ ကျွန်တော် မြင်ချင်တမ်းတ,ခဲ့သော၊
အပြုံးချိုင့်လေးကို၊ ထင်းပ,စွာ၊ တွေ့မြင်ရပေပြီ။

"မမ ကြောက်နေမှာစိုးလို့ လိမ်ခေါ်ခဲ့ရတာ
ပါ"

"အင်း။ အိမ်ဝင်းထဲ မင်း . . . ,ကားကွေ့ဝင်
ဝင်ချင်း။ ကြောက်သွားတာတော့၊ အမှန်ပဲ။ ဒါပေမဲ့,
စံဗလ . . . ဆိုတဲ့ ကောင်လေး။ အကြောင်းမဲ့တော့၊
ဘာမှ၊ မလုပ်လောက်ပါဘူး . . . လို့၊ တွေးပြီး။ စိတ်
ကို ဖြေလိုက်ရတာ"

ကျွန်တော် . . . ကားမောင်းရင်း၊ ရယ်နေဖြစ်၏။

"ကျေးဇူးတင်စရာတွေ များသွားပြီ စံဗလ
ရယ်"

"ကျွန်တော် . . .၊ သေသေချာချာ တွေး
တောပြီး၊ ပြောပြချင်တယ်"

"ပြော . . .။ မမ . . . သေသေချာချာ နား
ထောင်မယ်"

ကားကို၊ အရှိန်လျှော့ရင်း . . .



www.burmeseclassic.com

www.burmeseclassic.com



"လောက,မှာ . . . ၊

ဖြစ်ချင်တာ မဖြစ်တာကိုက၊ လောက,ရဲ့

သဘာဝ။ လိုချင်တာ၊ မရတတ်တာကိုက၊ ဘဝ,ရဲ့

စိန်ခေါ်မှု။

အဲဒီ့ နှစ်ခုကို၊ မရ,ရအောင်၊ ကြိုးစားတာ

ကြိုးပမ်းတာက၊ လူသားရဲ့ . . . အားမာန်။ ရယ်စရာ

ပြောရရင်၊ လောကစံက . . . ရှစ်ပါး။ လူသားက

တစ်ယောက်တည်း။ သနားစရာ။

အဲဒီ့ လောကစံကို၊ ရင်ဆိုင်နေတဲ့၊ လူသား

တစ်ယောက်တည်းရဲ့၊ နံဘေးကို၊ ကောင်းကျိုး လို

လားတဲ့၊ နောက်ထပ် လူသားတစ်ဦး၊ ဝင်ရောက်လာ

တာဟာ။ ချစ်ခြင်း မေတ္တာပါ . . . မမ။

အဲဒီ့ ချစ်ခြင်း မေတ္တာဟာ၊ အရာရာကို၊ ဖြေ

ရှင်းနိုင်ပါတယ်။ ကျေးဇူးတင်စရာတောင် မလိုပါဘူး"

"အမယ်လေး။ ပန်းချီဆရာလေးရယ်၊ အရုပ်

ပန်းချီတွင် မက၊ စာပန်းချီပါ သီတော့မလို့လား။

တော်တော့်ကို၊ ပြောတတ် ဆိုတတ်နေလိုက်တာ"

...ည်သည်။ ပါးချိုင့်လေး တစ်ခြမ်းက၊ မဓိမကာမ်း . . . အောင်သွယ်

...သော်။

"မင်းက . . . ကြာမှာလား။ ဂျပန်မှာ"

စကားလမ်း လွှဲလေသလား . . . တွေးမိသည်။ သို့သော်

...း လွှဲသောလမ်းသို့သာ၊ ဦးတည်၍ လှမ်းလိုက်သည်ကိုက၊ ချစ်ခြင်း

...ချာ။

"သုံးပတ်လောက်ပဲ ကြာမှာပါ . . . မမ"

"ပန်းချီကားတွေ . . . သွားရောင်းစားတော့

မယ်ပေါ့"

ရယ်နာစရာ ပြောဏ်။

"စီးပွားသက်သက် မဟုတ်ဘူးလေ . . . မမ

ရဲ့။ ကိုယ့်နိုင်ငံ, ကိုယ့်လူမျိုး, ကိုယ့်ဘာသာသာသနာ,

ကိုယ့်ယဉ်ကျေးမှု။ အဲဒါတွေ . . . သူတစ်ပါးသိဖို့

ဆောင်ရွက်တာလည်း၊ ပါပါတယ်"

"ကြွေမြွယ် . . . ဆိုတဲ့ ပန်းချီကားကြီးကို၊

ဂျပန်ပို့လိုက်ပါလား။ အိမ်မှာ ရှုပ်နေတာ"

စိတ်ရှုပ်ရှုပ် အမူအရာလေးဖြင့်၊ တမင် နောက်ပြောင်၏။

ငွဲအကြည့်တွင်၊ အပြုံးချင်း ဖလှယ်သည်။ မျက်လုံးချင်း ...ဘားကို၊ လမ်းသွယ်အတွင်းသို့ ကွေ့ပြီး . . .





www.burmeseclassic.com

www.burmeseclassic.com



"ဂျပန် မပြောနဲ့၊ ပြင်သစ်, အီတလီ, ဂျာမန်၊ ဂရိ, အင်္ဂလန်။ ကမ္ဘာ့ ဘယ်နိုင်ငံမှ မပို့ဘူး"

"ဟွန်း။ ဘာဖြစ်လို့လဲ။ မိုနာလီဇာ ပန်းချီကား လို၊ ကမ္ဘာကျော်သွားမှာ စိုးလို့လား"

"ဟုတ်တယ်"

"ဟင်။ အဲဒါ . . . ဝမ်းသာစရာ, ဂုဏ်ယူစရာ မဟုတ်ဘူးလား"

"ကြွေမြွယံ ပန်းချီကား၊ ကမ္ဘာကျော်သွား ရင်။ တစ်ကမ္ဘာလုံး ဝိုင်းကြည့်ကြလိမ့်မယ်။ အဲဒီလို ဝိုင်းကြည့်ကြမှာ၊ ကျွန်တော် မနာလိုဘူး။

ကြွေမြွယံ ပန်းချီကားက၊ တခြား ဘယ်သူ ကြည့်ဖို့မှ မဟုတ်ဘူး။ ကျွန်တော် တစ်ယောက်တည်း ကြည့်ဖို့"

"ညွှံခန်း နံရံမှာလည်း။ တခြား မိသားစုဝင် တွေ၊ ညှိသည်တွေ၊ ကြည့်မိကြတာပဲဟာ"

"အဲဒါတော့၊ ချွင်းချက်ပေါ့။ အိပ်ခန်းထဲမှာ ထားဖို့၊ စဉ်းစားမိသေးတယ်။

ကြွေမြွယံရဲ့ ကျက်သရေကို၊ မနက်ခင်း နေ ရောင်ခြည် အလင်းနဲ့၊ ညှိခန်းနံရံမှာ ကြည့်ရ, မြင်ရတာ၊ ပိုပြီး . . . တင့်တယ်လို့၊ ယူဆတယ်။

ပြီးတော့ . . . ရိုသေစိတ်ကြောင့်၊ အိပ်ခန်းထဲ မှာ၊ မထားဖြစ်တာ"

"ငါ့မောင်လေးက၊ တကယ့် လူကြီးလေး ပါလား"

"မမက . . . အခုထိ၊ ကျွန်တော့်ကို၊ ဆယ့် သုံးလေးနှစ်သားလေး . . . လို့ မြင်နေတုန်းပဲလား"

"အလုပ်အကိုင် ကြီးကြီးမားမား၊ လုပ်နေတာ ပေမယ့်၊ အသက်က . . . ငယ်လွန်းပါသေးတယ်။

ငယ်လွန်းတယ် . . . လို့ မြင်ပေမယ့်လည်း၊ တင်တင်စားစား၊ တွေးတွေးဆဆ၊ ပြောနေဆိုနေ တာကျပြန်တော့၊ တကယ့် . . . လူကြီးတစ်ယောက် လိုပဲလေ၊ အဲဒါ . . . ပြောချင်တာပါ"

"ကျွန်တော်က . . . ပန်းချီကို၊ မတောက် တခေါက်လောက်ပါ။

တကယ့်ဆရာကြီးတွေ ကြားထဲမှာ . . . ၊ ကျွန်တော် နေရတာလေ။







www.burmeseclassic.com

www.burmeseclassic.com



အရောင်းအဝယ် ကိစ္စက၊ ကျွန်တော် ပိုပြီး အာရုံထားရတဲ့ကိစ္စ။ အနုပညာ အရှည်အသွေး ကိစ္စကျတော့။ ဆရာကြီးတွေကို၊ ဘယ်မီပါ့မလဲ။

တကယ့် အနုပညာရှင်ကြီးတွေဆီ၊ ဝင်ထွက်နာယူ, ဆက်သွယ်နေရတော့၊ ကျွန်တော်လည်း ပြောတာ ဆိုတာ၊ တွေးခေါ်တာ၊ လူကြီးပီသ,မှု ဖြစ်မှာပေါ့''

''ခရီးသွားတဲ့နေ့၊ မမ ... လေယာဉ်ကွင်းကို၊ လိုက်ပို့ပေးမယ်''

''ဟာ။ မတောင်းဘဲ ရတဲ့ ... လက်ဆောင်ပဲ။ ကျေးဇူး ...''

စတိုးဆိုင်ရှေ့တွင်၊ ကားကို ညင်သာစွာ ရပ်လိုက်၏။ ချစ်သူနှစ်ဦး၏ အိမ်အပြန် ... ဟု၊ တစ်ကိုယ်တည်း၊ ခံစားမိသည်။

အတွေး အဟုန်သည်၊ ဒြပ်အသွင်ပေါ်သို့၊ မခုန်တက်နိုင်သေး။

❀ ❀ ❀



## (၂၁)

''ရေလာမြောင်းပေး လုပ်ရမယ့်အရွယ် မဟုတ်ဘူးလေ။ မကြွေမြယ်အရွယ်က။ လာမယ့်ရေ ကို၊ ဟန့်ဟန့်တားတားလေး လုပ်ပြီး ကြွေနဲ့ နေရတဲ့အရွယ်။

ဒါကို မင်းက၊ တွန့်ဆုတ်တွန့်ဆုတ် လုပ်နေတော့၊ လိုရာ မရောက်ဘူးပေါ့''

ကြည်လင့် စကားအဆုံးတွင်၊ မင်းစိုးခ,က ...

''မင်း ချစ်နေတာ၊ မကြွေမြယ် သိလောက်ပြီနော်။ ဟိုနေ့က, တစ်ခါတည်းပြောလိုက်ပြီးရော''



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်က . . . ,

"ကျေးဇူးတင်ပါတယ် . . . လို့ ပြောတဲ့
ကို၊ ချစ်စကား ကြိုက်စကား ပြောရမှာ၊ ကျေး
တောင်းသလို ဖြစ်နေတယ်ကွ။

မိသားစု ပြန်ဆုံအောင်၊ လုပ်ပြီးချိန်။ သူက
လည်း၊ ကျေးဇူးတင် စကားပြောချိန်။ ငါက . . .
လက်ထပ်ခွင့် တောင်းလိုက်ရင်၊ ဒီ,စကားပြောခွင့်
လို့ ဒီလိုဆောင်ရွက်တယ် . . . ထင်မှာ၊ စိုးရိမ်သွား
ပြီး၊ မပြောဖြစ်တော့တာ။

ဂျပန်မှာ . . . ပန်းချီပြပွဲသွားလုပ်ပြီး၊ အပြ
တော့၊ ဘာပဲဖြစ်ဖြစ်၊ ငါ . . . ပြောတော့မယ် . . . လို့
ဆုံးဖြတ်ထားတယ်။

ပြောဖို့ပြင်လိုက်။ လက်ရှိအခြေအနေလေး
ဆုံးရှုံးသွားမှာ၊ စိုးရိမ်လိုက်လည်း။ စိတ်က, ဖြစ်သေး
ထင်သေးတယ်"

"သူ့မိဘ,တွေနဲ့က၊ တော်တော် အဆင်ပြေ
သွားကြပြီလား"

"အင်း။ ပြေသွားကြပြီ။ အသက်တွေ . . .





တော်တော်ကြီးနေပြီကွ။ သားသမီးနဲ့မိဘ၊ ပြန်ပြေ
လည်သွားတာ။ ငါ . . . တော်တော် ဝမ်းသာတယ်။

မအေက၊ အိမ်မှာပဲ . . . အတူတူလာနေဖို့
ပြောတယ်။ အဲဒါ . . . မမက၊ စတိုးဆိုင် သိမ်းပြီး၊
မိဘ . . . အိမ်၊ ပြန်အိပ်တယ်လေ။ သွားနေသလို
ဖြစ်ပြီပေါ့"

ကြည်လင်က . . .

"ဒါဆို မင်းက . . . မနက်ပိုင်းပဲ၊ မကြွေမြယ်
နဲ့ တွေ့ရတော့တာပေါ့။ ဟုတ်လား"

ကျွန်တော်က . . .

"အင်း။ ဆိုပါတော့။ ညနေခင်း . . . အလုပ်
နည်းရင်တော့၊ ဆိုင်မှာ တွေ့ဖြစ်ပါတယ်။ ညကျ
တော့ . . . သူ့မိဘအိမ် ပြန်တာလေ"

"အဲဒီ့ကျတော့ရော၊ မင်း . . . မသွားဖြစ်ဘူး
လား"

"မသွားဖြစ်ဘူးလေ။ ညဘက်၊ သွားရင်
တော့၊ ရမှာပေါ့။ အကြောင်းတစ်ခုခု ပြရင်"

"အင်း။ ယောက္ခမ အိမ်လည်း၊ ဝင်လို့ထွက်



www.burmeseclassic.com

www.burmeseclassic.com



လို့ ရပါတယ် ဆိုတဲ့ သဘောပေါ့"

"အဲဒီလိုကြီးတော့ မဟုတ်ပါဘူးကွာ။ မိ
နဲ့ခင်ရုံပါ"

"ဘာပဲဖြစ်ဖြစ်။ မင်း ..., မိသားစု ဖြစ်
ဖို့ ကူညီလိုက်တာ။ တစ်ချက်ခုတ်, နှစ်ချက်ပြတ်

မိဘ,ကိုပါ၊ ရင်းနှီးမှု ... ယူပြီးသား ဖြစ်သွ
တယ်"

"ကြည်လင်။ အဲဒီ စိတ်ကူး မပါဘူးနော်
ဒီ,စကား။ ဒီမှာတင် ... ရပ်"

ကြည်လင်က ...၊ ရယ်လျက်,

"ဩော် ...။ ရိုးရိုးသားသား ကူညီတ
ပေါ့"

"ဒါပေါ့။ ကူညီတာက၊ မိသားစုကိစ္စ၊ ရိုး
သားသား။

ချစ်မြတ်နိုးတာက၊ နှလုံးသားကိစ္စ၊ သီးသ
တစ်ကဏ္ဍ"

မင်းစိုးခ,က ...

"ကြိုသိချင်လို့ မေးတာ။ မကြွေမြယ်





မင်းကို၊ လက်ခံတယ်ဆိုပါတော့။ မင်းအိမ်က,
အခြေအနေ"

"မင်းတို့ကို၊ ပြောပြသလောက်သာ၊ ငါ ...
မိဘကို၊ မပြောပြတာပါ။ ငါ့ရင်ထဲကို၊ တစ်မိသားစု
လုံး မြင်ပါတယ်။ မလိုလားရင်၊ ကြိုတန့်ကွက်မှာ
ပေါ့"

"သူ့,မိဘဘက်က,ရော"

"အဲဒါတော့ ... မခန့်မှန်းတတ်ဘူး။ ညှိနှိုင်း
စရာ ကြုံလည်း။ ညှိနှိုင်းရုံပေါ့"

ထည့်သွင်း စဉ်းစားစရာကိစ္စ ...ဟု၊ ယခုမှ အသိဝင်သည်။
တစ်စုံတစ်ဦးကို ... ချစ်။ နှစ်ဦးဖြစ်။ ထို နှစ်ဦးတည်းဖြင့်၊
ကမ္ဘာတည်၍ မရ။ ကျောထောက်နောက်ခံ ... အသိုင်းအဝိုင်း နှစ်
ဘက်၏၊ လိုလားခြင်း ... မလိုလားခြင်းတွေ၊ နှစ်ဦးကမ္ဘာတွင်၊
ဝင်ရောက်လာနိုင်ပြန်သည်။

ချစ်တာ တစ်ခုတည်းနှင့် ကမ္ဘာတည်ဝံ့လျှင်တောင်၊ သူရယ်,
ကိုယ်ရယ် နှစ်ကိုယ်တည်း မဟုတ်ပါကလား ...ဟု၊ တွေးမောမိ
လေသည်။

တခြားသော လောကတွေမှာတော့၊ မည်သို့ ရှိလေမည်



www.burmeseclassic.com

www.burmeseclassic.com



မသိ။ လူ့လောက, မှာတော့ . . . ။

လူ့ဝန်းကျင်၊ လူ့အသိုင်းအဝိုင်း၊ လူ့အလေ့အထ၊ သူ့စရိုက် ကိုယ့်စရိုက်၊ သူ့ဘက်က အကြိုက်၊ ကိုယ့်ဘက်က . . . အကြိုက် သူ့စံနှုန်း၊ ကိုယ့်စံနှုန်း . . . ဆိုတာတွေ များစွာဖြင့်၊ ရောပြွမ်းနေ ရှိပေသည်။

ထိုသို့ ထွေပြားလှသည့် အလယ်တည့်တည့်တွင်၊ ချစ် နှစ်ကိုယ်, ဆုံစည်းရဖို့ ဆိုသည်မှာ၊ သာမန် ထမင်းစားရေသော လောက်၊ သဘောထား၍ မဖြစ်။

တွေးဆ, လေလေ။ ကြီးလေး လေလေ။ (အချစ်ကို အခြ သော ရတနာတွေ၊ ဝိုင်းဝန်း စီရံပေးသကဲ့သို့၊ အားလုံးက၊ လိုလာ တတ်ကြလျှင်၊ ကောင်းလွန်းပေစွ။)

❀ ❀ ❀



(၂၂)

"မမ ကွင်းထဲကို မလိုက်တော့ဘူးနော်။ ဟိုမှာ . . . မင်းညော့ သည်တွေနဲ့။ နိုင်ငံခြားသား ဧည့်သည်ပါ . . . ပါတယ်ဆို။ မမက . . . မင်းကို၊ လေယာဉ်ကွင်းရှေ့ပဲ လိုက်ပို့တာလေ။ တာ့တာတွေ . . . ဘာတွေတော့ မလုပ်တော့ဘူး" . . . ဟု၊ မမက . . . ၊ ကား ခောင်းသူနေရာမှ၊ မဆင်းဘဲပြော၏။

ခရီးဆောင်အိတ်ကို၊ ဆွဲထားရင်း၊ ကျွန်တော်က . . .

"ကျွန်တော် ပြန်လာရင် . . . ၊ မမကို . . .
ပြောစရာရှိတယ်"

မမကြွေမြယံက၊ ဆယ်ကျော်သက် မိန်းကလေးငယ်တစ်



www.burmeseclassic.com

www.burmeseclassic.com



ယောက်ကဲ့သို့ မျက်လုံးကို ပုတ်ခတ် ပုတ်ခတ်လုပ်ကာ၊ ပြုံးလျ
ခေါင်းညိတ်ပြလေသည်။ ပါးချိုင့်လေးတစ်စုံက,ပါ၊ သဘောတူ
ပြနေချေ၏။

"အခု ပြောတော့ရော၊ ဘာဖြစ်လို့လဲ။ ေ
ယာဉ်ထွက်တော့မှာ၊ မို့လား"

ကျွန်တော်က၊ မမကြွေမြယံ၏ မျက်နှာနုနုလေးကို မြတ်
စွာ ငုံကြည့်လျက် ...,

"ပြောမယ့်စကားက ... တစ်ခွန်းတည်း
ပြောတဲ့ ရည်ရွယ်ချက်က၊ ကြီးတယ်။ တစ်ဘဝ
စာ ... တစ်သက်တာလောက်၊ ကြီးမားတယ်။

စကားလုံး အဖြစ်လောက်၊ မပြောချင်ဘူ
... မမ။ ထင်းခနဲ မြင်အောင်၊ ပြောရမယ့် စကား
အဲဒါကြောင့်, ရက်ချိန်းယူရတာပါ"

"ဒါဆို၊ မြန်မြန်ပြန်လာပေါ့ကွ။ နားထော
ရမယ့်သူက၊ ပြောမယ့်သူ မလာသေးခင်။

ပုံပြင်နားထောင်ရမှာလား။ ဒဏ္ဍာရီ န
ထောင်ရမှာလား။ တကယ့် အဖြစ်အပျက်လား။ စိ
ကူးယဉ်လား ... ဆိုတာတွေ၊ ဟိုတွေး, ဒီတွေး





နားမထောင်ရမချင်း၊ အပြန်မျှော်ရမှာ ...
မောမယ်"

"သိပ်မကြာပါဘူး ... မမ"

ပြောရင်းမှ ...

"ဪ"

အိတ်ထဲမှ ... ယွန်းဘူးငယ်ကို၊ ထုတ်ယူလိုက်သည်။

"လမ်းမှာ ပေးမလို့။ မမ ကားမောင်းနေတာ
နဲ့။ ရော့ ..."

"ဒါ ... ဘာတုံး"

"အခု ... ဖွင့်ကြည့်လည်း ရပါတယ် ...
မမ။ ဒါပေမဲ့ ... အိမ်ကျမှ ဖွင့်ကြည့်ပါ"

ယွန်းဘူးကို မမက, လက်နှစ်ဖက်ဖြင့် လှမ်းယူသည်။ နံဘေး
တွင်၊ ညင်သာစွာ ချပြီး ...

"ဟို လက်ပံပွင့်လေး မဟုတ်လား"

"ဟား ...။ မမ ... တော်လိုက်တာ"

"မတော်ပါဘူး။ သိတာပါ။ သိတဲ့သူက၊
တော်စရာမလိုဘူး"

ကိုယ့်ကိုယ်ကိုယ်၊ ဂုဏ်တင်လေဟန်ဖြင့်၊ ပြုံးရွှင်စွာ ပြော၏။



www.burmeseclassic.com

www.burmeseclassic.com



"ကဲ . . .၊ လေယာဉ်ကွင်းရှိတဲ့ဆီကို မောင်လေး သွားတော့။

မမကာ . . . နှုတ်လည်း မဆက်ချင်ဘူး။ ကျွန်လည်း မကျန်ရစ်ခဲ့ချင်ဘူး။ ထားလည်း မထားသွားချင်ဘူး။

အဲဒါကြောင့် . . . နှင်ထုတ်လိုက်တာ။ မောင်လေး . . . သွားတော့"

ရင်းနှီးပြုံးရွှင်စွာ ပြောပြသည့် စကားလေးများပင် ဖြစ်လင့်ကစား၊ ကြားနာရသူ ကျွန်တော့်မှာ၊ စာနာခံစားရပါသည်။

"နော်"

"ဟုတ်ကဲ့ . . . မ"

"မြန်ရောက်တာနဲ့ လေယာဉ်ကွင်းက၊ ဖုန်းဆက်။ မမ . . . လာကြိုမယ် . . . နော်"

ကျွန်တော် ခေါင်းညိတ်သည်။

"ကဲ . . . သွားတော့"

"မမ . . .။ ကျွန်တော် . . ., မြန်မရောက်ခင် ဖုန်းဆက်ချင်တယ်နော်"

မမ ခေါင်းညိတ်၏။ ပြီးပြီးချင်း၊ ကားလက်ကိုင်ခွေကို စုံ





ကိုင်သည်။ ကားရှေ့သို့ တူရူကြည့်သည်။ ကျွန်တော် ခြေလှမ်းလှမ်းသည်နှင့် ကားစက်နှိုးသံ ကြားရ၏။

ခြေလှမ်း လေးငါးလှမ်းမျှ လှမ်းအပြီးတွင်၊ ကျောဘက်သို့ ကျွန်တော် လှည့်ကြည့်မိ၏။ ကားဘီးလိမ့်စ,ပြုနေပြီ။

✽

ကျွန်တော်နှင့်တွဲဖက်လုပ်ကိုင်သူ၊ သူငယ်ချင်းကိုသာ၊ ပြည်ပ,မှာ နေရစ်ခဲ့စေသည်။ မြန်မာပြည်သို့၊ ကျွန်တော် အမြန် ပြန်ခဲ့၏။

ဟိုစဉ်က . . . နိုင်ငံရပ်ခြား သွားရသည်ကို၊ ထ,သွား ထ,လာမျှဟုသာ၊ ကျွန်တော် သဘောပိုက်ဖြစ်ခဲ့သည်။ မိသားစုနှင့်လည်းကောင်း၊ ဇာတိဒေသနှင့်လည်းကောင်း၊ ဝေးလွန်းကွာလွန်းသောအရပ် . . . ဟု၊ တစ်ခါမျှ မတွေးဖြစ်ခဲ့။

ကမ္ဘာကို ရွာ . . . ဟု၊ သတ်မှတ်ကြသည်ကိုပင်၊ လွန်စွာကြိုက်ခဲ့ပြီး၊ ဟိုဘက်ရွာ၊ သည်ဘက်ရွာ၊ သွားလာ လုပ်ကိုင်ရသည် . . . ဟု၊ ထင်မြင်ခဲ့သည်။

ယခု တစ်ကြိမ်တွင်မူ၊ နောက်ဆံတင်းလွန်းနေ၏။ ခြေလှမ်း



www.burmeseclassic.com

www.burmeseclassic.com



တိုင်း လေးပင်နေရသည်။ နှလုံးသားနှင့် မိုင်ပေါင်းများစွာသို့ ခန္ဓာကိုယ်ကြီး ရောက်ရှိနေရသည့်ပမာ၊ ခံစားလေးလန့်၏။

အသက်လိပ်ပြာက သတ်သတ်၊ ခန္ဓာကိုယ်က သတ်သတ် ... ဟူသော၊ မှားယွင်းလွဲချော်နေလေ့ရှိသည့်၊ (ဒွိ) အယူအဆ,က် ပင်၊ လက်ခံနေမိသူကဲ့သို့၊ အသက်ကောင်လေးက, မမကြွေမြ နံ့သောမှာ၊ ခန္ဓာကိုယ်ကြီးက၊ ရခြေား မြေခြားမှာ ... ဟု၊ တွေးတော လိုက်မိပါသေးသည်။

မမကြွေမြယံဆီသို့၊ ကျွန်တော် ဖုန်းဆက်သေးသည် "ပြော" ... ဟူသော မမကြွေမြယံ၏ အသံပြုမှုကို ကြားပါလျှက် တွေတွေတူးတူး ဘာမှမပြောဖြစ်။ သတိရရုံကြောင့်၊ ဆက်သွယ်မိ ကျွန်တော့်မှာ၊ မမကြွေမြယံ၏အသံကို ကြားရုံမျှဖြင့်၊ အလွမ်းပြေ သည်။

"လွမ်းလို့ ဆက်တာ" ... ဟု၊ ပြောချင်သော်လည်း စကာ နှန်ကျော်လေသူ ... ဟု၊ မထင်စေလို။ "သတိရလို့ ဆက်တာပ ... မမ" ... ဟု၊ ပြောရသည်ကိုပင်၊ စကားသံ တုန်ယင်နေရ "မမလည်း။ သတိရပါတယ်" ... ဟု၊ ပြန်ပြောသံ ကြားရသဖြင့် ပျော်ရွှင်ချင်သေး၏။

သို့သော် ... သတိရပုံချင်း ကွဲပြားခြားနားနေလျှင်၊ တင်





ခက်သတ် အပျော်အရွှင်မှာ၊ မျက်နှာငယ် အားလျော့ချင်စရာ။ ထို့ ကြောင့် ... ထင်ရာတွေး၍ မပျော်ပိုက်။ အသံကြား၍သော၊ ရင်အေး ခဲ့ရသည်။

ကိုယ်ရေးကိုယ်တာ ကိစ္စတစ်ခုကြောင့်၊ အရင်ပြန်ရခြင်း ဖြစ်ကြောင်းသော၊ လုပ်ဖော်ကိုင်ဖက် သူငယ်ချင်းကို၊ ခွင့်ပန်ပြောပြ ဖြစ်ခဲ့သည်။

အကြောင်းရင်း။ တိတိကျကျကို၊ မပြောဖြစ်ခဲ့။ ပြောမည် ဆိုလျှင်ပင်၊ မည်သို့ပြောရမည် မသိ။ အဘယ်ကြောင့်ဆိုသော်၊ ချစ်သူ ရည်းစား ကျန်ရစ်ခဲ့သဖြင့်၊ မခွဲနိုင် မခွာရက်ဖြစ်ကာ၊ အရင်ပြန်ရပါ သည် ... ပြောမည်ဆိုလျှင်လည်း။ ကျွန်တော့်မှာ ...၊ ထိုအခြေ အနေအထိ၊ မပိုင်ဆိုင်ရသေး။

ချစ်စကား ပြောဖို့ အမြန်ပြန်လာရတာလား ဆိုလျှင်လည်း၊ အဲဒီလိုတော့, မဟုတ်ရပါ။ မမကြွေမြယံနှင့် ဝေးနေရသော အခြေ အနေကို၊ ကြာကြာမခံစားနိုင်သောကြောင့်သာ၊ အလျင်အမြန်၊ ပြန်



www.burmeseclassic.com

www.burmeseclassic.com



လာရခြင်း ဖြစ်၏။

လေယာဉ်ကွင်းမှအထွက်တွင်၊ မမကြွေမြယံဆီသို့ ဖုန်းဆက်အကြောင်းကြားသည်။ နာရီဝက်ခန့်အကြာတွင်၊ ရောက်လာ၏။ ခွဲခွာကာလ, နာရီများစွာ၏ကိုယ်စား၊ ဆုံတွေ့စ, ခဏအတွင်း၊ ရင်ထဲတွင်, အေးစိမ့်လင်းလက် သွားရသည်။

ချစ်သော သူ၏မျက်နှာသည်၊ ဘဝ နှလုံးသား တစ်ခွင်သို့ အစဉ်ထွန်းလင်းနိုင်ချေ၏။ အ,ကာလ၏ လ,ရောင်ပမာ။

❀ ❀ ❀



(၂၃)

လေယာဉ်ကွင်းအနီးရှိ စားသောက်ဆိုင်တွင်၊ အတူထိုင်ဖြစ်ကြသည်။

"မမ"

"ရှင်"

"ကျွန်တော် ပြောစရာရှိနေတယ်"

"မပြောပါနဲ့လား ... စံဗလ"

"ဗျာ။ ဘာဖြစ်လို့လဲ ... မမ။ပြောခွင့် မပြုဘူးလားဟင်"

"ပြောခွင့် မပြုတာ၊ မဟုတ်ဘူး။ မပြောစေ



www.burmeseclassic.com

www.burmeseclassic.com



ချင်တာ။

မင်း ပြောမယ့်စကားက၊ အရေးတကြီး စကားဆိုတာ၊ မမ သိပါတယ်။ မပြောဘဲ ထားတာ ပိုပြီး တန်ဖိုးကြီးပါတယ်''

ကျွန်တော် သဘောမပေါက်။

''တချို့ စကားတွေဟာ၊ အရေးကြီးပေမယ့် သိုသိပ်ပြီး၊ ပြောပြရတာ။

လွမ်းတယ် ... ပြောချင်ရင်တောင်၊ သတိရတယ် ... ပြောရတာ။ ချစ်တယ် ... ပြောချင်ရင် တောင် သံယောဇဉ်ဖြစ်တယ်၊ ပြောရတာ။

သေမတတ် ခံစားရတယ် ... ဆိုရင်လည်း ပြင်းထန်တယ် ... လို့ ပြောရတာ။ တစ်ခါတစ်ရံ ချစ်တယ် ... လို့ ပြောချင်ပါလျက်၊ မုန်းတယ် ... လို့ ပြောရင် ပြောလိုက်ရတာ''

စကားအသွားအလာကို၊ ရင်ထိတ်စွာ၊ ကျွန်တော် နားထောင် နေရ၏။

''မမတောင်၊ မင်းနဲ့ ပြန်တွေ့စ,တုန်းက၊ အဲဒီလို သဘောထားမျိုးနဲ့ ပြောခဲ့ဖူးတာတွေ၊ ရှိပါတယ်။





လုံးဝ ... မလာနဲ့တို့, ဘာတို့ပေါ့''

''အဲဒီလို ဘာကြောင့် ... ပြောခဲ့တာလဲ ... မမ။ ကျွန်တော် ... အခု, တိတိကျကျ သိပါရစေ''

''တချို့စကားတွေဟာ၊ စိတ်ထဲရှိတာကို၊ ကာရံပြီး ပြောရတဲ့၊ စိတ်ရဲ့ ကန့်လန့်ကာတွေပေါ့။

မမ ... မင်းကို၊ မာထန်ထန်ပြောခဲ့မိတဲ့ စကားတွေဟာ၊ မူလ, စိတ်ရဲ့, တံခါးဝ,က၊ ကန့်လန့်ကာတွေလိုပါပဲ။

ကန့်လန့်ကာလို၊ ဖွင့်မကြည့်ချင်ပါနဲ့ ... စံပလဲရယ်။ ကန့်လန့်ကာရဲ့ နောက်ကွယ်မှာ၊ မှောင်နေတုန်းပါ''

''ဘာဖြစ်လို့၊ အဲဒီလိုတွေ ...၊ ပြောပြနေရတာလဲ ... မမရယ်။ ကျွန်တော် နားမလည်တော့ဘူး''

''အကြောင်းရှိလို့ပေါ့ မောင်လေးရယ်။ ဟိုတုန်းက၊ ဟန့်တားခဲ့မိတာက၊ မင်းကို ... အပူကူးမှာ စိုးလို့။

အခု ... ဟန့်တားနေမိတာက နောက်ထပ်



www.burmeseclassic.com

www.burmeseclassic.com



. . . ဟန့်တားစရာအကြောင်း ရှိနေလို့ပေါ့"

"ဒါဆို၊ ကျွန်တော် ပြောချင်တဲ့ စကား။ လုံး . . . ပြောခွင့်မရတော့ဘူးပေါ့။ ဟုတ်လား . . . မမ"

ညိုးငယ်စွာ ခေါင်းညိတ်လေပြီ။

"အခု . . . ဟန့်တားတာက၊ ဆွေးနွေးတား တိုင်ပင်တာ။ ရင်ဖွင့်တာ။ အကူအညီတောင်းတာ မျိုးပါ"

"ကျွန်တော် ကူညီရမှာလား"

"ဟုတ်တယ်။ အကူအညီပေးဖို့ လိုမယ် မမမှာ . . . ဒဏ်ရာတစ်ခု ရှိနေတယ် ဆိုပါတော့

အဲဒီ ဒဏ်ရာက၊ ကိုယ်တိုင် လှည့်မကြည့်နိုင် လောက်တဲ့၊ နေရာမှာ . . . ဖြစ်နေတယ် ဆိုပါတော့

ဒဏ်ရာ . . . အနာ ဘယ်လောက်ကြီးတယ် ဆိုတာ၊ ယုံကြည်အားကိုးရမယ့်၊ သူကို . . . ကြည့် နိုင်းမှ၊ ဒဏ်ရာ . . . အခြေအနေကို၊ သုံးသပ်နိုင်မှာ လေ။

မင်းပဲ . . . ကြည့်ပြီး သုံးသပ်ဆုံးဖြတ်ပေးပါ"

"ပြောပါ . . . မမ။ မမ ပြောပြပါတော့





ကျွန်တော် . . . ကူညီပါ့မယ်"

"မင်း . . . ပြောမယ့် စကားကို၊ မပြောတော့ တာဟာ၊ ကူညီရာ ရောက်ပါတယ်"

ရင်နင့်ရသည်။

"မမအတွက်၊ လိုအပ်မယ်ဆိုရင် . . .၊ ကျွန် တော် . . .။

ကျွန်တော် . . . မပြောတော့ပါဘူး။ မပြော ရက်တော့ပါဘူး"

"ကျေးဇူးပါပဲ . . . မောင်လေးရယ်"

မမကြွေမြှယ် မျက်ရည်ဝဲ့၏။ မျက်တောင်တွေ ပုတ်ခတ် သည်။ ကျွန်တော် မကြည့်မြင်ရက်။

"မမ အဖေနဲ့အမေကို၊ ကိုသူရိန် . . . ဆိုတဲ့ လူက၊ စောင့်ရှောက်၊ ကူညီထားတယ် . . . တဲ့။ မမကို၊ မေမေ ပြောပြတယ်"

"ကိုသူရိန် . . . ဆိုတာ . . ."

"မမနဲ့ ပေးစားမယ် . . . လို့၊ စီစဉ်ဖူးတဲ့သူ ပေါ့။ အခု . . . အဲဒီလူကို၊ လက်ထပ်ဖို့၊ မေမေ . . . တောင်းဆိုတယ်"



www.burmeseclassic.com

www.burmeseclassic.com



တစ်ကိုယ်လုံးကို၊ ကျင်စက်ဖြင့် တို့ထိခံစားရသကဲ့၊ တုန်ယင်နေရသည်။ ခန္ဓာ၏ အတုန်အလှုပ်ကို၊ ထိန်းမတ်ထားချင်သဖြင့် စိတ်ကို၊ ငြိမ်အောင်၊ ထားရသည်။ ခက်ခဲ မွန်းကျပ်လွန်းလှ၏။

"မိဘကို၊ နှစ်ကြိမ်နှစ်ခါ၊ မဆန့်ကျင်သင့်ဘူးလို့၊ မမ . . . တွေးမိနေပြီ . . . စံဗလ"

ကျွန်တော့်လက်ကို၊ မမ ဆုပ်ကိုင်သည်။ အားကိုးတကြီးအပြုအမူ . . . ဟု၊ ကျွန်တော် သိ၏။

"အဲဒါ . . .၊ မမမှာ . . . ရှိနေတဲ့ ဒဏ်ရာပဲ မောင်လေး။

ဘယ်လောက် ကြီးမားမယ် . . . ဆိုတာ မင်းပဲ ကြည့်ပေးပါတော့"

မျက်ရည်တွေ၊ ပေါက်ခနဲ ကျသည်။ ဒဏ်ရာကို၊ မမြင်သာသည့်တိုင်၊ ဒဏ်ရာ၏ အပူနွေးကို၊ ကျွန်တော် သိမြင်နိုင်ပါသည်။

"မမ . . . မငိုပါနဲ့။

မျက်ရည်သုတ်လိုက်ပါ။

ဒါ . . . ငိုစရာမှ မဟုတ်တာ၊ မမပြောသလို ဆွေးနွေးတိုင်ပင်ရမယ့် . . . ကိစ္စပါ . . . မမ"

မမကြွေမြယ်၏ လက်ဖမိုးလေးကို ဖွဖွလှုပ်ကာ၊ ကျွန်တော် [illegible] ပြောသည်။ အားမဲ့စွာပြောရသည့် အားပေးစကား။





"မိဘကို၊ ကျေးဇူးမဆပ်နိုင်ကြရင်တောင်၊ မိဘ . . . ကို၊ မဆန့်ကျင်တာ။ သားကောင်း သမီးကောင်းတွေရဲ့၊ တာဝန်ပဲ။

ရှေ့ဆက်မယ့် ခရီးကို၊ မတွန့်မဆုတ်အောင်၊ နောက်ဆံမငင်အောင်၊ ကူညီရတာလည်း၊ မိတ်ကောင်းဆွေကောင်းတွေရဲ့၊ တာဝန်ပဲ။

မမ . . . နောက်ဆံတင်းမယ့် စကားမျိုး၊ ကျွန်တော် မပြောတော့ပါဘူး။

မမ . . . မဆုံးဖြတ်တတ်ရင်တောင်၊ ကျွန်တော် ဝင်ပြီး ဆုံးဖြတ်ပေးရမယ်ဆိုရင်။

မိဘစကားကို၊ နားထောင် လိုက်နာလိုက်တာဟာ၊ အကြီးမားဆုံး၊ ကုသိုလ်တစ်မျိုးမို့။ အဲဒီ . . ., ကုသိုလ်အလုပ်ကို၊ မမ . . . မဖြစ်မနေ၊ လုပ်ပါ . . . လို့၊ ကျွန်တော် . . . အကြံပေးပါတယ်၊ နော် . . . မမ"

မျက်ရည် မကင်းစင်သေးသည့်၊ မျက်ဝန်းများဖြင့် မမကြွေမြယ်၊ ကျွန်တော့်ကို၊ ကြည့်ပြီး . . .



www.burmeseclassic.com

www.burmeseclassic.com



"တစ်ယောက်က၊ ကုသိုလ်အလုပ်ကို၊ လုပ်ပါရဲ့။ တခြားတစ်ယောက်က, မွှယ်နှိသောက, ဖြစ်နေတာမျိုး။ မမ ... မကြိုက်ချင်ဘူး"

"အမျှ ယူတတ် ... သာဓုခေါ်တတ်ရင်အတူ ကုသိုလ်ပြုရာ ရောက်ပါတယ် ... မမ။

ကျွန်တော် ... သာဓုခေါ်မှာပါ။ အ,ကုသိုလ်တွေ မကင်းစင်နိုင်တဲ့၊ လူ့ ... ဘဝ။

လက်လှမ်းမီသမျှ ကုသိုလ်တိုင်းကိုတော့ယူတတ် ... မျှတတ်ရမှာပေါ့။ ကုသိုလ်ကို၊ နှလုံးသွင်းရင်၊ အပူအပင်ဆိုတာ၊ ကင်းသွားမှာပါပဲ"

"မင်းကို၊ မမ ... အားနာတယ်"

"ဘာ အားနာစရာရှိသလဲ ... မမရဲ့။ မမနဲ့ကျွန်တော်နဲ့က၊ ခေါ်ပြောနှုတ်ဆက်ရုံ၊ မနေ့တစ်နေ့က,မှ၊ သိကျွမ်းကြရတဲ့၊ အသိအကျွမ်းမျိုးမှ၊ မဟုတ်တာ။ ဘာမှ ... အားမနာနဲ့"

"မင်း ... ပြောမယ့်စကားကို၊ မမ ...၊ မကြားရပေမယ့်၊ သိနေတဲ့သူလေ။ သိလျက်နဲ့၊ ဟန့်တားမိတာ"





"သိတယ် ... ဆိုတာကိုပဲ၊ ကျွန်တော် ကျေနပ်လှပါပြီ။ ကျွန်တော်က, မသိမှာစိုးလို့။

လက်ပံပွင့်ခြောက်ပေး၊ ပန်းချီကားပေး။ ပြီး၊ စကားတွေ တတွတ်တွတ်ပြော။

လိုချင်တာ မရပေမယ့်၊ ဘာလိုချင်တယ်၊ ဘာလိုအပ်တယ် ... ဆိုတာ၊ သက်ဆိုင်တဲ့သူ၊ သိတယ် ... ဆိုရင်၊ ဒါလည်း။ ကုသိုလ်ကံ တစ်မျိုးပါပဲ။

တချို့ဆို၊ သိစေချင်လွန်းလို့၊ နည်းအမျိုးမျိုးနဲ့၊ ထုတ်ဖော်ကြ၊ ရင်ဖွင့်ကြတာတောင်၊ မသိချင်ယောင်ဆောင်သူနဲ့ တိုးရင်၊ မော်ရတာပဲ အဖတ်တင်တယ်လေ။

အဲဒါမျိုးထက်စာရင်၊ ကျွန်တော် ကံကောင်းပါတယ်"

"မမ ... စိတ်ထဲ, ရင်ထဲကိုရော မင်း ... မြင်တတ်ရဲ့လားဟင်။ ဥပမာ ... မင်းကို နှင်ပြီးမှ၊ သောလုံးကွင်းမှာ လာရှာမိခဲ့တာမျိုးကိုပေါ့"

ဝမ်းနည်းစွာ၊ ကြည်နူးရသည်။

"မမရယ် ... ကျွန်တော်ရယ်မှာ ... တယ်



www.burmeseclassic.com

www.burmeseclassic.com



သူက ... စွန့်လွှတ်သူ။ ဘယ်သူက အစွန့်လွှတ်ခံ ရသူ ... ဆိုတာ၊ မရှိဘူး။

စွန့်လွှတ်သူနဲ့၊ အစွန့်လွှတ်ခံရသူ ဘယ်သူ ... ပိုခံစားရမလဲ။

အဲဒီလို မေးခွန်းမျိုး၊ ကျွန်တော်တို့ နှ ယောက်စလုံးနဲ့၊ မသက်ဆိုင်ဘူး။

မမ မေးလို့ဖြေရရင်။ နေပူထဲ အတူ လျှောက်ကြတာ။ အတူတူပဲ၊ အပူမိမယ်။ မိုးရွာထဲ အတူတူထွက်ကြတာ။ အတူတူပဲ မိုးမိမယ်။' အဲ လောက်ပဲ၊ ကျွန်တော် မြင်ပါတယ် ... မမ"

"မမရင်ထဲကို၊ မင်း ... မြင်ပေးတတ် အတွက်၊ ကျေးဇူးပါ။ မမ ... သိပ်ကျေးဇူးတင် တယ်။

မပြောဘဲ သိမြင်ကြရတဲ့၊ ခံစားမှုတိုင်းမှာ တူညီတာ တစ်ခုခုရှိလို့ပေါ့နော်"

"ဒါပေါ့ ... မမရယ်။ တူညီတဲ့နှစ်ယော မှာ ... ရိုးပင်းတာ ... ကူညီတာပဲ ရှိမှာပါ။

တစ်ယောက်က အစွန့်လွှတ်ခံ၊ တစ်ယော





က စွန့်လွှတ်သူ၊ အနစ်နာခံသူ ... ဆိုတာမျိုး၊ မရှိ ပါဘူး"

လေယာဉ်တစ်စီး ပျံတက်သွားသံကို၊ ဆူညံစွာ ကြားလိုက် ရသည်။ ကျွန်တော့် နှလုံးသား၏ ရင်နင့် တုန်ဟည်း ငိုညည်းသံကို၊ ညီသူမှ၊ မကြားစေရ။ အထူးသဖြင့်၊ မမကြွေမြယ် မကြားတတ် လျှင် ပို၍ကောင်းပါသည်။ (ကိုယ့်ရင်ခွင်ကို ငုံ့ကြည့်လျှင်ပင်၊ သူ့ ဝေဒနာကိုပါ၊ သိမြင်ရသည် ဖြစ်သဖြင့်၊ သက်သာရာ စာနာကြောင်း ကို၊ ဆောင်ရွက်ရပေဦးမည် ... တစ်ဖန်)။

"စကားမပြောတတ်သေးတဲ့၊ ရင်ခွင်ပိုက် ကလေးလေးတွေက၊ သူတို့မိခင်ရဲ့ မျက်နှာကို မြင် ရရုံနဲ့၊ သူတို့ကို ချစ်မှန်းသိတယ် ... မမ။

မိခင်တွေက,လည်း၊ ရင်ခွင်ထဲက, ကလေး ရဲ့,အကြည့်, အပြုံး, တီတီတာတာ မျက်နှာထား လေးကို၊ ကြည့်ပြီး၊ ကြည်နူးကြရတာ။

အဲဒီလိုပဲ ...၊ ချစ်ခြင်း မေတ္တာဆိုတာ၊ စာ နာခံစားတတ်သူချင်းအတွက်, အသံမဲ့ ဘာသာ စကားပါပဲ။

မပြောဘဲလည်း ကြားရတယ်။ ကာရံသံပေ



www.burmeseclassic.com

www.burmeseclassic.com



မယ့်လည်း၊ မြင်နိုင်ပါတယ် မမ။

တစ်ယောက်နဲ့တစ်ယောက် သိတတ်၊ မြ

တတ်သူချင်းမှာ၊ အားနာစရာတောင် မလိုပါဘူး

နော် . . . မမ''

ခေါင်းညိတ်သည်။ အောက်နှုတ်ခမ်းကို၊ အပေါ်သွားစွ

လေးဖြင့်၊ အတွင်းမှ ဖိကိုက်နေသည်။

ကြိတ်ချေလျက်၊ မကြေသော ရင်,အစိုင်အခဲကို၊ စိတ်

ကျိတ်ဖြေနေသည် . . . ဟု၊ မြင်၏။ (ကိုယ်တိုင်ပင်လျှင်၊ မည်သို့

ဖြေရမည် မသိနိုင်သေး။ ဘာမှ မခံစားရသည့်ပမာ၊ နေရ . . . ပြော

သည်ကိုက၊ အပြင်းထန်ဆုံးသော . . . ဒုက္ခ။ အကြီးမားဆုံးသော

. . . အစိုင်အခဲ)။

* * *



(၂၄)

''မင်း ခရီးသွားနေတုန်း၊ သူ့မိဘ,က၊ တောင်းဆိုတာဖြစ်

မယ်။ ခရီးမသွားခင်က,သာ၊ ပြောဖြစ်ခဲ့ရင်၊ ကောင်းမယ်'' . . . ဟု၊

မင်းစိုးခ, ပြော၏။ ကျွန်တော်က . . .

''အရင်ပြောဖြစ်တယ် ဆိုရင်တောင်၊ မိဘ,

ဆန္ဒကို၊ ဦးစားပေးရမှာပါပဲ။ မထူးပါဘူး''

''ပြောခွင့်ရလိုက်တော့။ ရင်ပေါ့တာပေါ့။

လိုတာလည်း၊ မရ။ ပြောခွင့်လည်း မရရင်၊

ဘဝ . . . ဆိုတာ၊ ရှင်လျက်, သေနေတာပဲ''

''မပြောပေမယ့်၊ မမ . . သိမြင်ပါတယ်ကွာ။



www.burmeseclassic.com

www.burmeseclassic.com



သူ့ရင်ထဲကိုလည်း။ ငါ ... မြင်ပါတယ်။

မမ အသက်အရွယ်ကိုက၊ ကိုယ်ဖြစ်ချင်တာကိုပဲ၊ ဦးစားပေးရဲ့တဲ့, ဆယ်ကျော်သက်အရွယ်မှ မဟုတ်တာ"

ကြည်လင်က ...

"အဲဒါ ... မကြွေမြယ်အပိုင်းလေ။ မင်းအပိုင်းက၊ ပြင်းပြင်းပြပြ တောင်းဆိုရင်၊ သူ ... မျက်ကွယ်မပြုလောက်ပါဘူး"

ကျွန်တော်က ...,

"မိဘ,ကို ဆန့်ကျင်နိုင်လောက်တဲ့ ... အကသိုလ်မျိုး။ ငါ ... မဖန်တီးချင်ဘူး။ မမကိုလည်း မကျူးလွန်စေချင်ဘူး"

"ချစ်တဲ့သူကို၊ ချစ်တယ် ... လို့ ပြောပြီး ပြန်ချစ်ဖို့၊ ဆုံစည်းဖို့၊ ကြိုးပမ်းတာ၊ အ,ကုသိုလ် အလုပ်မှ မဟုတ်တာဘဲ။ မင်းက,လည်း"

"ငါ ပြောပြပြီးပြီလေကွာ။ ငါ,ကိုယ်တိုင်ကကို၊ မိဘ,ကို၊ မဆန့်ကျင်စေချင်တော့တာ။ ပြီးတော့ ..., မမကိုယ်နှိုက်က,လည်း၊ မဆန့်ကျင်ရက်





လောက်တာ၊ ငါ ... သိတယ်လေ"

"ချစ်တဲ့သူကို၊ ဆုံစည်းဖို့ ကြိုးစား။ မိဘ ... ကို၊ စောင့်ရှောက်။ ပြီးတာပဲ။

မိဘ ... ပေးစားတာ မယူရုံနဲ့၊ အပယ်ကျ,ရလောက်အောင်၊ အ,ကုသိုလ် မကြီးလောက်ပါဘူး"

မင်းစိုးခ,က ...

"မိဘ,နဲ့ ပြန်ဆုံခါစ။

ရုတ်တရက်ကြီး၊ ငြင်းဖို့ခက်သွားတာ နေမှာပေါ့။

အသက်လည်း ... ငယ်မယ်၊ မိဘနဲ့လည်း ကြာကြာခွဲမနေခဲ့ရဘူးဆိုရင်။ ဒါလေးများ ... လို့၊ တွေးပြီး၊ မလိုက်နာဘဲ နေရင် နေမှာပေါ့။

မိဘ, အစွန့်ခံခဲ့ရတဲ့ နှစ်တွေရဲ့ စိတ်ဒဏ်ရာ၊ ရှိချင် ရှိနေဦးမှာပေါ့။ အဲဒီလိုပဲ ... တွေလိုက်ပါတော့ ကြည်လင်ရာ။

စံပလအနေနဲ့က,လည်း၊ မကြွေမြယ်အလိုကို ဆန့်ကျင်ဖို့မှ၊ မရှိတာ"

"ဟုတ်တယ်" ... ဟု၊ ဝန်ခံရသည်။ ကြည်လင်က ...



www.burmeseclassic.com

www.burmeseclassic.com



"ဒါဆို၊ ချစ်ခြင်းမေတ္တာနဲ့ ပတ်သက်ပြီး၊ မင်း ... ဘဝက၊ ပြီးဆုံးသွားပြီပေါ့"

စကားမတုံ့ပြန်ဖြစ်။

"ပြီးဆုံးရုံတွင်၊ မဟုတ်ပါဘူးကွာ။ ဘဝ ... ဆုံးသွားရတာမျိုးပါ။

ဒါပေမဲ့ ...၊ အများအကျိုးကို ဆောင်ရွက်ဖို့၊ ကုသိုလ်အလုပ်တွေလုပ်ဖို့၊ ပြီးတော့ ...၊ အနုပညာအလုပ်ကို လုပ်ဖို့။

အဲဒါတွေ ... လုပ်ဖို့အတွက်ပဲ၊ အသက်ဆက်ရှင်နေရတယ် ... လို့။ ငါ့ကိုယ်ငါ နှလုံးသွင်းထားလိုက်တယ်။

အဲဒါတွေသာ၊ လုပ်ဖို့ မရှိရင်၊ ငါ့ဘဝ ... ဆုံးသွားတာနဲ့ အတူတူပါပဲ။

တစ်စုံတစ်ရာနဲ့ ရင်ဆိုင်တိုက်ခိုက်မှ၊ မမကို ငါ့ရမယ်ဆိုရင်၊ ငါ ... ရင်ဆိုင်တိုက်ခိုက်လိုက်ချင်ပါတယ်ကွာ။

အခုဟာက ... တိုက်ပွဲမဟုတ်ဘူး။ လွှန်ဆွဲပွဲ။ ငါ ... ဆောင့်ဆွဲလိုက်ရင်း၊ မမ ... ပါလာနိုင်





ပေမယ့်၊ ငါ ... မလုပ်ရက်ဘူး။

ရင်ထဲကို၊ သူ ... မြင်ပါလျက်နဲ့၊ ထပ်ပြီး ... ရင်ခွဲမပြချင်တော့ဘူး။ သူ့အလိုကို၊ ငါ ..., ဖြည့်စွမ်းလို့ ရတဲ့အထိ၊ ဖြည့်စွမ်းပေးပါတယ်ဆိုတာ၊ သူ ... သိရင်တော်ပါပြီ။

ငါ ချစ်တာကို၊ သူ ... သိမှာပါ။ သိစေချင်သူ၊ သိသွားတာကိုပဲ၊ ငါ ... ကျေနပ်လိုက်ပါတယ်။ ပြီးတော့ ... မမနဲ့ငါ ..., ချစ်သူဇနီးအဖြစ်၊ သေတစ်ပန် သက်တစ်ဆုံး ပေါင်းဖော်ရပါလို၏ ... လို့၊ တစ်ခါမှ၊ ငါ ..., ဆုမတောင်းမိခဲ့ဘူး။

တောင်းဆုအားလုံး ကာလ,ကြာမှ၊ ပြည့်သလိုလိုရှိခဲ့ပေမယ့်၊ အဲဒီဆုတောင်းကို၊ တောင်းရ,ကောင်းမှန်း၊ ငါ ... မသိခဲ့ဘူး"

"အဲဒါမျိုးကြီး၊ တွေးမနေပါနဲ့တော့" ... ဟု၊ ကြည်လင်ပြော၏။ ပြီးမှ ...,

"မကြွေမြယ် လက်ထပ်ပွဲကို မင်း ... သွားဦးမှာလား"

"မသွားတော့ဘူးလေ။ အဲဒီနေ့၊ အဲဒီရက်၊

www.burmeseclassic.com



ငါ ... ရွာကို သွားမယ်။ အဲဒီမှာ ...၊ ပန်းချီသွားရေးမယ်"

"ငါတို့လည်း ...၊ လိုက်ခဲ့မယ်"

ကျွန်တော် ခေါင်းညိတ်လိုက်သည်။

မင်းစိုး၊ က ...

"နေခြည်သော်နဲ့ သုသုတို့ကိုလည်း အလည်ခေါ်ရင် မကောင်းဘူးလား"

"အင်း ...။ ကောင်းပါတယ်။ တစ်ခုတော့ နှုတ်ပိတ်ချင်တယ်ကွာ"

"ဘာကိုလဲ"

"လောလောဆယ်မှာ၊ ငါ့နှလုံးသားကိစ္စ ငါ့မိဘ၊တွေ၊ မသိစေချင်ဘူး"

"တစ်ချိန်ချိန်မှာ ...

မေးလာခဲ့ရင်ရော။ မင်း ... ဘယ်လိုဖြေမလဲ"

"အပြည့်အစုံ မဟုတ်တောင်၊ သူ ... အိမ်ထောင်ပြုလိုက်ပြီ ... လို့ ပေါ့ပေါ့ပါးပါး ပြောပြလိုက်ရုံပေါ့။





လောလောဆယ်တော့ ... မသိစေချင်သေးဘူး။ လောလောဆယ် မေးရင်တောင်၊ ဟန်မပျက်၊ ငါ ... မဖြေနိုင်သေးဘူး"

ရင်နင့်စွာ ခံစားရသည်။ သူငယ်ချင်းတွေနှင့်၊ ရင်ဖွင့်ပြောဆိုနေမိသည့်တိုင်၊ နှလုံးအသည်းထဲ၌ မပေါ့ပါ။ ရင်ပွင့်သွားခဲ့လျှင်ပင်၊ နှလုံးသားသည်၊ ကျွမ်းမြေ့လောင်မြိုက်နေဆဲ ဖြစ်နေပေမည်။ ကုစားရာ၊ မရှိတော့သည့် ... ဝေဒနာ။

လူအဖြစ်သည် ရခဲသည် ... ဟု၊ ဆိုကြသော်၊ ဤ ... ရခဲသည့် လူ့အဖြစ်၌၊ ခိုကပ်တွယ်ဖက်ပါလာသော ...၊ အတိတ် အ,ကုသိုလ်ကံ အဆိုး၏။ ထုထည်ကား၊ လွန်စွာ ကြီးမားလှချေမည်။

ခွဲခြေသူ မရှိဘဲ၊ ကွဲကြေခဲ့ရသည့် ...၊ ဘဝ ... ရေစွဲ အသည်း။



www.burmeseclassic.com

www.burmeseclassic.com

## (၂၅)

"မောင်လေးကို ... မမ၊ ပြောစရာရှိလို့

လာတာပါ"

ပန်းချီပြခန်းရှိရာသို့ မမကြွေမြယံ ရောက်လာ၏။ မရွှင်ပျသော်လည်း၊ ပြုံးလျက် ကျွန်တော် ကြိုသည်။

"အိမ်ကို၊ ကျွန်တော် လာမှာပေါ့ မမရယ်။

ဖုန်းဆက်ခေါ်ရောပေါ့"

"အိမ်မှာ ...၊ မပြောချင်လို့"

လုပ်ဖော်ကိုင်ဖက် သူငယ်ချင်းနှင့်လည်းကောင်း၊ ပန်းချီပြခန်းသို့ ရောက်ရှိနေကြသော၊ ပန်းချီဆရာကြီးများနှင့်လည်းကောင်း၊



www.burmeseclassic.com

www.burmeseclassic.com



မမကြွေမြယံကို၊ ကျွန်တော် မိတ်ဆက်ပေးသည်။

"ဒါ ... ကျွန်တော့်အစ်မ။ မကြွေမြယံ"

မမကြွေမြယံ၏ ပါးချိုင့်လေးကို၊ အားလုံးမြင်တွေ့သွားကြသည်။

✱

"မင်္ဂလာဆောင်ကို၊ မင်း၊ မလာချင်မှန်း မမသိတယ်။ အဲဒါကြောင့်၊ မောင်လေးသူငယ်ချင်းတွေကိုလည်း၊ မဖိတ်တော့ဘူးနော်။ မင်း၊မိဘတွေကိုလည်း ..."

"ကျွန်တော် ... အိမ်ကို၊ အသိမပေးထားသေးဘူး ... မမ"

"ဪ"

"မမ ပြောစရာရှိတာ ပြောလေ"

"မမ ... အရမ်း စိုးရိမ်နေတာ တစ်ခုရှိတယ်"





"ဘာများလဲ ... မမ"

"မင်း ... စိတ်၊ အရမ်းထိခိုက်ပြီး ဘဝကို၊ နစ်မွန်းအောင်၊ နေလိုက်မိမှာကိုပါ"

"ကျွန်တော် ... ထိန်းနိုင်မှာပါ ... မမ"

"လူ့ဘဝမှာ၊ တစ်ယောက်နဲ့တစ်ယောက်၊ အကြောင်းအမျိုးမျိုးကြောင့်၊ မပတ်သက်ရတော့ဘူးဆိုတာတွေ၊ ရှိကြတယ်။

ချစ်လျက်နဲ့ လမ်းခွဲရတာတို့၊ မုန်းပြီး နာပြီး၊ လမ်းခွဲကြတာတို့၊ ရှိကြတာပေါ့။

အဲဒီလို၊ တစ်ယောက်နဲ့တစ်ယောက် ခွဲကြရပြီး၊ နောက်ပိုင်းမှာ၊ တချို့က၊ တစ်ယောက်သတင်းကိုတောင်၊ တစ်ယောက်က၊ မကြားချင်တော့တာမျိုး။

မမတို့နှစ်ယောက်က၊ အဲဒါမျိုးတွေနဲ့၊ ကင်းလွတ်ပါတယ်နော်"

ကျွန်တော် ခေါင်းညိတ်၏။

"မပတ်သက်တော့ရင်တောင်၊ သတင်း တစ်ခုခု ကြားရရင်၊ ကောင်းသတင်းပဲ၊ ကြားပါရစေ မောင်လေးရယ်။



www.burmeseclassic.com

www.burmeseclassic.com



ဆုတ်ယုတ်သွားတာမျိုး၊ ကျရှုံးသွားတာမျိုး

မမ . . . မကြားချင်ဘူး။

တိုးတက်သွားတာ၊ ငြိမ်းချမ်းနေတာမျိုးပဲ မမ

. . . ကြားပါရစေ"

ငိုလေသည်။

"စိတ်ချပါ . . . မမရယ်။ တစ်ဦးတစ်ယော

တည်းကို ပေးဆပ်လို့ မရတော့တဲ့ . . .၊ စိတ်,အား

ကို၊ ကိုယ့်နိုင်ငံ, ကိုယ့်လူမျိုး, ကိုယ့်ဘာသာ, သာ

သနာပေါ်မှာ စုပုံပြီး ပေးဆပ်လိုက်မှာပေါ့။

အသက်ရှင်နေတာ၊ ဘာအတွက်ပါ . . .

တဲ့၊ ပေးဆပ်စရာတွေ ရှိနေသမျှ ကျွန်တော် . . .

စကားသံ တိမ်ဝင်သည်။ ပြီးမှ . . .

"ကျွန်တော့်ဘဝ၊ မဆုံးရှုံးစေရပါဘူး မမ

ကျွန်တော် ကတိပေးပါတယ်။ စိတ်ချပါ"

ပခုံးစွန်း၌၊ မျက်ရည်များ စိမ့်ဝင်သည်။

"မမ . . . စိတ်ချပါတယ် မောင်လေးရယ်

မောင်လေးက, သိပ်လိမ္မာတာပဲ"

ပခုံးစွန်းမှ၊ ခွာလျက်၊ မျက်ရည်များကို ဖယ်သုတ်ပြီး . . .





"မမကို၊ မင်း . . . နားလည်ပါတယ်နော်"

"နားလည်ပါတယ် . . . မမ"

"စိတ်ညစ်လို့ သောက်တာ . . . စားတာမျိုး

တော်၊ မလုပ်စေချင်ဘူး မောင်လေးရယ်"

"မလုပ်ပါဘူး . . . မမ။ နှလုံးသားထဲမှာ ရှိ

နေတဲ့ အစိုင်အခဲကို၊ ဘယ် . . . အ,ကုသိုလ် ပစ္စည်း

နဲ့မှ၊ ကျွန်တော် မငြိမ်းသတ်ပါဘူး။

မမ ပေးခဲ့သမျှ၊ အရာရာတိုင်းကို၊ အဲဒီ့အ

တိုင်း၊ ကျွန်တော် သိမ်းထားမှာပါ။

သတင်းတစ်ခု ကြားတိုင်း၊ ကြည်နူးစရာ . . .

သတင်းမျိုး၊ ဖြစ်စေရပ့်မယ် . . . မမ။ စိတ်မပူပါနဲ့၊

စိတ်ချပါ"

ကျွန်တော့်ပါးပြင်ကို၊ လက်ချောင်းသွယ်လေးများဖြင့်၊ ကိုင်

တွယ်သည်။ မျက်ရည်တွေ ဝေ့တက်လာပြန်၏။ ဖယ်သုတ်မပေးမိ။

"ကျွန်တော် ခရီးသွားတယ် . . . လို့၊ မမ

ဖေဖေနဲ့ မေမေကို၊ ပြောပေးနော်"

ခေါင်းညိတ်သည်။

နှုတ်ခမ်းနှစ်လွှာကို၊ ဖိကပ်ကာ၊ မျက်လုံးတွေကို၊ မှိတ်၏။



www.burmeseclassic.com

www.burmeseclassic.com



ပါးချိုင့်လေးတစ်စုံက၊ မပြုံးမရယ်ပါဘဲလျက်၊ ပြုံးရယ်နေစဉ်ကကဲ့သို့ ထင်းခနဲ ပေါ်လွင်လေသည်။

နောက်ဆုံးပေးသော လက်ဆောင်တစ်စုံဟု၊ ကြည့်မြင်မှတ်ပိုက်၏။

အသည်းနှလုံး ဟူသည်ကား၊ ၎င်း၊ စွဲမှတ်ချင်သော ... အရာများစွာကို၊ ဘယ်သောအခါမျှ မမေ့မပျောက်အောင်၊ ဖမ်းယူပုံဖော်နိုင်သည့်၊ ဘဝရင်ခွင်၏ ပုံဖမ်းကားချပ်။

သေလွန်သည့်တိုင်၊ မေ့ဖျောက်နိုင်ဖို့ ခက်လွန်းသည်။



(၂၆)

"ဒါ ... ဘာပုံကြီးလဲ"

ပန်းချီကားထဲရှိ သစ်ပင် ငုတ်တိုကြီးကိုလည်းကောင်း၊ ရှေ့ဘူရှိ သစ်ပင်ငုတ်တိုကြီးကိုလည်းကောင်း၊ အားလုံး ဝိုင်းကြည့်နေရင်းမှ၊ သုသု မေး၏။

"လက်ပံပင်လေ"

"ဟွန့်၊ ဘယ်မှာလဲ ... လက်ပံပင်။ ခုတ်လှဲထားပြီးသား၊ သစ်ပင်ငုတ်တိုကြီး"

ကျွန်တော်က၊ ပန်းချီကားတွင်သာ၊ မျက်နှာမူပြီး ...

"အခုတော့ ...၊ သစ်ပင်ငုတ်တိုကြီးပေါ့။

www.burmeseclassic.com



ဟိုး . . . တုန်းက၊ ဒါ . . . လက်ပံပင်"

"ပင်စည်လည်း မရှိ၊ အကိုင်းအခက်,အရွက်,

အပွင့်လည်း မရှိ။

ဘာဖြစ်လို့ နှင် ဆွဲနေတာလဲ"

သူသူကို၊ ကျွန်တော် ပြုံးလျက် ကြည့်လိုက်သည်။ ထို့နောက်, အနားရှိသူ အားလုံးကို၊ ဝေ့ခနဲ ကြည့်လိုက်ပြီးမှ . . .

"ဘဝကို၊ ရေးဆွဲတဲ့အခါမှာ . . . ပင်စည်, အကိုင်း, အခက်, အရွက်, အပွင့်တွေ၊ ဝေဆာနေတာမျိုး ရှိသလို၊

ဘာမှ မရှိတော့တဲ့ သစ်ငုတ်တိုလို . . . ဘဝမျိုးတွေလည်း၊ ရှိတတ်တယ်လေဟာ။

တစ်ခါတစ်ရံ၊ အရှိကို အရှိအတိုင်း ရေးဆွဲရတာပါပဲ။

သစ်ငုတ်တိုကြီး ဖြစ်သွားရင်တောင်၊ မောတဲ့ ဖန်းတဲ့သူတွေ၊ ခဏထိုင်ဖို့ ရပါတယ်။ ထင်း . . . လိုတဲ့ သူတွေလည်း၊ ထင်းအဖြစ်၊ လာ . . . ဖွဲ့ယူလို့ ရပါသေးတယ်"

"ဒီ . . . ပန်းချီကား နာမည်ကို၊ နှင် . . .





ဘယ်လိုပေးထားလို့လဲ"

"L-I-F-E လိုက် (ဖ) . . . ဘဝ"

ကြည်လင်နှင့်မင်းစိုး,တို့ ဘာမှ ဝင်မပြောကြ။ နေခြည်သော်က၊ ကျွန်တော့်ကို ငေးကြည့်နေသည်။ သူသူ မျက်ရည်ဝဲ၏။

ပန်းချီကားရှိရာသို့ ကျွန်တော် မျက်နှာပြန်မူသည်။ "ဘဝ" . . . ပန်းချီကားပေါ်သို့ နောက်ထပ်တစ်ဖန်၊ လိုအပ်မည့် ဆေးရောင်ကို၊ ဖွဖွစွာ တင်လိုက်၏။

သစ်ငုတ်တိုကြီး၏ အရောင်အဆင်း မလှပသော်လည်း ဘဝ ၏သဏ္ဍာန်၊ ပို၍ ပေါ်လွင်လာလေသည်။

ကြွေခြင်း မရှိ၊ ဝေခြင်း မရှိ၊ ပွင့်ဖူးခြင်း မရှိ၊

ပကာတိ . . . သက်ငြိမ် . . .။ ။

လေးစားခင်မင်လျက်

မောင်လှမျိုး (ချင်းချောင်းခြံ)
2010-July-14
3:12 (a.m)
[mhm.ccc@gmail.com]



www.burmeseclassic.com